
www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# လှိုင်းလေပေါ်

ရွှေမင်းသမီးအမေ
ကျွန်တော့်ယောက္ခမ



DESIGN THEIN SHWE KYI

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၂၄၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၇၈၀၈၁၁

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြံသော့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြံသော့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊
နိုဝင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095162031

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တန်ခူးလေပြေ
ရွှေမင်းသမီးအမေ ကျွန်တော့်ယောက္ခမ/ တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ရွှေမင်းသမီးအမေ ကျွန်တော့်ယောက္ခမ


BURMESE CLASSIC .com

## အခန်း(၁)

ရန်ကုန်မြို့လယ် ရှုခင်းသည် ရုပ်ထွေးဆူညံခြင်း မရှိသေး။ မနက်ရှစ်နာရီပင် မထိုးတတ်သေးသဖြင့် ငွေရေးကြေးရေး မပူပင်ရသူများတော့ အိပ်ကောင်းဆဲ ကွေးကောင်းဆဲ ဖိမ်ယစ်၍ ကောင်းဆဲပင် ဖြစ်ပေလိမ့်မည်။

မြို့လယ်ခေါင် ရပ်ရှင်ရုံတစ်ဝိုက်ရှိ ၃၅လမ်းနှင့် ၃၆လမ်းမှာတော့ ဆူဆူညံညံ စီစီဝေဝေ ဖြစ်နေပြီဖြစ်သည်။ အိမ်ဖော်၊ ခြံစောင့် ဒရိုင်ဘာလုပ်ချင်သူ ဝေလေလေလုပ်ချင်သူ၊ အထိုးခံချင်သူများ ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည်။ ဒီလိုအချိန်မှာ မျက်နှာအပွင့်ဆုံးလူကတော့ ရှုတင်မန်နေဂျာများသာ။

သူတို့လက်ထဲမှာ ရိုက်ကူးမည့် ဗီဒီယိုဇာတ်ကားများအတွက် လိုအပ်သော လူစာရင်းရှိနေသည်။ မင်းသား၊ မင်းသမီးနှင့် မိန်းဆပို့တ်တင်းနံများကတော့ ရှိပြီးသား။ အရေးမကြီးသော ဇာတ်ရုံများ၊ ဒေးလီးလူကြမ်းများ၊ ဖြတ်လျှောက်များကိုတော့ လက်သင့်ရာခေါ်သွားတတ်သဖြင့် မန်နေဂျာမြင်အောင် လူလုံးပြရသည်မှာလည်း အမော။

ဒီအချိန်မှာ မန်နေဂျာ၏ ခေါင်းတစ်ချက်အညိတ်၊ လက်ညှိုးတစ်ချက်အကွေးကိုသာ မျက်ခြေမပြတ် ကြည့်နေကြရသည်။ ရှုတင်ကားကြီးများပေါ်သို့ စက်အဖွဲ့သားများက ကင်မရာပုံး၊ မီးဖန်း၊ [illegible]တာနှင့် လျှပ်စစ်ပစ္စည်းသေတ္တာများကို တင်နေကြ၏။ သူတို့ကား သေ

www.burmeseclassic.com



ချာပြီးသား လူများမို့ လက်တို့ကာ ဒါရိုက်တာ ဘယ်သူလဲ၊ မန်နေဂျာ ဘယ်သူလဲ၊ ရှုတင်ဘယ်မှာလဲ စသည်ဖြင့် စုံစမ်းရသည်။

ကိုယ်နှင့် အဆင်ပြေသည့် ဒါရိုက်တာ၊ မန်နေဂျာများဖြစ်နေလျှင် အသေကပ်ပြီး ကိုယ့်ကို ခေါ်သုံးဖို့အရေး ဖော်လံဖားရသေးသည်။ စတီးတို့ ရာဂျားတို့ဆို သရုပ်ဆောင်တွေ ဝိုင်းနေတတ်၏။ အလုပ်လုပ်ရတာ စိတ်ချမ်းသာသည်ကိုး။ ဒီလိုနှင့် ရှစ်နာရီကျော်ကျော် လောက် ရှုတင်ကားတွေ စထွက်သည့် အချိန်ထိ ကိုယ့်ကို မခေါ်လျှင်တော့ ဒီနေ့ အလုပ်မရတော့သည့် သဘောပင် ဖြစ်သည်။ စားစရိတ် လမ်းစရိတ်ကုန်ပြီး လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ငုပ်တုပ်ထိုင်ပေရော့။ တခြားရှုတင်များမှ လိုအပ်မှ လှမ်းခေါ်မည့် ဖုန်းကိုသာ မျှော်လင့်ခွင့် ရှိတော့၏။

ဗီဒီယို ရုပ်ရှင်သရုပ်ဆောင်လောကတွင် ဒေါ်ထားအဖွဲ့၊ အက်စတာအဖွဲ့၊ ရဲဦးမြည္ဟန့်အဖွဲ့၊ သံလျှင်မကြိုအဖွဲ့ ဟူ၍ သရုပ်ဆောင်အေးဂျင့်များလည်း ရှိ၏။ ထိုအဖွဲ့သားများကတော့ ၃၅လမ်းသို့ မလာတတ်ကြ။ ဖုန်းနှင့်သာ အလုပ်လုပ်ကြပြီး ရှုတင်ကားနှင့် သွားခေါ်ရသည်။

အမြဲလို လမ်းထဲမှာတွေ့ရတတ်သည်က ကိုလူချောများ၊ တစ်ကိုယ်တော်သရုပ်ဆောင်များနှင့် လူရွှင်တော်ပေါက်စများသာ ဖြစ်၏။

မြို့ထဲသို့ မင်းနန္ဒရောက်တော့ ခုနစ်နာရီခွဲလောက်သာ ရှိသေးသည်။ သူ မနက်ငါးနာရီကမှ အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ ရောက်ပြီး အဆောင်ပြန်၍ အထုပ်အပိုးများထားကာ ရေမိုးချိုးပြီး ထွက်လာခဲ့ခြင်း ဖြစ်၏။ သူ ပုပ္ပားတွင် ဗီဒီယိုသုံးကားရိုက်ပြီး ပြန်လာခဲ့ခြင်းလည်း ဖြစ်သည်။

ဟိုမှာရှိစဉ်ကတည်းက တိုးလွင်ငြိမ်း(နတ်မောက်)နှင့်အဆက်အသွယ်လုပ်ခဲ့ပြီးသား၊ မျက်ခြယ်မှ ရိုက်မည့် ဗီဒီယိုကားအတွက်





သူ့ကို ရက်ချိတ်ခဲ့အည်။ ဒီနေ့ကျမှ သူ့ဖုန်းက ခေါ်မရ၊ စက်ပိတ်ထားသည်လား၊ ဖုန်းကတ်ကုန်သွားသလား မဆိုနိုင်၊ ဖုန်းနှင့် ပြီးရမည့်ကိစ္စက မပြီးဘဲ ကိုယ်တိုင်ရောက်လာရခြင်း ဖြစ်သည်။

၃၆လမ်းထဲရောက်တော့ မျက်ခြယ်တိုက်ရှေ့ ရပ်ထားသည့် ရှုတင်ကားအနီးတွင် တိုးလွင်ငြိမ်းကို အဆင်သင့်တွေ့၏။

'ဟေ့လူ… ဘယ်လိုလဲ၊ ကားရိုက်စပြီလား ကျွန်တော့်နေရာက ကွန်ဖန်းပဲမို့လား'

'ဟ… ကိုယ့်လူ မနက်က ပြန်ရောက်တာလား'

'ဟုတ်တယ်လေ ဖုန်းခေါ်တာ ခေါ်လို့မရတာနဲ့'

'အေးဗျာ… ဖုန်းကတ်ကုန်သွားတာ၊ ဝယ်ပြီးသားလည်း မရှိတာနဲ့ ခင်ဗျားနေရာက ကွန်ဖန်းပါ၊ ဒါပေမဲ့ ဒီနေ့ မပါဘူး၊ မနက်ဖြန်စဝင်'

'အိုကေဗျာ… ဝမ်းသာလိုက်တာ အိပ်ရေးပျက်လာတာနဲ့ အတော်ပဲ ဒါနဲ့ မနက်ဖြန် ဘယ်မှာလဲ'

'သံလျင်မှာပဲလေ'

'ဟုတ်ပြီ၊ ဒါဆို လိမ့်မယ်၊ လိုကေးရှင်းပြောင်းရင် ဖုန်းဆက်ဒါနဲ့ ကန်လား ဒေးလား'

'ကန်ထရိုက်ပေါ့၊ အားလုံးဆယ့်နှစ်ဆင်းနဲ့ ပါတယ်လေ'

'တော်သေးတာပေါ့၊ ရန်ကုန်မြေ နင်းနင်းချင်း ဈေးဦးပေါက်ပေလို့'

'ဓာတာတက်နေတယ်ပေါ့ ဟုတ်လား၊ ကဲပါ… မနက်ဖြန်ကိုးနာရီနဲ့ ကိုးနာရီခွဲကြား ထုံးစံအတိုင်းစောင့် ဝင်ခေါ်မယ်'

'အိုကေ… ဘယ်ခေတ်လဲ၊ ဘာအဝတ်အစားလဲ'

'ဒီနေ့ခေတ်ပဲ ဖန်စီလေးတွေ ထည့်ခဲ့'

'စိတ်ချ သွားပြီဗျို့'

အလုပ်အတွက် သေချာသွားပြီဆိုတော့ မင်းနန္ဒ အိပ်ချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပင် ပျောက်သွားခဲ့သည်။ သို့နှင့် ၃၅လမ်းဘက် ပတ်ပြီး ကော်ဖီတစ်ခွက်သောက်ရင်း တွေ့သည့်လူနှင့် လေကန်ရန်ထွက်လာခဲ့၏။

အလယ်ဆိုင်တွင် ဝင်းလှိုင်ကိုတွေ့၍ သူ့ဝိုင်းမှာပဲ ဝင်ထိုင်လိုက်သည်။ ကော်ဖီမစ် တစ်ခွက်မှာရင်း…

'ဘယ်လိုလဲ ရှူတင်မရှိဘူးလား ဝင်းလှိုင်'

'ဟား… လက်ကုန်ပဲဟေ့၊ မိုးခေါင်နေတာ တစ်လပြည့်တော့မယ်၊ ကျန့်ဖြတ်တွေချည်း ရိုက်နေရတာ လူလည်း အီစလံဝေနေပြီ၊ ခေါ်တော့ ခေါ်ပါတယ်၊ ပြင်ဦးလွင်ကို တစ်ကားတည်းတဲ့ စရိတ်တောင်ကာမိမှာ မဟုတ်လို့ မလိုက်တော့ဘူး၊ ကိုယ်က လက်ကြီးတယ်သိတယ် မဟုတ်လား'

'စရိတ်ငြိမ်းလိုက်ရတာပဲဗျာ၊ ဘာဖြစ်လဲ မသုံးပဲနေပေါ့'

'မရဘူးကွ၊ ပြင်ဦးလွင်ရောက်ရင် အလိုလိုလန်းပြီး လျှမ်းချင်လာရော'

'ဖလန်း ဖလန်းကို ထနေတာပေါ့'

'အေးကွ လက်ကုန်ကို ဖလန်းချင်တော့တာ'

ဘာပြောပြော လက်ကုန်ပဲ ထည့်ပြောတတ်သည့် ဘိတ်သားဝင်းလှိုင်နှင့် စကားပြောရတာ အားပါးတရ ရှိလှန်းလှ၏။

'မင်းကော အိုကေရဲ့လား'

'အင်း စနေဂြိုဟ် အညှံ့ထဲက ထွက်ပြီး မကာရဂြိုဟ်အဝင်လဂ်နဲ့ အုင်္ဂက…'

'ဟေ့ကောင်… လူလိုပြော ဗီဒီယိုထဲက ဒိုင်ယာလော့ဂ်တွေလာရွတ်ပြမနေနဲ့'

'လူလိုပြောရရင် မဆိုးဘူး အဆင်ပြေတယ်၊ ပုပ္ပားမှာ သုံးကားရိုက်ပြီး ဒီနေ့မနက် ပြန်လာတာ မနက်ဖြန် မျက်ခြယ်နဲ့ စမယ်'

'ဟား… ဟုတ်လှချည်လား၊ ကံထမ်းလာတာ မမြင်ရဘူး၊ လှန်ပြတာမြင်ရတယ် ဆိုသလို ဖြစ်နေပါလား'





'လုပ်ချလိုက်ပြန်ပြီ ဒီလူ'

'ဒါနဲ့ မယဉ်ကြည်ရဲ့ သမီးလေးနဲ့ကော အိုကေနေပြီလား နန္ဒ'

'ဟာ… ဝင်းလှိုင် နေ့ပြော နောက်ကြည့်နော်'

မင်းနန္ဒ အပြောကြောင့် ဝင်းလှိုင် အလန့်တကြားနှင့် နောက်သို့ လှည့်ကြည့်၏။

'ဟား… ဟား… ဟား ဒါကျတော့လည်း ကြောက်တတ်သလား'

'ဟဲ… ဟဲ ရုတ်တရက်မို့ပါကွာ'

မယဉ်ကြည်ဆိုတာက သာကေတမှ 'ရွှေ' ထမင်းဆိုင်ပိုင်ရှင်ဖြစ်၏။ သူ့သမီး ကြည်ဝင်းဖန့်လေးက မင်းသမီးဖြစ်လောက်အောင် လှ၏။ မယဉ်ကြည်တို့က ရှူတင်ထမင်းကို ပို၍ အဓိကထားသည်။ လက်ရာကလည်းကောင်း ဟင်းအဆန်းအပြားလေးများလည်း ရတတ်သဖြင့် ရှူတင်တော်တော်များများက မယဉ်ကြည်၏ ရွှေထမင်းကို လိုလိုလားလား မှာယူတတ်ကြ၏။

တစ်ရက်လျှင် ရှူတင်အဖွဲ့သုံးဖွဲ့ကို တာဝန်ယူသည်။ ရှူတင်တစ်ဖွဲ့ အနည်းဆုံး လူသုံးဆယ်လောက် ရှိတတ်သည်မို့ လူကိုးဆယ်စာက ကိုန်းသေနေ၏။ တစ်ယောက်ထောင့်ငါးရာနှင့်ပင် တွက်ဦး၊ တစ်သိန်းသုံးသောင်းငါးထောင် ဖြစ်နေပြီ။ အိမ်ဆိုင်မှာ ရောင်းရတာမပါသေး။ ဒါက ဗီဒီယိုကားများအတွက် တစ်ခါတစ်ရံ ရုပ်ရှင်အဖွဲ့သို့ ထမင်းလိုက်ကျွေးရလျှင် လူတစ်ရာစာက တစ်နေရာထဲမှာပင် အိုကေသွားတတ်၏။ ရုပ်ရှင်ကင်မရာအဖွဲ့က ဗီဒီယိုကင်မရာအဖွဲ့ထက် လူပိုများ၏။ အသံဖမ်း အင်ဂျင်နီယာ၊ မီးအလင်းအမှောင်အဖွဲ့၊ ထရော်လီကရိန်း စသည်ဖြင့် အင်ပြည့်အားပြည့် သုံးတတ်ကြသည်မို့ လူများသည်။

တို့ရှူတင်ထမင်းသည် မယဉ်ကြည်၏ သမီး ကြည်ဝင်းဖန့်နှင့်

www.burmeseclassic.com



မင်းနန္ဒက ဘာလိုလို၊ နန္ဒက စိတ်ဝင်စားတာ မှန်သော်လည်း မရေမရာ အနုပညာသမားဘဝမို့ မိန်းမယူဖို့ မဝံ့မရဲဖြစ်နေ၍ ရည်းစားပင် မထားရဲ။

ကြည်ဝင်းဖန့်ကလည်း မင်းနန္ဒကို အရေးပေးသဖြင့် ရပ်ရှင်လောကသားအားလုံးက ဝိုင်းဝန်းမြှောက်ပေးကာ ချွန်တွန်းလုပ်နေကြခြင်း ဖြစ်၏။ ပြောရင်းဆိုရင်း နန္ဒ၊ ကြည်ဝင်းဖန့်ကို သတိရပြီး တွေ့ချင်လာသည်နှင့် ကော်ဖီဖိုးရှင်းကာ ဝင်းလိုင်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

အဆောင်ပြန်ရောက်တော့ နဂါးမောက်သီးသုံးလုံးနှင့် စကားဝါပန်း တစ်ပုလင်းကို ယူ၍ ရွှေထမင်းဆိုင်သို့ ဦးတည်ထွက်လာ၏။ ဆယ်နာရီ မထိုးသေးသဖြင့် ထမင်းဟင်းချက်တုန်းပင် ရှိမည်မှာ သေချာသည်။ အားလုံးကို တွေ့ရအောင် တက္ကစီငှားစီးလာခဲ့၏။ ထမင်းဆိုင်ရောက်တော့ မယဉ်ကြည်၏ ခင်ပွန်း ဦးအောင်ခန့်က…

'ဟား… မင်းသား ပျောက်ချက်သား ကောင်းလှချည်လား'

'ဟုတ်တယ် အန်ကယ်၊ ပုပ္ပားမှာ တစ်လလောက် ကြာခဲ့တာလေ၊ အန်တီကော ရှိတယ် မဟုတ်လား'

'ရှိပါ့ ချက်တုန်း ပြုတ်တုန်း'

'အားလုံးနေကောင်းကြတယ်နော်'

'ကောင်းပါ့၊ မင်းအန်တီ ထွက်လာနိုင်မှာ မဟုတ်ဘူး ဝင်သာသွား'

'ဟုတ်ကဲ့'

ရင်းနှီးပြီးသား ဝင်နေထွက်နေကျမို့ နန္ဒ နောက်ဖေးအထိ တောက်လျှောက် ဝင်သွားလိုက်၏။ အန်တီက မီးဖိုသုံးလုံးနှင့် ရှာစားကျော်လို ဟင်းအိုးတွေ ဗုံစီထားရင်း အလုပ်ရှုပ်နေသည်။ ကူဖော်လောင်ဖက် မိန်းမလေးယောက်လည်း ထုကြ၊ ထောင်းကြ၊ ခုတ်ကြ ထစ်ကြနှင့် ရှုပ်ယှက်ခတ်နေသလို အခန်းထဲမှာ ညှော်နံ့ကလည်းလှိုင်နေ၏။





'ဘယ်လိုလဲ သူဌေးမကြီး လောဘတွေ တက်နေတာလား'

နန္ဒအသံကြောင့် အန်တီ မယဉ်ကြည် လှည့်ကြည့်၏။

'ဟယ်… နန္ဒ၊ ကောင်လေး နှင်ပေါ်လာသေးတယ်နော်၊ ကိုဇော်တို့အဖွဲ့ကတော့ ပြောသား၊ ပုပ္ပားမှာ တွေ့ခဲ့တယ်တဲ့၊ ပြောစမ်းငါ့ဖို့ ဘာပါလဲ'

'ပါပါတယ် အန်တီရယ်၊ နဂါးမောက်သီးလေ'

'ဟုတ်လား အတော်ပဲ ဆေးဖော်ရမယ်'

နန္ဒလှမ်းပေးသော ကြွပ်ကြွပ်အိတ်နှင့် လက်ဆောင်ကို ယူရင်း အန်တီက တရင်းတနှီးပြော၏။

'ကြည်ဝင်းဖန့်ကော အန်တီ'

'ရေချိုး အလှပြင်နေပြီလေ၊ တော်ကြာ ရှုတင်ကားလာတော့မယ့်ဟာ'

'အမလေးတော် ပြောချက်က သူ့သမီးကို ရုပ်ရှင်မင်းသမီးကျနေတာပဲ'

အန်တီ့စကားကို ဝိုင်းကူလုပ်နေသော မိန်းမကြီးတစ်ယောက်က ဝင်နှောက်လိုက်သဖြင့် အားလုံးပွဲကျသွား၏။

'ဟဲ့… ကောင်မတွေ ငါက ရိုးရိုးပဲပြောတာ ငါ့သမီးထမင်းသွားရောင်းတော့မယ်လို့ အဲဒါကို ဘာ အထအနကောက်နေတာလဲ'

အန်တီ ဒေါ်ပွပွနှင့် ပြန်တုတ်လိုက်တော့မှ အားလုံးငြိမ်ကုတ်သွားသည်။ အခြေအနေကို ဝင်ထိန်းလိုဟန်နှင့် အခြားအမျိုးသမီးတစ်ယောက်က…

'ကိုနန္ဒကြီးတို့ ပုပ္ပားမှာ ဘာကားတွေ သွားရိုက်ကြတာတုန်း'

'အဟင်း… နယ်ကို သွားရိုက်တော့လည်း ထုံးစံအတိုင်း တောကားပေါ့ဗျာ'

'ဟုတ်လား… မင်းသမီးတွေ ဘယ်နှစ်ယောက်တောင်ပါလဲ'

'မေကဗျာရယ်၊ လှအဥ္စလီတင့်ရယ်'



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ စားရသောက်ရတာကော အဆင်ပြေရဲ့လား'

'ဘယ်ပြေမှာတုန်း ဝေါချက်ပဲ လွေးခဲ့ရတာ အခု အန်တီ့ လက်ရာကို လွမ်းလို့ မဖြစ်မနေပြန်လာတာ'

'နန္ဒရယ် ကိုယ့်ဟာကိုယ် အလုပ်ပြီးလို့ ပြန်လာမှ အလွမ်းသယ် မနေပါနဲ့'

'ဟဲ… ဟဲ မှန်တာပြော မင်းသမီးနဲ့ ညားရပါစေဗျာ'

နန္ဒ 'ရွှေထမင်း' အဖွဲ့နှင့် စကားတွေ အုန်းအုန်းထ ပွဲကျနေစဉ် အိမ်အပေါ်ထပ်မှ ကြည်ဝင်းဖန့် ဖီးလိမ်းပြင်ဆင်ပြီး ဆင်းလာ၏။ ရိုးရိုးယဉ်ယဉ်လှနေသော ကြည်ဝင်းဖန့်ကို အလွမ်းပြေတွေ့လိုက်ရ၍ နန္ဒရင်ထဲချမ်းမြေ့သွားသည်။

'ဟယ်… ကိုနန္ဒ၊ ဘယ်တုန်းက ပြန်ရောက်နေတာလဲ'

'မနက်ကပဲ ဝင်းဖန့်ရေ'

'ဟုတ်လား၊ လာ… အိမ်ရှေ့သွားရအောင် ဒီမှာက ညှော်တယ်'

ဝင်းဖန့် ဖိတ်ခေါ်မှုနှင့် နန္ဒအိမ်ရှေ့သို့ ပြန်လိုက်သွားရပြန်သည်။ နန္ဒတို့နောက်သို့ အန်တီ့အသံကြီး ပြေးလိုက်လာသည်။

'သမီး… ယူသွားရမယ့် ရေခဲရေဗူးတွေ ထုတ်ထားလိုက်ဦးနော်'

'ဟုတ်ကဲ့ အမေ'

အိမ်ရှေ့တွင် ဦးအောင်ခန့်ကို မတွေ့ရ၊ ထုံးစံအတိုင်း ဂျာနယ်အရောင်းဆိုင်သို့ သွားကာ မဝယ်ဘဲ ထွက်သမျှ ဂျာနယ်အကုန် မြည်းစမ်းနေပြီ ထင်၏။ ဝင်းဖန့် ရေခဲရေဘူးများ ထုတ်နေစဉ် နန္ဒ စားပွဲလွတ်တစ်နေရာတွင် ဝင်ထိုင်လိုက်သည်။ အလုပ်ပြီးသွားသည့် ဝင်းဖန့် နန္ဒနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်၏။

'ဘာလက်ဆောင်ပါလာသလဲ ကိုနန္ဒ'

'ပါပါတယ် အန်တီမှာတဲ့ နဂါးမောက်သီးနဲ့ ဝင်းဖန့်လိုချင်တဲ့ စကားဝါပန်းတစ်ပုလင်း ပါတယ်လေ'





'ဟုတ်လား… ဒါဆိုရင် အပြစ်မတင်တော့ပါဘူး၊ ကျေးဇူးပဲ'

'ဝင်းဖန့်… တိုးလွင်ငြိမ်းတို့ ထမင်းမှာထားသေးလား'

'မှာထားတယ်လေ'

'ကိုယ်တို့ ရှုတင်ကို ဝင်းဖန့်လိုက်မှာလား'

'ဒါတော့ အမေစီစဉ်တဲ့အတိုင်းပဲ၊ ဘယ်အဆိုင်းနဲ့ ပါမလဲ မသိဘူး'

'တခြားရှုတင်ကားတွေလာရင် အိမ်သာထဲဝင်နေ ကိုကျော်မိုးကားလာမှ တက်ထိုင်နေပေါ့'

'ဟင်း… ဟင်း… ဟင်း'

'မနက်ဖြန်က စပြီး မျက်ခြယ်အဖွဲ့နဲ့ ကိုယ်ရှိနေမှာလေ'

'အင်း… အဆင်ပြေတော့လည်း လိုက်လာမှာပေါ့'

'အဆင်ပြေအောင်လုပ်ပေါ့၊ မတွေ့တာကြာပြီ။ အေးအေးဆေးဆေး စကားပြောကြမယ်လေ'

'အင်း… ပါ'

ထိုအခိုက် ဆိုင်ရှေ့သို့ ရှုတင်ကားတစ်စီး ထိုးဆိုက်လာ၏။ မောင်းလာသူက ကိုကျော်မိုးမဟုတ်။ တခြားရှုတင့်မှုပဲ ဖြစ်မည်။ အန်တီ၊ ဝင်းဖန့်နှင့် အမျိုးသမီးနှစ်ယောက် အလုပ်တွေရှုပ်သွားသည်။ ထမင်းအိုး၊ ဟင်းအိုးများ ကားပေါ်သယ်နေကြသဖြင့် နန္ဒလည်း ဝိုင်းကူသယ်ပေးလိုက်၏။

အန်တီက ထိုအဖွဲ့သို့ ခွေနီးမျိုးစပ်တစ်ယောက်နှင့် အကူအမျိုးသမီးတစ်ယောက် ထည့်ပေးလိုက်သည်။ ထိုကား ထွက်သွားတော့မှ…

'နန္ဒ… မင်းကို အန်တီတိုင်ပင်စရာ ရှိသေးတယ်'

'ပြော… အန်တီ'

'ဒီလိုကွဲ့ မင်းညီမ သရုပ်ဆောင် လုပ်တော့မယ်တဲ့'

'ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် နန္ဒ၊ အဲဒီကိစ္စ မင်းကို အရင်အသိပေးတာ မင်းတတ်နိုင်သလောက် ကူညီပေးဦး'

'ဟာ… ဒီလို ဆုံးဖြတ်တယ်ဆိုရင် ကူညီရမှာပေါ့၊ ဝင်းဖန့်က ရုပ်က ရှိပြီးသား အားလုံးကလည်း သရုပ်ဆောင်ဖို့ တိုက်တွန်းနေကြတဲ့ဟာ နောက်တောင်ကျနေပြီ'

'အေး… သူကြိတ်ပြီး လေ့ကျင့်နေတာ၊ အခုတော့ သူကိုယ်သူ ယုံကြည်မှု ရှိသွားပြီတဲ့၊ ပြီးတော့ ကျောင်းလည်း ပြီးသွားပြီလေ'

'ဟုတ်လား ဝင်းဖန့်'

'ဟုတ်ကဲ့ ကိုနန္ဒ၊ ဝင်းဖန့် လုပ်နိုင်မယ် ထင်ပါတယ်'

'ဒါဆိုလုပ် ကိုယ်အားပေးတယ်၊ အစိမ်းသက်သက်မှ မဟုတ်ဘဲဟာ၊ ရှုတင်ပေါင်းစုံ မြင်တွေ့နေရတာပဲ၊ ပြီးတော့ ဒါရိုက်တာတွေအားလုံးနဲ့လည်း ရင်းနှီးပြီးသားလေ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ထမင်းသည် အဖြစ်နဲ့ ရင်းနှီးတာလေ၊ တကယ် သရုပ်ဆောင်လုပ်မယ်ဆိုရင် သဘောထားတွေကဲ ပြောင်းသွားကြဦးမှာ'

အန်တီပြောတာလည်း မှန်၏။ လူတပတ မိန်းကလေးတစ်ယောက်ဆို ဒီလောကသားတွေက ထိပ်ပုတ် ခေါင်းပုတ်နှင့် ပရောပရီ လုပ်ကြသည်။ မဟုတ်တမ်းတရား ကတိတွေ ပေးကြသည်။ ဒါကို ယုံပြီး အားကိုးမိလိုက်လျှင် ငါးပါးမှောက်ပြီသာ မှတ်။

အသားလိုလို့ အရိုးတောင်းနေကြတာက များ၏။ မဖြစ်စလောက်ကူညီပြီး အခွင့်အရေးယူဖို့ပဲ ချောင်းနေတတ်ကြသည်။ သို့ဖြစ်၍ အညှာလွယ်သော မိန်းကလေး ဒီလောကထဲ ဝင်လာပြီဆိုလျှင် အလုတရားကို အလှူပေး၍ ခွေးဖြစ်သွားကြတာက ထုံးစံလို ဖြစ်နေ၏။

'မင်းနဲ့ ရင်းနှီးတဲ့ ဒါရိုက်တာတွေနဲ့ တိုးတိုးတိတ်တိတ် တိုင်ပင်ကြည့်ပါ၊ မင်းသမီး တင်ပေးနိုင်မလား၊ ဘယ်လောက်ထည့်ပေးရမလဲ၊ ဒါမှမဟုတ် ဒုတိယမင်းသမီးအနေနဲ့ ပါရမလား၊ အနိမ့်ဆုံးက





တော့ကွယ် မင်းသမီးသူငယ်ချင်းပေါ့ မဟုတ်ဘူးလား၊ တခြားဖြတ်လျှောက်တို့ အိမ်ဖော်တို့တော့ မလုပ်ဘူးကွယ်၊ တစ်ခါတည်း ရှင်းအောင် ပြောထားတာ'

'ဟုတ်ကဲ့… စိတ်ချပါ အန်တီ၊ လူငယ် ဒါရိုက်တာတွေနဲ့ ကျွန်တော် အရမ်းရင်းနှီးပါတယ်၊ တိုင်ပင်ပြီး ဇာတ်လမ်းရှာထားလိုက်မယ်လေ'

'အေးကွယ် အားကိုးပါရစေ၊ ကဲ… အချိန်လည်း မရဘူး၊ မင်းရှုတင်လိုက်မှာလား'

'မလိုက်ဘူး အန်တီ'

'ဒါဆို ဝင်းဖန့် နင့်အစ်ကိုကို ထမင်းပြင်ကျွေးလိုက်'

အန်တီက ဝင်းဖန့်ကို ညွှန်ခိုင်းပြီး နောက်ဖေးချောင်ပြန်ဝင်သွားသည်။ သရုပ်ဆောင်လုပ်တော့မည်ဆိုသော ဝင်းဖန့်ကို ကြည့်ရင်း နန္ဒ နှမြောသလို ဖြစ်သွားမိသည်။ သရုပ်ဆောင်ဖြစ်သွားလျှင် အများပိုင်ဖြစ်သွားတော့မည်။ နန္ဒက ဝင်းဖန့်ကို သူတစ်ဦးတည်း မူပိုင်ရာထူးပေးချင်နေတာ မဟုတ်လား။

'ကိုနန္ဒ… ဘာဟင်းစားမလဲ'

'ထူးထူးဆန်းဆန်း ဘာရှိလဲ'

'ဝက်ခြေထောက်စွပ်ပြုတ်နဲ့ ဖားသားဆီပြန်'

'ဖားသားဆီပြန်နဲ့ လုပ်ကွာ၊ အဖေ့ကို သတိရလို့'

'ဟင်း… ဟင်း… ဟုတ်ပါပြီ၊ ကဲ… အမေ့ကို သတိရရင်ရော'

'အင်… အဲဒါဆို မာမားဆီချက်ခေါက်ဆွဲပဲ စားတော့မယ်'

'ရှန်…'

ထိုနေ့က ထမင်းစားပြီးနောက် အန်တီတို့ သားအမိလည်း ထမင်းကျွေးရန် ရှုတင်သို့ လိုက်သွားကြသဖြင့် နန္ဒ ပြန်လာခဲ့ရသည်။ ဖြစ်ချင်သည့် ဆန္ဒနှင့် အကူအညီတောင်းလာတော့လည်း မဖြစ်မနေလုပ်ပေးရတော့မည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း တွေးကြည့်တော့လည်း ကြည်ဝင်းဖန့်အလှက မင်းသမီးဖြစ်ထိုက်သည်။ ဗမာစစ်စစ်တွေ ဖြစ်သော်လည်း ကုလားဆင်ချောပြီး လုံးကြီးပေါက်လှနှင့် မြင်သူငေးလောက်သည့် အလှပိုင်ရှင် ဖြစ်၏။ မျက်ဝန်းမျက်ဆံက ဝိုင်းစက်နက်မှောင်ပြီး မျက်တောင်များကလည်း ကော့ရွန်းနေသည်။ ဆံပင်ရှည်ကြီးကလည်း ဆွဲဆောင်မှုတစ်ခု ဖြစ်နေ၏။ လည်တိုင်က သေးသွယ်ရှည်လျားသလို အရပ်အမောင်းမြင့်မြင့်မားမားနှင့် လိုက်ဖက်သော အလုံးအထည် အသွေးအပများလည်း ရှိ၏။ ရုတင်ထမင်းသည် အလှပဂေးလေးဘဝနှင့် လက်သရမ်းသော မင်းသားအချို့၏ ရန်ကို မနည်းရှောင်နေရသူလည်း ဖြစ်သည်။

ထမင်းသည် ကြည်ဝင်းဖန့်နှင့် အဆင့်တူ ဆိုက်ပတ်စ် သရုပ်ဆောင် မင်းနန္ဒတို့ ရိုးသားစွာ ခင်မင်ခဲ့တာလည်း တကယ်တော့ မဆန်းလှ၊ ဝင်းဖန့်အဆင့်နှင့် မင်းသားတွေကို သွားကပ်လို့ တန်ဖိုးထားကြမှာမှ မဟုတ်ဘဲလေ။ ရိုးသားစွာ ခင်မင်မှုသက်တမ်းရှည်လာတော့ နှစ်ယောက်သားကြားမှာ နီးစပ်မှုတွေ တပ်မက်မှုတွေ ဖြစ်လာကာ စိတ်လှုပ်ရှားလာကြတာကလည်း ဓမ္မတာဟုသာ ဆိုရတော့မည်။

ဝင်းဖန့်တို့ မိသားစုက ထမင်းဆိုင်နှင့် အကျိုးပေးသဖြင့် စီးပွားရေးအခြေအနေ မဆိုးဟု ပြောလို့ရသည်။ သိန်းထောင်ချီ မကြွယ်ဝသော်လည်း ရာဂဏန်းတော်တော် ထွားထွားလောက်အထိတော့ ချမ်းသာသည်။ တိုက်နှင့် ကားနှင့် ဖုန်းနှင့် စားဝတ်နေရေး အခြေခံလိုအပ်ချက်အားလုံး ပြည့်စုံသည်။

နန္ဒကလည်း ကုန်သည်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သလို မိသားစုအခြေအနေကလည်း တောင့်တောင့်တင်းတင်း သို့သော် တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို ငယ်စဉ်ကပင် အနုပညာကို အသေအလဲ ဝါသနာထုံပြီး ဆယ်တန်းအောင်သည့်နှစ်မှာပင် အိမ်က ထွက်ပြေး၍ ရန်ကုန်မှာ ကိုယ့်ဒူးကိုယ်ချွန်ကာ ကြိုးစားခဲ့သူ ဖြစ်သည်။





နာမည်ကြီး မင်းသားတစ်ယောက်နောက် တကောက်ကောက်လိုက်၍ အတင်းတပည့်ခံကာ အသေအလဲ တွယ်ကပ်ခဲ့ရာမှ ထိုမင်းသား၏ ပုဆိုးခေါက်၊ ဖိနပ်သိမ်းရာထူးဖြင့် ဒီလောကထဲ စတင်ခြေချခဲ့သူ ဖြစ်သည်။

မင်းသားနောက်လိုက် အပါးတော်မြဲအဆင့်နှင့် ဖြတ်လျှောက်ဝေလေလေဘဝတွင် နှစ်နှစ်ကျင်လည်ပြီးမှ တစ်ကိုယ်တော် သရုပ်ဆောင်ဘဝသို့ တက်လှမ်းလာနိုင်ခဲ့ခြင်း ဖြစ်သည်။ အခုတော့ ဇင်မျိုးတို့ ဇော်ဇော်အောင်တို့လို တန်းတစ်ခု ရလာပြီး ကန့်ထရိုက် နှစ်သိန်း၊ ဒေးလီးငါးသောင်းရ အနုပညာသမား ဖြစ်လာခဲ့ပြီ။ အခုတော့ မိဘများကလည်း ယုံကြည်စိတ်ချစွာ လွှတ်ထားခဲ့ကြသည်မို့ ဇာတိတောင်ငူကိုပင် မပြန်တော့ဘဲ အဆောင်ငှားနေကာ အနုပညာသမားကြီး လုပ်နေခြင်း ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ထမင်းစားဖြုတ်လိုက်သည်နှင့် ထုံးစံအတိုင်း မယဉ်ကြည်တို့သားအမိကို ရုပ်ရှင်အဖွဲ့သားများ ဝိုင်းအုံနေကြသည်မှာ ထန်းလျက်ခဲပုရွက်ဆိတ်အုံသကဲ့သို့ ရှိ၏။ စက်အဖွဲ့သားတို့က အဆိုးဆုံး။ နားချိန်တစ်နာရီလောက်ပဲ ရသဖြင့် အလုအယက် ဖြစ်နေကြသည်။

ရှူတင်ထမင်းဆိုသည်မှာ သိပ်ဆန်းဆန်းပြားပြားတော့ မဟုတ်။ ထမင်းဆိုင်ကို ကားနှင့်တင်လာပြီး သင့်ရာမှာချပေးထားတာပဲ ဖြစ်သည်။ ခုလို ရှူတင်ခြံဝင်းထဲမှာဆိုလျှင်တော့ ဣန္ဒြေရရ စားရသည်။ တစ်ခါတစ်လေ ထမင်းဆိုင်က ကားပေါ်မှာ စားသူက လမ်းဘေးမှာ မတ်တပ်ရပ်စားရတာမျိုးလည်း ကြုံရသည်။

ကြိုက်ရာအသားဟင်းတစ်မျိုး၊ အသီးအရွက်သုပ်တစ်မျိုး၊ အရည်သောက်ဟင်းတစ်မျိုး၊ ငပိထောင်း၊ ရေပ်သီးထောင်း၊ ငပိရည် အတို့အမြုပ်အစုံအလင်ရသည်။ ထမင်းပြီးလျှင် လက်ဖက်သုပ်နှင့် ထန်းလျက်လည်း အချိုတည်းရသေး၏။ ဟင်းစုံပြီး မတွန့်တိုတတ်သော မယဉ်ကြည်၏ ထမင်းက ရှူတင်လောကမှာ နာမည်ကြီးတာ မဆန်း။

လူတစ်ကိုယ် တုံကင်တစ်ခုနှင့် ကြိုက်ရာအသားဟင်းယူရပြီး ကျန်တာတော့ စိတ်ကြိုက်သုံးဆောင်နိုင်သည်။ ထမင်းလိုသလောက် ရသည်။ ဒီထဲမှာ ကြီးသုံးကြီးအတွက်ကတော့ ရှယ်ဖြစ်၏။ ဒါရိုက်တာ





မင်းသား၊ မင်းသမီး ကြီးသုံးကြီးအတွက်တော့ အသားဟင်းက ကြိုက်ရာနှစ်မျိုး ယူခွင့်ရှိသည်။ ထို့ပြင် လက်သိပ်ထိုးမှာကြားမှုများကို သီးသန့်ဝန်ဆောင်မှု ပေးရခြင်းလည်း ရှိသေးသည်။

တစ်ခါ ဒီဇာကြောင်သူများနှင့် သက်သက်လွတ်စားသူတို့ အတွက်လည်း အဆင်ပြေအောင် လုပ်ပေးရသေး၏။ လက်ဝင်ပြီး စိတ်ရှုပ်ရသော်လည်း လူလေးဆယ်စာ၊ သုံးဆယ့်ငါးယောက်စာ စသည်ဖြင့် တိကျသေချာမှုရှိ၍ မကုန်မှာ မပူရသော အာမခံချက်ထားသည့် ထမင်းသည်မျိုး ဖြစ်သည်။

ထမင်းစားဖြုတ်ပြီး ဆယ့်ငါးမိနစ်လောက်ကြာတော့ အန်တီ့နားမှာ တစ်ယောက် နှစ်ယောက်လောက်သာ ရှိတော့၏။ နန္ဒလူရှင်းမှပဲ ဝင်းဖန့်နားကပ်ပြီး တုံကင်ပြားလေး ပေးလိုက်သည်။ ဝင်းဖန့်က ပန်းကန်ပြားအလွတ်နှင့် အုပ်ပြီး ဖွက်ထားသော ဆိတ်ကလီစာဟင်း ပန်းကန်ကို ထုတ်ပေး၏။ ဒါကို လူရွှင်တော်ဖိုးစည်မြင်ပြီး ဖွတော့သည်။

'ဟင်… ဝင်းဖန့် စောစောက ငါဆိတ်ကလီစာဟင်း ရှိလား မေးတော့ ကုန်ပြီဆို ခု ဘယ်ကထွက်လာတာလဲ'

'အမယ်… ကိုနန္ဒက ကားပေါ်က ဆင်းကတည်းက ဟင်းအိုးကူသယ်ပေးရင်း ဒီဟင်းချန်ထားဖို့ ပြောထားလို့ပါနော်'

'ဟုတ်သားပဲ ဖိုးစည်ရာ၊ ကြိုက်တတ်ရင် ကြိုမှာထားပေါ့၊ ရှူတင်ထမင်း ခုမှ စားဖူးတာလား'

ဒီတော့လည်း ဖိုးစည်က တစ်မျိုးလှည့်ရစ်ပြန်သည်။

'အင်းပေါ့လေ၊ ထမင်းပိုင် ဟင်းပိုင်ကို အပိုပေါင်းထားတော့လည်း မြိန်မြိန်လေးစားရတာပေါ့၊ မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုတာ ဒါမျိုး'

'ဟဲ့… သေနာ၊ ပါးစပ်စည်းမရှိ လျှောက်ပြောမနေနဲ့ အမှန်နော်၊ ငါ့အကြောင်း သိတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



မယဉ်ကြည် ပွဲကြမ်းပတ်တုတ်မှပဲ ဖိုးစည် ငြိမ်သွား၏။ လူသာ ငြိမ်သော်လည်း မျက်စေ့ကမငြိမ်၊ ပါးစပ်က ထမင်းကို အဆက်မပြတ်စားနေသလို အကြည့်ကလည်း ဝင်းဖန့်လှုပ်ရှားမှုတိုင်းသို့ လိုက်ပါနေသည်။ သူ့အကျင့်ကလည်း ရောက်ရာအရပ်မှာ မိန်းမရအောင်ယူတတ်သည်မို့ မယဉ်ကြည်က နှုတ်ကြမ်းကြမ်း ဆက်ဆံခြင်းဖြစ်သည်။

သူ ထမင်းဝ၍ ထသွားတော့မှ နန္ဒ ထမင်းစား၏။ ဝင်းဖန့်က ပဲကုလားဟင်းအရည်သောက် တစ်ပန်းကန်ချပေးသည်။

'ငပိထောင်းလေး နည်းနည်းလောက်'

နန္ဒတောင်းသော ငပိထောင်းကော်ထည့်ပေးရင်း အန်တီက…

'နန္ဒ… ဘာတွေ ထူးခြားလဲ'

'ဒီလကုန်မှာ ကိုဇော်လွှန်း တစ်ကားရိုက်ဖို့ ရှိတယ် အန်တီ၊ ဇာတ်လမ်းလည်း ကျွန်တော်ဖတ်ပြီးပြီ၊ မင်းသမီးနဲ့ အပြိုင်လိုနေရာမျိုးပဲ ညီအစ်မနေရာ ဒါပေမဲ့ မွေးစားသမီးလုပ်ရမှာ အမြဲအနိုမ်ခံဘဝနဲ့ ညီမကို ဦးစားပေးရင်း ချစ်သူကိုပါ လျှုလိုက်ရတဲ့ ကာရိုက်တာ၊ နေရာကောင်းတယ်၊ ကိုဇော်လွှန်းကလည်း လိုလိုလားလား သဘောတူတယ်'

'ဟုတ်လား… ဝမ်းသာလိုက်တာဟယ်'

'စိတ်သာချ အန်တီ၊ အဲဒီကားမှာ ကျွန်တော်လည်းပါမှာ အခု အက်ဆစ်ကို ဇာတ်ညွှန်းအပ်ထားတယ်၊ ပြီးသွားရင် သူ့အခန်းလေးတွေ ရွေးပြီး ဇာတ်ညွှန်းကို မိတ္တူကူးပေးမယ်လေ၊ အက်ဆစ်ကိုတော့ တစ်ပိုင်းလောက် ပေးရမှာပေါ့၊ ဒါကလည်း အပျော်ပါ၊ တစ်သောင်းတောင် မကုန်ဘူး'

'အို… ဒီလောက်က မိုင်နာပါဟယ်၊ ဒါနဲ့ ကိုဇော်လွှန်းကိုကော'

'အန်တီကလည်း ကိုဇော်လွှန်းအကြောင်း မသိတာကျလို့





သူက သက်သက်တင်ပေးတာ 'ကြိုး' ရှာတာလည်း မဟုတ်ဘူး၊ ကားပြီးသွားမှ အန်တီတို့စေတနာအရ ကန်တော့ချင်ကန်တော့ မကန်တော့လည်း ဘာမှမဖြစ်ဘူး၊ သူက သင့်တင့်တဲ့ အက်တာကြေးတောင်တောင်းပေးမယ် ပြောနေတာ'

'ဟယ်… ဟုတ်လား၊ အမလေး ကိုဇော်လွှန်းကြီး ကျန်းမာချမ်းသာပါစေတော်'

နန္ဒနှင့် အန်တီတို့ တီးတိုးဆွေးနွေးမှုကို နားစွင့်ရင်း ဝင်းဖန့်ဝမ်းသာပီတိများနှင့် ပြုံးနေလေ၏။

'ကျွန်တော်အားတဲ့ တစ်ရက်လောက် ချိန်းပြီး ညဘက်ကိုဇော်လွှန်းအိမ် တစ်ခေါက်လောက် သွားလိုက်ပေါ့၊ သေချာလာအပ်တဲ့ သဘောမျိုး'

'စိတ်ချ နန္ဒ၊ မင်းသာ ကိုဇော်လွှန်းနဲ့ ဒိတ်လုပ်လိုက် အန်တီတို့က အဆင်သင့်ပဲ'

'ဟုတ်ကဲ့ ဒါဆို အဝင်ကောင်းသွားပြီ'

ဝင်းဖန့်က မင်းသားအတွက် လုပ်လာသော ငါးဖယ်သုပ်ကို ရှိုင့်ထဲမှ ခြစ်ချုပ်ခပ်ယူရင်း နန္ဒ ပန်းကန်ထဲ ထည့်ပေးသည်။ နန္ဒက အသိအမှတ်ပြု ခေါင်းညိတ်ပြပြီး…

'ဝင်းဖန့် မိတ်ကပ် ဘယ်သူနဲ့ ပြင်မလဲ၊ မိန်းကလေးတစ်ယောက် တီဗီစကရင်ပေါ်မှာ ရုပ်ထွက်ကောင်းဖို့ဆိုတာ မိတ်ကပ်ကလည်း အရေးကြီးတယ်'

'အဲ… လောလောဆယ်တော့ မိတ်ကပ်ဉာဏ်ဉာဏ် (လှည်းတန်း)ရဲ့ တပည့်သော်သော်နဲ့ ပြင်မလားလို့ လူချင်းလည်း ခင်တယ်၊ သဘောလည်း ကောင်းတယ်'

'ဟုတ်တယ် နန္ဒရဲ့၊ သူကူညီမယ်ဆိုပေမယ့် အန်တီက သိတတ်ရမှာပေါ့ ဟုတ်တယ်မို့လား'

'ဒါပေါ့ နို့မို့ဆို ကျေးဇူးဆိုတာကြီး တစ်သက်လုံး ဆူးနေမှာ'



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်လောကပြိုင်ပွဲဝင် ကြည်ဝင်းဖန့် တာထွက်ကောင်းအောင် စောင်မလိုက်နိုင်သဖြင့် နန္ဒလည်း စိတ်ကျေနပ်မှုရနေ၏။ ဝင်းဖန့်ကို ခိုးကြည့်ရင်း စားနေရ၍ ထမင်းလည်း စားဝင်နေသည်။ သူတို့ သားအမိလည်း ခြေလှမ်းသစ်အတွက် အားတက်သရောဖြစ်နေကြ၏။

နန္ဒထမင်းစားပြီးပြီးချင်း ဈေးဦးပေါက်တော့သည်။ စကာရစ်(မှတ်တမ်း)သမား မောင်မောင်က…

'မင်းသားနဲ့ သူငယ်ချင်းသုံးယောက် လက်ဖက်ရည်ဆိုင်အခန်း၊ ဆင်းနိတ္တမ်တိ အဝတ်ဆက် မရှိ၊ အခု ရိုက်မယ် ကိုနန္ဒ'

'အိုကေဗျာ ငါးမိနစ်ပဲစောင့်'

သူငယ်ချင်းလုပ်မည့် နန္ဒနှင့် အခြားနှစ်ယောက် အဝတ်အစားအိတ်များ ဖွင့်ကြရတော့သည်။ လူငယ်ကျောင်းသား ကာရိုက်တာဆိုတော့ ခပ်လန်းလန်းလေး ရွေးဝတ်ရ၏။ နန္ဒ ဘောထုပ်ထဲက ရွေးလာသော ရှပ်အင်္ကျီအကောင်းစားနှင့် စတိုင်ဘောင်းဘီတစ်ထည် ရွေးဝတ်ပြီး TRI ကျောပိုးအိတ်လွယ်ရန် ပြင်ဆင်ထားလိုက်သည်။

အဝတ်အစားလဲရင်း လူရွှင်တော်ကိုဥသြ ပြောသည့်စကားကို သတိရမိသည်။ ကိုဥသြ အဝတ်အစားလဲတိုင်း 'ဒါ US လေးထောင် ပေးရတာလေ' ဟု ပြောတတ်၏။ မသိသူက တကယ် ဒေါ်လာလေးထောင် ပေးရတာလားဟု မေးမိပါက ကိုဥသြ ဤသို့ ပြန်ဖြေလေ့ရှိသည်။

'အဟင်း… ဆိုင်နာမည်က U.S၊ ဗမာငွေက လေးထောင်'

ဒါ အောက်ခြေသရုပ်ဆောင်များ၏ သရုပ်မှန်ဘဝ အစစ်များပင် ဖြစ်သည်။ နာမည်ကြီးအကောင်းစား အစစ်အမှန် အဝတ်အစားများ မဝတ်နိုင်ကြသဖြင့် သရုပ်ဆောင်တိုင်းလို ဘောထုပ်ကိုသာ အားကိုးရသည်။ သင့်ရာဘောထုပ်ဆိုင်များနှင့် ပေါင်းထားရ၏။

အထုပ်သစ်ဖောက်သည့် အချိန်မျိုးကြုံလျှင် အထည်ကောင်း





တွေကို ဈေးသင့်သင့်နှင့် ရနိုင်သည်။ တစ်ခါတစ်လေ အဝတ်အစားအိတ်တွေထဲမှာ ဒေါ်လာအကြွေစေ့၊ ဘတ်ငွေအကြွေစေ့များပင် ပါလာတတ်သေး၏။ နန္ဒ ခါးပတ်ပတ်ပြီး ဖန့်ရှူးကို စီးလိုက်သည်။ သူ သရုပ်ဆောင်ဖို့ အသင့်ဖြစ်နေခဲ့ပြီ။

ဆက်တင်အဖွဲ့ကလည်း လက်ဖက်ရည်ဆိုင် အခင်းအပြင်တွေ ပြီးသွားပြီမို့ ဒါရိုက်တာက အက်တာများကို နေရာချ၏။ ကင်မရာ ချိန်ကြည့်၏။ စက်အဖွဲ့ကလည်း မီးဖန်းများ ချိန်နေကြပြီ။

အားလုံးအဆင်သင့်ဖြစ်တော့ ဒါရိုက်တာက ဒိုင်ယာလော့ဂ်ချ၏။ ဖတ်(စ်)ကတ်တွင် မင်းသားတစ်ယောက်တည်း ထိုင်နေသောဆိုင်ထဲသို့ နန္ဒတို့သုံးယောက် ဝင်လာထိုင်ရမည်။ စကားနှစ်ခွန်း သုံးခွန်းလောက်ပြောပြီး မင်းသမီးဦးလေးအဖြစ် သရုပ်ဆောင်မည့် ဒေါ်ထားအဖွဲ့မှ လူကြီးတစ်ယောက် ဝင်လာမည်။

ထိုသို့ အဝင်အထွက်များ တိုင်မင်ကိုက်ပြီးနောက် ဒိုင်ယာလော့ဂ် ဆက်ပေးပြန်သည်။ သရုပ်ဆောင်များ စကားပြောကျက်မှတ်နေစဉ် မင်းသားလေး၏ အပါးတော်မြဲ- ပန္နည်းထိန်းက သူ့ဆရာအိုက်မှာစိုး၍ ယပ်တောင်တစ်ချောင်းနှင့် တဖျပ်ဖျပ်ခတ်ပေးနေ၏။

သရုပ်ဆောင်ဦးလေးကြီးနှင့် မင်းသားက ကပ်၍ ထိုင်နေကြသည် ဖြစ်ရာ၊ ယပ်ခတ်သည့် လေအရှိန်က ဦးလေးကြီးကိုလည်း သက်ရောက်မှု ရှိနေသည်။ ဦးလေးကြီးက ဒိုင်ယာလော့ ကျက်မှတ်ရင်း သူ့ခေါင်းကို လက်ဝါးနှင့် ဖိထား၏။

ပထမတော့ သတိမထားမိကြ၊ တဖြည်းဖြည်းကျမှ ခတ်ပေါက်လာသည်။ နန္ဒ သူ့ဘေးမှ စိုင်းမောင်ကို လက်ကုတ်မေးငေါ့ပြရင်း တခွိခွိဖြစ်နေ၏။ ယပ်ခတ်သူကလည်း ဟိုငေး ဒီငေးနှင့်မို့ သတိမပြုမိ။ ကြာတော့ ဦးလေးကြီး ဒေါ်ပွလာသည်။

'ဟေ့ကောင်… မင်း ယပ်ခတ်တာကြည့်ခတ် ငါ့ဆံပင်ပျက်ကုန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



မင်းသားအပါးတော်မြဲ ဘလိုင်းအကောခံလိုက်ရသဖြင့် အံ့အားသင့်သွား၏။

ဤတွင် ဦးလေးကြီး ဆက်ပြောသည့်စကားကြောင့် ရှုတင်တစ်ခုလုံး ရယ်သံတွေ ဟိန်းထွက်သွားသည်။

'ငါ့ဆံပင်ကို ဂျယ်(လ်)လိမ်းပြီး အသေအချာ သထားရတာကွ၊ မင်းလုပ်တာနဲ့ ပုံပျက်ကုန်ပြီ'

ဦးလေးကြီးက ပြောင်နေသော ထိပ်ကို ခပ်ပါးပါးသာရှိသည့် ဆံပင်လေးများနှင့် ဖုံးပြီး အသေအချာ ဖီးသင်ထားသည် မဟုတ်လား။ အားနည်းချက်ကို ကာကွယ်ထားသမျှ ဟင်းလင်းပွင့်သွားရခြင်းမို့ ခံရသူ ဒေါပွသလို မြင်ရသူ ဟားစရာအကွက် ဖြစ်နေတော့၏။ ထိုအခါမှ အပါးတော်မြဲ သဘောပေါက်သွားပြီး…

'ဟာ… ဦးလေး ကန်တော့၊ ကန်တော့ ဦးလေးထိပ်ပြောင်တာ ဖုံးသွားအောင် ကျွန်တော် ပြန်ဖီးပေးပါ့မယ်'

အပါးတော်မြဲ တောင်းပန်စကားက ဆဲသလို ဖြစ်နေ၍ ရယ်သံတွေ ထပ်ထွက်လာသည်။ ဦးလေးကြီး ဒေါပွပြီး ထထွက်သွား၏။

ရှုတင်မှာ ဒီလို အမှတ်မထင် ရယ်စရာလေးတွေ မကြာခဏ ကြုံရတတ်၏။ တစ်ခါကလည်း အဖေသေလို့ မင်းသား၊ မင်းသမီး အကြိတ်အနယ် မျက်ရည်ဝေကာ ငိုဖို့ အားယူနေကြ၍ အိုက်တင်အပြည့်နှင့်။ တစ်ခန်းလုံးတိတ်ဆိတ်နေခိုက် အဖေမသာ၏ လေလည်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် ဘယ်သူမှ မထိန်းနိုင်ဘဲ အားလုံးရယ်လိုက်မိကြသည်။

အဖေမသာလည်း ရှက်ရှက်နှင့် ထပြေးသွားခဲ့၏။ ထိုအခန်း ပြန်ရိုက်ဖို့ ကြိုးစားသော်လည်း မင်းသား၊ မင်းသမီးမှာ ဘယ်လိုမှ ငိုမရတော့ဘဲ ရယ်၍သာနေကြသဖြင့် တခြား'ဆင်း'ကို ပြောင်းရိုက်ခဲ့ရသည်။

အခုလည်း ထိပ်ပြောင်ဦးလေးကြီး ခေါင်းဖြီးပြီး ပြန်လာလျှင်





တောင် ဆက်ရိုက်လို့ ရပါ့မလားမသိ။ မင်းသားလေးက ရယ်ရှိန်ကို ဘရိတ်အုပ်လို့ မရသေး။

✻ ✻ ✻

ဒါရိုက်တာ ဇော်လွှမ်းက ဖောင်းကားစူထွက်နေသော သူ့ဝမ်းဗိုက်ပူပူကြီးကို ပွတ်သပ်ရင်း…

'အစောကြီးကတည်းက လုပ်နိုင်းရမှာ မယဉ်ကြည်ရဲ့'

'ဟုတ်ကဲ့ပါ ဆရာ၊ သမီးက ခုမှ ကျောင်းပြီးသွားတာလေ ဒီလိုမှပဲ နောက်ကြောင်းရှင်းရှင်းနဲ့ အလုပ်ထဲ စိတ်နှစ်လို့ရမှာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ၊ သမီးလည်း ကြိတ်ပြီး လေ့ကျင့်နေလို့ပါ၊ ရိုက်ကွင်းကျရင်လည်း လိုအပ်တာတွေ သင်ပြပေးပါနော် ဆရာ'

'လုပ်ပေးရမှာပေါ့၊ အဟောင်းတွေက ကောင်းနေပြီဆိုတော့ အသစ်တွေကို ဖြစ်လာအောင် လုပ်ရမှာလေ၊ ဒါမှလည်း တို့လောကရှင်သန်ဖို့ အထောက်အကူဖြစ်မှာပေါ့ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ'

'ကိုဇော်လွှမ်း… သူလုပ်ရမယ့် ကာရိုက်တာလေးလည်း မှတ်သွင်းထားလို့ရအောင် ပြောပြပေးပါဦး'

'သြော်… အင်း ညည်းက မင်းသားနဲ့ သမီးရည်းစား ကောင်လေးအိမ်ကို ဝင်ထွက်လာတော့မှ မင်းသမီးနဲ့ ဆုံပြီး မင်းသမီးက တစ်ဖက်သတ် ကြိုက်သွားတာ အစ်မရဲ့ မျက်နှာကိုမှ မထောက်ဘဲ ပြောင်ဝင်လုတာ ချမ်းသာတဲ့ အသိုင်းအဝိုင်းဖြစ်ပေမယ့် ညည်းက မွေးစားသမီး သူတို့က ကျေးဇူးရှင် အဲဒီမှာ ကိုယ့်ရည်းစားကို ကိုယ်တိုင်ဖြောင်းဖြပြီး ညီမ လက်ထဲထည့်လိုက်ရတဲ့ ဝေသန္တရာ ကာရိုက်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ ဆရာ'

'ညည်းတို့ ကြည့်နေကျ ကိုရီးယားကားတွေထဲမှာ ဒီလို ကာရိုက်တာတွေ အများကြီးပဲ၊ အဲဒါတွေကိုသာ လေ့လာထား'

'ဟုတ်ကဲ့ရှင့် အဝတ်အစားကကော ဆရာ ချမ်းသာတယ်ဆိုတော့...'

'ချမ်းသာပေမယ့် မြန်မာဆန်ဆန်ပဲ ဝတ်၊ အဓိကက ညည်းရဲ့ ဆံပင်ရှည်အလှကို ပြချင်တာ ရှင်းလား'

'ဟုတ်ကဲ့ပါ ဆရာ'

'ကိုင်း... သမီးကြားတယ်နော်၊ ဆရာပြောတာတွေ သေချာမှတ်'

'ဟုတ်ကဲ့ပါ အမေရဲ့'

ကိုဇော်လွန်း၏ ဩဝါဒ အဆုံးမှာ ဝင်းဖန့်က ဟိုက်ကော်မရှင်နာ ဝမ်းလီတာတစ်ပုလင်း အကျီပုဆိုးတစ်စုံတို့နှင့် ကန်တော့သည်။

'အင်း... အနုပညာလောကမှာ ထွန်းသစ်လာမယ့် ကြယ်တစ်ပွင့် ဖြစ်ပါစေကွယ်၊ သရုပ်ဆောင်ပညာမှာ မော်အောင်တဲ့ သူအဖြစ် ရပ်တည်နိုင်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဆရာ'

'ဆရာ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦးနော်'

'ကောင်းပြီ၊ သမီး မင်းသမီးလုပ်တဲ့ ရှုတင်မှာလည်း မယဉ်ကြည်ရဲ့ ထမင်းပဲ စားမှာနော်'

'စိတ်ချဆရာ အဲဒါက အဓိက စီးပွားရေးပါ၊ ရှယ်ကို လုပ်ပေးမှာ'

'ကောင်းပါ့ဗျာ၊ ကောင်းပါ့'

'ကိုဇော်လွန်း ကျွန်တော်လည်း ပြန်လိုက်သွားမှာ ခွင့်ပြုပါဦး'

'အိုကေ နန္ဒ လစ်တော့'

မင်းသမီးအဖြစ် ကားရိုက်မစမီ အန့်တီကိုယ်တိုင်လိုက်၍





ဒါရိုက်တာဇော်လွန်းထံ လာရောက်အပ်နှံကြခြင်း ဖြစ်၏။ အပြန်တွင် ဝင်းဖန့်က ကားကို ကိုယ်တိုင်မောင်း၍ နန္ဒ အဆောင်ကို ပြန်လိုက်ပို့သည်။

'ကျေးဇူးတင်လိုက်တာ နန္ဒရယ်၊ ကိုဇော်လွန်း ဒီလောက်သဘောကောင်းမယ်မှန်း မသိခဲ့ဘူး၊ နန္ဒပါလို့ ထင်တယ်'

'အဲလို မဟုတ်ပါဘူး အန့်တီ၊ ဒါ သူ့စိတ်ရင်းပဲ၊ ဝင်းဖန့်ကသိုလ်ကံကြောင့် ဆရာကောင်းတွေ့တာ သေချာသာကြိုးစားပေတော့ ဝင်းဖန့်'

'အင်းပါ ကိုနန္ဒရဲ့ စိတ်ချပါ'

'ကဲ... နန္ဒလည်း မောရောပေါ့၊ နားလိုက်ဦး အန့်တီတို့ပြန်မယ်'

'ဟုတ်ကဲ့'

ဝင်းဖန့်ကတော့ လက်ပြနှုတ်ဆက်သွားသည်။ နန္ဒ သူတို့ကားပျောက်ကွယ်သွားသည်ထိ ငေးကြည့်ကျန်ခဲ့၏။ ရင်ထဲ ဟာတာတာဖြစ်ကျန်ခဲ့သလို စိတ်ထဲလည်း မတင်မကျ ဖြစ်နေသည်။ သူ ဝင်းဖန့်ကို ဒီလမ်းကြောင်းပေါ် တင်ပေးမိတာ မှားပြီလားဟုလည်း တွေးမိ၏။

ဝင်းဖန့်အောင်မြင်သွားမှာကို သူကြောက်နေခြင်း မဟုတ်တာတော့ သေချာသည်။ သူ နှမြောနေခြင်းသာ ဖြစ်၏။ ဘယ်သူတွေအောင်မြင် အောင်မြင် မုဒိတာပွားနိုင်သော စိတ်ဓာတ်အခံ သူ့မှာရှိနေသည်။ သို့သော် ဘာကိုမှန်းမသိ စိုးရိမ်နေမိ၏။

ထိုအရာကို သေချာစွာ ခွဲခြမ်းစိတ်ဖြာကြည့်လိုက်သောအခါ အချစ်ဟု အဓိပ္ပာယ်ထွက်လာသည်။ အင်း... သူ စရဲသတ်ထားမှ ဖြစ်တော့မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

နံနက်ခင်းသည် ဆောင်းနှင်းဖြန်း၍ လန်းနေ၏။ နှင်းမှုန်သဲ့သဲ့တို့ ဝေ့ဝဲနေ၍ ခပ်လှမ်းလှမ်း မြင်ကွင်းက မှုန်ဝါးဝေသီနေသည်။ ရန်ကုန်ဆောင်းမှာ ဒီမြင်ကွင်းမျိုး ပျောက်ဆုံးခဲ့တာ ကြာပြီ။ မြင်ရတွေ့ရတာ ငယ်ပေါင်းတစ်ယောက် မျက်စေ့ရှေ့ ရုတ်တရက် ပေါ်လာသလို အနည်းငယ် စိမ်းနေ၏။

ဘုံခုနစ်ဆင့် နန်းဆောင်မှာ စံမြန်းသည့် ဘုရင့်သမီးတော်ကို ဇာပဝါခုနစ်လွှာခြား၍ ဖူးတွေ့ရသကဲ့သို့ ဖြစ်နေသည်။ ဖန်လုံအိမ်အာနိသင် လွှတ်ထုတ်မှု၊ သစ်တောများဖြုန်းတီးမှု၊ မြစ်ရေနည်းပါးပြီး သမုဒ္ဒရာ ရေမျက်နှာမြင့်တက်လာမှုတို့က ကမ္ဘာမြေ၏ အပျိုစင်အလှကို ဖရာအရိပ်ဖုံးနေသလိုလို။

ပြောင်းလဲလာသော ရာသီဥတု၏ ဆိုးကျိုးများက လူသားတို့၏ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်စ ပြုနေပြီ။ မြင်တွေ့ရခဲသည့် ဆောင်းမင်းသမီး၏ ခုနစ်လွှာအကကို နန္ဒ တမေ့တမော ခံစားနေမိ၏။

မည်မျှကြာသွားသည် မသိ၊ တစ်ကိုယ်လုံး စိမ့်တက်လာအောင် ချမ်းလာမှ အတော်ကြာပစ်ထားခဲ့သော အနွေးထည်ကို သတိရသည်။ သေတ္တာထဲမှ ခေါင်းစွပ်နှစ်ထပ်မိုးကာသား ဂျာကင်တစ်ထည် ထုတ်ယူဝတ်ဆင်လိုက်၏။ ခုမှ ဆောင်း၏ အရသာက ပြီးပြည့်စုံသွား





သည်။ အဝတ်အစားထည့်ထားသည့် ကျောပိုးအိတ်ကို လွယ်ရင်း ပြတင်းပေါက်နှင့် အခန်းတံခါးကို ပိတ်၍ နန္ဒ ထွက်လာခဲ့သည်။

နံနက်ခင်း၏ အဖော်မွန်ကျေးငှက်တို့ ဂီတတံခါးလေးဖွင့်ပါဦး အစီအစဉ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် သီချင်းဆို ကျင့်နေကြ၏။ နေခြည်နုနုက ဆောင်းဝတ်ရုံ ဇာပဝါကို ဆွဲချွတ်ရန် ကြိုးစားစပြုနေပြီ။ နှင်းရည်သောက်၍ အားပြည့်နေသော သစ်ပင်ပန်းမာလ်တို့ နေခြည်စို့ခွင့်ရဦးမည်မို့ ဝမ်းသာအားရနှင့် ရက်(ပ်)အကကို ညီညာဖြဖြ ကနေကြ၏။ လွန်စွာသာမောဖွယ် ကောင်းသော ဟေမန္တ နံနက်ခင်းပါပဲလား။

အဆောင်မှ လမ်းထိပ်ရောက်အောင် နန္ဒ သွက်သွက်လျှောက်လာခဲ့သည်။ အသက်ရှူပြင်းလာသည်နှင့်အမျှ ခံတွင်းနှင့် နှာဝတို့မှ အငွေ့များ ထောင်းထောင်းထ ထွက်လာသည်မှာ ဆေးလိပ်ငွေ့ မှုတ်ထုတ်လိုက်သလို ဖြစ်နေ၏။ ဒီလို ရသမျိုး မခံစားရတာ ကြာပြီမို့ နန္ဒ စိတ်ရောကိုယ်ပါ ကြည်လင်လန်းဖြာသွားသည်။

ဒီလို သာတောင့်သာမောနှင့် မင်္ဂလာရှိရှိ လှပနေသော နေ့မျိုးမှာ ဝင်းဖန့် ပထမဆုံးသရုပ်ဆောင်မည့် ဗီဒီယိုဇာတ်ကား စတင်ရိုက်ကူးမည် ဆိုတာကတော့ ဘယ်လောက်များ အတိတ်နိမိတ်ကောင်းလိုက်ပါသနည်း။

လမ်းထိပ်လက်ဖက်ရည်ဆိုင်ရောက်တော့ ရုစ်မှာရီခွဲသာ ရှိသေး၏။ အာလူးပူရီနှင့် ကျဆိမ့်တစ်ခွက်မှာပြီး ဝင်းဖန့်ထံ ဖုန်းခေါ်လိုက်သည်။

'ဟလို… ဝင်းဖန့်လား'

'ဟုတ်ကဲ့ ကိုနန္ဒ'

'ဘယ်လိုလဲ ရင်တွေခုန်နေသလား'

'ဟုတ်တယ် ကိုနန္ဒရယ်၊ ဘုရားရှိခိုးတာတောင် ကပေါက်တိကပေါက်ချာဖြစ်လို့ ရင်လည်းခုန်တယ်၊ နည်းနည်းလည်း စိုးရိမ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်အေးအေးထား ယုံကြည်မှုတည်ဆောက် ဖြစ်ကို ဖြစ်ရမယ် ဆိုတဲ့ စိတ်မွေး၊ လေးဖက်ထောက်သွားတဲ့ ကလေး ပထမဆုံး စရပ်ရင်တော့ ပြန်လဲကျမှာပဲ ဒါပေမဲ့ ခဏပါ၊ ပြီးတော့လည်း ဆတ်တောက် ဆတ်တောက်နဲ့ လမ်းလျှောက်တတ်သွားတာပါပဲ'

'အားရှိလိုက်တာ ကိုနန္ဒရယ်'

'ဒါနဲ့ ဝင်းဖန့် ဘယ်သူတွေနဲ့ လာမှာလဲ'

'အစ်မဝမ်းကွဲတစ်ယောက် ပါမယ်၊ သော်သော်ပါမယ်၊ ဒါပဲ'

'အဝတ်အစားများများ ယူခဲ့နော်'

'အင်းပါ ကိုနန္ဒရဲ့'

'ကိုးခွဲလောက်အရောက်လာ သီရိဂုဏ်က ကိုအောင်တို့အိမ်'

'စိတ်ချပါ ဝင်းဖန့် သိပါတယ်'

'အိုကေ ဒါပဲနော်'

ဖုန်းပိတ်ပြီး ပူပူနွေးနွေး အားလူးပူရီကို စားလိုက်၏။ စားပြီး လက်ဖက်ရည် တစ်ငုံ မြည်းလိုက်ချိန်မှာ ကိုးနာရီထိုးဖို့ ဆယ်မိနစ်သာ လိုတော့၏။ ရှုတင်ကား ဘယ်ရောက်နေပြီလဲ သိချင်၍ မန်နေဂျာဖုန်းကို လှမ်းဆက်လိုက်သည်။

တော်တော်ကြာသည်အထိ ဖုန်းမကိုင်၊ ခဏအကြာမှာတော့ လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ သတ်မှတ်ချိန်အတွင်း ဖြေဆိုခြင်း မရှိပါ၍ နောက်တစ်ကြိမ်ခေါ်ဆိုပါရန် ဟူသော စကားကို ကြားနေကျ ကောင်မလေး၏ အသံနှင့် ကြားလိုက်ရ၏။

'တော်သေးတာပေါ့၊ ဆက်သွယ်ရေးဧရိယာပြင်ပ မရောက်သေးလို့' ဖုန်းဆက်၍ အဆင်မပြေတိုင်း ကြားရသည့် ထိုအသံများကို နန္ဒသဘောကျသည်။ သူ့ကို လူကြီးမင်းဟု တဖွဖွခေါ်တတ်သော ကြောင့် ဖြစ်၏။ ကိုရီးယားဇာတ်လမ်းတွဲထဲက ဘာသာပြန် မြန်မာစာတမ်းထိုး အလိုအရတော့ လူကြီးမင်းဆိုတာ အစိုးရအဖွဲ့ဝင်များကို ဆိုလိုဟန်ရှိ၏။





မည်သို့ဆိုစေ ဟော့ကောင်လို့ ခေါ်တာထက်တော့ နားဝင်ပီယံရှိ၏။ အပြင်မှာ သူ့ကို လူကြီးမင်းဟု ခေါ်မည့်သူ တစ်ယောက်မှ မရှိ။ စားပွဲထိုးအချို့နှင့် ဆိုက်ကားမာစတာတို့က ဆရာဟု ခေါ်တာသာ ခံရဖူး၏။ များသောအားဖြင့်တော့ ဟယ်..၊ ရပ်ရှင်ထဲက လူကြီးဟုသာ ခေါ်တာများသည်။

ပရိသတ်အချို့မှာ ရုတ်တရက် နာမည်ဖော်မရသဖြင့် လွှတ်ခနဲ ထိုသို့သာ ခေါ်ကြ၏။ ဖုန်းထဲက လူကြီးမင်း အသံရှင်ကို အပြင်မှာသာ တွေ့လို့ကတော့ တန်ဖိုးအကြီးဆုံး ပန်းကုံးတစ်ကုံးလောက် ဆုချဖြစ်လိမ့်မည် ထင်၏။ သူ့အတွေးသူ သဘောကျပြီး ပြုံးမိသည့်အချိန်မှာ ဆိုင်ရှေ့သို့ ရှုတင်ကားရပ်လာသည်။

နန္ဒ ကမန်းကတန်း ပိုက်ဆံရှင်းလိုက်ရ၏။ ကားခေါင်းခန်းမှာ ဦးခိုင်တင်နှင့် မမို့မို့အေးတို့ ပါလာသည်။ နောက်ခန်းမှာ စက်အဖွဲ့နှင့် လူကြမ်းနှစ်ယောက်တို့အား တွေ့ရသော်လည်း နောက်ထပ်လေးယောက်လောက် လိုက်လို့ရသေး၏။

ကျောပိုးအိတ်ကို ပစ်ပေးလိုက်ပြီး ကားပေါ်တက်သည်။ လူကြမ်းတစ်ယောက်၏ ဆွဲဆရာရေ ဟူသည့် အသံနှင့်အတူ ကားဆောင့်ထွက်သွား၏။ တစ်နေ့တာ ရှုတင်ခရီးစဉ်ကတော့ စခဲ့ချေပြီ။

ရှုတင်ကား၏ လမ်းကြောင်းက စက်အဖွဲ့နှင့် စက်ပစ္စည်းများ တင်ဆောင်ခြင်းမှ အစပြုသည်။ ပြီးတော့ ဘက်ထရီအိုးများတင်၏။ ထို့နောက်မှ အရေးကြီးသော ဇာတ်ပို့၊ ဇာတ်ရံများကို ခရီးသင့်သလို လှည့်ကြိုသည်။ အပြန်မှာတော့ စက်ပစ္စည်းနှင့် အဖွဲ့က နောက်ဆုံးပိတ်ဖြစ်သည်။

'ဒေါ်ထားအဖွဲ့ ကြိုရဦးမှာလား'

'နောက်တစ်ခေါက်ထွက်မယ်လေ၊ စောသေးတာပဲဟာ ကားလည်း မဆန့်တော့ဘူး'

'အဲဒါကောင်းတယ်၊ ဒါနဲ့ ဗယ်လင်တိုင်း အထိမ်းအမှတ်ပစ္စည်းတစ်ခုခုနဲ့ လက်ဆောင်ပန်းစည်းကော'



www.burmeseclassic.com

www.burmeseclassic.com



'ပါလာပါတယ်ဗျာ၊ အဲဒါက အရေးကြီးဆုံးမို့လား'

'အိုကေ'

ဓာတ်ဝင်ခန်းတွင် အသုံးပြုမည့် ဓာတ်ဝင်ပစ္စည်းပါမပါ မေးရသေး၏။ သူက ကိုဇော်လွန်း၏ အစစ်စတင်န့်လို ဖြစ်နေသည် မဟုတ်လား။

'ဒါရိုက်တာကော'

'တက္ကစီနဲ့ လာမယ်တဲ့ ရောက်မှ ကားခရှင်းရုံပဲ'

'ဆီဖိုးသက်သာတာပေါ့'

စကားတပြောပြောနှင့်ကားက ၁၆ကွေ့အလွန်တွင် ဝေဇယန္တာလမ်းမကြီးပေါ်မှ လမ်းသွယ်ထဲ ချိုးကွေ့ဝင်လိုက်၏။ ဘောက်ထော်ရွေယာခင်းစိုက်ပျိုးရေးခြံနှင့် မျက်နှာချင်းဆိုင်အခြမ်းတွင် အိမ်ကြီးအိမ်ကောင်းများရှိသည်။ ခြံနှင့် ဝင်းနှင့် ထိုရပ်ကွက်တွင် ရှုတင်အိမ်အတော်များများရှိ၏။ ကိုအောင်တို့ ခြံနှင့်တိုက်သည့်လည်း ပရိသတ်များ အလွတ်ရလောက်အောင် မကြာခဏ ရိုက်ကူးနေကြသော အိမ်တစ်လုံးပဲ ဖြစ်သည်။

သူတို့ ခြံထဲရောက်တော့ တခြားဘယ်သူမှ မရောက်သေး။ နန္ဒစိတ်ပူနေသည်။ ဝင်းဖန့်ကို ဒါရိုက်တာမရောက်ခင် ကြိုပြီးရောက်စေချင်တာ သူ့ဆန္ဒပဲ ဖြစ်သည်။ ဝင်းဖန့်ထံ ဖုန်းဆက်ရန် ဟန်ပြင်စဉ် ခြံထဲ ကားတစ်စီးဝင်လာ၏။ ဝင်းဖန့်တို့ကား ဖြစ်နေ၍ နန္ဒစိတ်အေးသွားသည်။

နန္ဒဆီးကြိုလိုက်၏။ ဝင်းဖန့် မျက်နှာလေးတွင် စိုးရိမ်မှုတို့ စွန်းထင်းနေသည်။ ထိုသို့ စွန်းထင်းနေသော်လည်း ဝင်းဖန့်က လတ်ဆတ်စွာ လှပနေ၏။ ဝင်းဖန့် ကားပေါ်မှ အားပျော့စွာ ဆင်းလာရင်း…

'စိတ်တွေအရမ်းလှုပ်ရှားနေတယ် ကိုနန္ဒရယ်'

'ဒါ နေရာရသူတိုင်း ဖြတ်သန်းရတဲ့ လှေကားထစ်တစ်ခုပါ ဝင်းဖန့်၊ ရဲရဲရင်ဆိုင်မှ လမ်းပွင့်မှာနော်'





'ဟုတ်ကဲ့ပါ ကိုနန္ဒ'

'ဒါနဲ့ ဇာတ်ညွှန်းတွေ သေချာဖတ်ခဲ့တယ် မဟုတ်လား'

'ဟုတ်ကဲ့ ဖတ်ခဲ့ပါတယ်'

'စိတ်အေးအေးထားပြီး ကာရိုက်တာသွင်းထား မင်းသမီးကတော့ ဝိတ်နဲ့ ဖိမှာပဲ၊ သူ့နေရာကိုက အနိုင်ယူတတ်တယ်၊ မွေးစားအစ်မမို့ အိမ်ဖော်သာသာပဲ ဆက်ဆံတယ်ဆိုတာ သူ့ကာရိုက်တာ မဟုတ်လား၊ အဲဒါ ကိုယ်က ရက်(စ်)ပွန့် ပေးတတ်ရင်ပြီးပြီ၊ ဒိုင်ယာလော့ဂ်နည်းတဲ့အတွက် မျက်နှာပေးရုပ်ခံနဲ့ပဲ ထိန်းသွားရမှာ'

'ဟုတ်ကဲ့'

နန္ဒ ဝင်းဖန့်ကို အနီးကပ်သင်တန်းပို့ချနေခိုက်မှာပင် တဖြည်းဖြည်း လူစုံလာ၏။ ဆယ်နာရီသာသာလောက်တွင် ရိုက်ကူးမှု စတင်သည်။ ဝင်းဖန့်တို့ အိမ်သို့ မင်းသားရောက်လာပြီး ချစ်သူဖြစ်သူ ဝင်းဖန့်အတွက် ဗယ်လင်တိုင်းလက်ဆောင်နှင့် ပန်းစည်းပေးရန် ရောက်အလာတွင် မင်းသမီးနှင့် အရင်ဆုံပြီး ရစ်သည့် အခန်းဖြစ်၏။

ဒါရိုက်တာကိုဇော်လွန်းက ကင်မရာဖရိန်ချပြီး အဆုံးနေရာကို သတ်မှတ်နေ၏။ မင်းသား၊ မင်းသမီးက ပွဲတိုးပြီးသားမို့ အထူးတလည် သင်ပေးနေစရာမလို။ နှစ်ယောက်အဆုံးမှာပင် မင်းသမီးက မင်းသားကို စွဲငြိသွား၏။ အကျိုးအကြောင်းဆက်မေးတော့ အိမ်က မွေးစားအစ်မ၏ ချစ်သူမှန်း သိလိုက်ရပြီး ဝန်တိုစိတ်များနှင့် ဒေါပွကာ မရှိဘူး၊ မသိဘူးနှင့် ကောနေသည့် အခန်းဖြစ်သည်။

ထိုသို့ ဆုညသံများကြောင့် ဝင်းဖန့် အိမ်ထဲမှ ထွက်အလာတွင် Cut မှာပဲ ဖြစ်သည်။ Combine Shot နှင့် ဝင်းဖန့်ပေါ်လာသည်အထိပဲ ယူမှာဖြစ်၏။ နောက်မှ Camera angle ပြောင်း၍ ဝင်းဖန့်ကို INTER ပေးပြီးမှ နှစ်ယောက် တစ်ယောက် VICE VERSA အပြန်အလှန်ယူမှာ ဖြစ်သည်။

First Cut ကို ရိုက်နေစဉ် ဝင်းဖန့်အား တီးတိုးသင်ကြားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဝင်းဖန့် ဒီ SCENE မှာ ရည်းစားကို တွေ့လိုက်တဲ့ ဝမ်းသာတဲ့ အမူအရာရှိမယ်၊ ညီမနဲ့ ရည်းစားထိပ်တိုက်တွေ့လို့ စိုးရိမ်တဲ့ အိုက်တင်ရှိမယ်၊ ဘယ်လို ဖြေရှင်းရမလဲဆိုတဲ့ ဝေခွဲမရဟန်ရှိမယ်'

'ဟုတ်ကဲ့'

နန္ဒ သင်ပြနေစဉ် ဝင်းဖန့် အစ်မဝမ်းကွဲ ရှင်းသန့်နှင့် သော်သော်တို့ရှိနေ၏။ သော်သော်က ဆံပင်ကို ဖြီးသင်ပေးလိုက် ချွေးစို့တာ သုတ်ပေးလိုက်နှင့် အလုပ်ရှုပ်နေရင်းမှ…

'ကိုနန္ဒကြီး ဒါရိုက်တာလုပ်လို့ရပြီနော် သိလား'

'မြှောက်မနေစမ်းပါနဲ့ သော်သော်ရာ၊ အတွေ့အကြုံများလာရင် ဒီလိုပဲ ဝေဖန်ပိုင်းခြား တတ်သွားတာပေါ့'

ထိုစဉ် ဆင်ဝင်အောက်မှ ရိုက်ကူးမှု ပြီးသွားသဖြင့် ဝင်းဖန့်ကို ခေါ်ကာ ထွက်လာကြသည်။ ကိုဇော်လွန်းက ဝင်းဖန့် ဘာလုပ်ရမည်ဆိုတာ ပြောပြ၏။ နန္ဒပြောသည့်အတိုင်း ထပ်တူဖြစ်နေ၍ ဝင်းဖန့်က နန္ဒအား အထင်တကြီး ကြည့်သည်။ နန္ဒ မသိချင်ယောင်ဆောင်နေလိုက်၏။

သို့နှင့် အဖွင့် SCENE ကို အောင်မြင်စွာ ရိုက်လိုက်နိုင်သည်။ ဝင်းဖန့်ပုံက သုံးစက္ကန့်စာလောက်တော့ ပေဝင်သွား၏။ Camera angle ပြောင်းပြီး ပြန်ယူတော့မှ ဒိုင်ယာလော့လည်းပြော အိုက်တင်လည်းလုပ်ခွင့်ရ၏။ ဝင်းဖန့်ကကောင်းသည်ဟု ဆိုရမည်။ အပြင်မှာ မင်းသမီးကို ကြောက်သည့် အရှိန်က သရုပ်ဆောင်မှုထိပါသွားပြီး ကာရိုက်တာက ကွက်တိဖြစ်သွား၏။ ဆင်ဝင်အောက် အဆုံးပြီးတော့ Cut-3 ကို ဧည့်ခန်းတွင် IN DOOR ရိုက်အဖွဲ့ စက်အဖွဲ့ ရွှေ့ပြောင်းကြရပြန်သည်။ ထိုအချိန်မှာ မင်းသမီးက…

'ဝင်းဖန့်က ထမင်းသည် ဆိုပေမယ့် အလာကြီးပါလား မဆိုးဘူး'

ချီးကျူးစကားကိုပင် စေတနာပါပါ မပြောနိုင်ဘဲ ချိုးနှိမ်သ





လို ပြောလာသည့် မင်းသမီး၏ ကိုယ်ပိုင်ဒိုင်ယာလော့ကြောင့် ဝင်းဖန့် အိုက်တင်ကောင်းတာ သိသာနေခဲ့ပြီ။

IN DOOR SCENE ပြီးသွားတော့ အားလုံးက လက်ခုပ်တီး အားပေးကြသည်။ ကိုဇော်လွန်းက…

'လက်ခုပ်သံက အသစ်ဖူးပွင့်လာတဲ့ အနုပညာပန်းတစ်ပွင့်ကို ကြိုဆိုတာနော်၊ ညည်း သရုပ်ဆောင်ကောင်းလို့ ချီးမြှောက်တာ မဟုတ်ဘူး ကြားလား'

'ဟုတ်ကဲ့ပါ ဆရာ၊ သမီး နားလည်ပါတယ်'

'အေး… ကြိုးစားဖြစ်နိုင်တယ်'

ကိုဇော်လွန်းက ဤမျှသာပြောပြီး မင်းသမီးစိတ်မကောက်စေရန် မင်းသား၊ မင်းသမီးအဆုံ နှစ်ဆင်းန်လောက် ကျော်ပြီး ရိုက်ပေးလိုက်၏။ ပြီးမှ ဝင်းဖန့်ကို အလှည့်ပေးရသည်။

မင်းသားကို ဖြောင်းဖြ၍ ညီမလေး၏ အချစ်ကို လက်ခံရန် ပြောရသည့်အခန်းနှင့် မင်းသားနှင့်တွဲပြီး Love Scene B.Gကို ခြံထဲက မြက်ခင်းပေါ်တွင်ပင် ရိုက်၏။ ကိုဇော်လွန်းက ဆုံးဖြတ်ချက် ပိုင်နိုင်သဖြင့် ရိုက်တာမြန်သည်။ ထမင်းစားမဖြုတ်မီတွင်ပင် ငါးဆင်းန် ပြီးသွား၏။

ရွှေထမင်းသည် မယဉ်ကြည်ကို ကားဆရာက စောစောစီးစီး သွားကြိုလာ၏။ ဒီနေ့ သူ့အဖွဲ့ လူအင်အားများသည်။ မယဉ်ကြည် ကိုယ်တိုင် ထမင်းပြင်မပေးနိုင်တော့သည့် သဘော၊ သမီး မင်းသမီး လုပ်တာကို အနီးကပ်အားပေးမည့် သဘောဆောင်နေ၏။ ပူပန်စိတ်များနှင့် သမီးနားကပ်လာရင်း…

'အဆင်ပြေရဲ့လား သမီး'

'ပြေတယ် မေမေ၊ သမီး သုံးဆင်းန်တောင် ပြီးသွားပြီ သိလား၊ ကိုနန္ဒက အရမ်းတော်တာပဲ သူသင်ပြတာတွေက ဒါရိုက်တာနဲ့ ကစ်ထပ်တည်းပဲ မေမေ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အဲဒါမှတ်ထား နန္ဒနဲ့ ကိုဇော်လွှန်းက ညည်းရဲ့ လက်ဦးဆရာတွေဆိုတာ'

'ဟုတ်ကဲ့ပါ'

မင်းသမီး အဝတ်အစားလဲနေခိုက် အားလုံးနှင့် ခင်မင်နေသော မယဉ်ကြည်အား ကင်မရာမင်းအငယ်လေးက ဝင်းဖန့် သရုပ်ဆောင်မှုကို မော်နီတာနှင့် ပြန်ပြပေး၏။ မယဉ်ကြည်မျက်နှာက ပီတိများနှင့်…

'အငယ်လေးနဲ့ စက်အဖွဲ့သားတွေ သမီးကို ကူညီကြပါနော်၊ ဒီကားပြီးရင် ရှုတင်နားတဲ့ တစ်ရက် အနိတ်ဆိုင် အားလုံးထမင်းလာစားကြ၊ လုံးဝဖရီးဒစ်စကောင့်နှ် ပေးမယ်'

'ဒါမှ မင်းသမီးအမေ ရွှေထမင်းကွ'

စက်ထိန်းကျော်သူ ဝင်ဖောက်လိုက်သဖြင့် အားလုံးပွဲကျသွားကြ၏။

ထိုနေ့က အားလုံးရှစ်ဆင်းနှ် ပြီးစီးခဲ့ရာ ဝင်းဖန့် လေးဆင်းနှ် တိတိ ပါဝင်ခဲ့ရ၏။ သရုပ်ဆောင်မှုက အသားမကျသေးသော်လည်း အသစ်တစ်ယောက်အနေနှင့် ပထမလှေကားထစ်ပေါ် အောင်မြင်စွာ ခြေချနိုင်ခဲ့ကြောင်း အားလုံးက မှတ်ချက်ပေး၏။ ပြန်ရန်သိမ်းဆည်းပြင်ဆင်နေခိုက် ခြံထောင့်မှ ဒန်းလေးတွင် နန္ဒနှင့် ဝင်းဖန့်ထိုင်ဖြစ်ကြသည်။ နန္ဒက ဝင်းဖန့်အား ကြည်ကြည်နူးနူး ချွေးချွေးထွေးထွေးကြည့်ရင်း…

'ဘာမှ ပူမနေနဲ့ ဝင်းဖန့်၊ ဖြစ်သွားမှာ သိလား'

'ဟုတ်ကဲ့ ကိုနန္ဒ'

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် နန္ဒ သက်ပြင်းရှိုက်လိုက်ရင်း…

'အခု မပြောမိရင် တစ်သက်လုံး နောင်တရသွားမယ့် စကားတစ်ခွန်းလောက် ပြောချင်တယ် ဝင်းဖန့်'





'ပြောပါ ကိုနန္ဒ'

'ဟိုလေ ကိုယ် ဝင်းဖန့်အပေါ် ခင်တယ်၊ မင်တယ် စေတနာတွေ ထားခဲ့တယ်၊ ပြီးတော့ ညီမလေးတစ်ယောက်လိုလည်း စောင့်ရှောက်ခဲ့တယ်နော်'

'အဲဒါ ဝင်းဖန့် သိပါတယ် ကိုနန္ဒရယ်'

'အခုတော့ အဲဒီစိတ်ထားတွေ ကိုယ့်မှာ မရှိတော့ဘူး၊ အကုန်မောင်းထုတ်ပစ်လိုက်ပြီ ဝင်းဖန့်'

'ရှင်… ဘာဖြစ်လို့လဲ ကိုနန္ဒ၊ အဲလိုမလုပ်ပါနဲ့၊ ဝင်းဖန့် ကိုနန္ဒရဲ့ စောင့်ရှောက်မှုကို လိုအပ်နေဆဲပါ'

'မဖြစ်နိုင်တော့ဘူး ဝင်းဖန့်၊ ကိုယ် ဝင်းဖန့်ကို ညီမတစ်ယောက်လို မစောင့်ရှောက်နိုင်တော့ဘူး'

နန္ဒ၏ ယတိပြတ်စကားကြောင့် ဝင်းဖန့်မျက်နှာလေး ငယ်သွား၏။ နားမလည်သလို မော့ကြည့်နေခိုက်…

'အဲဒီအစား ချစ်သူတစ်ယောက်လို ရည်းစားတစ်ယောက်လိုပဲ စောင့်ရှောက်နိုင်တော့မယ်၊ ကိုယ် ဝင်းဖန့်ကို သိပ်ချစ် သိပ်မြတ်နိုးမိပါတယ်၊ တသသလည်း စွဲလန်းနေခဲ့တာပါ၊ ချစ်တယ် ဝင်းဖန့်ရယ်၊ ကိုယ့်မေတ္တာကို လက်ခံစဉ်းစားပေးပါနော်'

နန္ဒဆီက မထင်မှတ်ဘဲ ကြားလိုက်ရသည့် စကားကြောင့် ဝင်းဖန့်စိတ်အေးသွားဟန်နှင့် သက်ပြင်းရှိုက်လိုက်ရင်း…

'အို… ကိုနန္ဒကလည်း'

'တကယ်ပြောတာပါ ဝင်းဖန့်ရယ်၊ ကိုယ် ဝင်းဖန့်ကို မေ့မရမလောက်အောင်ကို စွဲလန်းနေမိတာပါ'

'သမီးရေ… ဆရာတို့တောင် ပြန်သွားကြပြီ၊ မေမေတို့လည်း ပြန်ကြရအောင်လေ၊ သမီးလည်း ပင်ပန်းလှရောပေါ့ နန္ဒလည်း လိုက်ခဲ့လေ အနိတ်တို့ ဝင်ပို့ပေးမယ်'

'အို… မေမေကလည်း ပို့ပေးလို့ ဖြစ်မလား၊ အိမ်ထိခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထမင်းကျွေးပြီးမှ ပြန်နိုင်းရမှာပေါ့၊ ဒီနေ့ နိုက်ဆင်းန်လည်း ရှိတာ မဟုတ်ဘူး၊ ကိုနန္ဒ စားရေးသောက်ရေး ခက်နေပါ့မယ်'

'ဩော်... အေး... အေး ဟုတ်သားပဲ၊ ကဲ... မောင်နန္ဒ တစ်ခါတည်း လိုက်ခဲ့'

အရေးကောင်း ဒိန်းဒေါင်းဖျက်သည့် ယောက္ခမကြီးအပေါ် စိတ်ခုချင်မိသည့် အနေအထားအား ညစာဝါးတီးမှန့်ပြီဆိုသည့် အလျော်အစားနှင့် ချေဖျက်လိုက်ရသည်။ နန္ဒကားမောင်းပေးလိုက်သည်။ ဝင်းဖန့် နားပါစေဆိုသည့်သဘော အိမ်ပြန်ရောက်တော့ ညခုနှစ်နာရီ ထိုးတော့မည်။ ရောက်ရောက်ချင်းပင် အန်တီက သူ့အိမ်က ဝိုင်းလုပ် ဝိုင်းစားများအား ထမင်းပြင်နိုင်း၏။

အန်တီ၊ ဝင်းဖန့်နှင့် သော်သော်ပါ တစ်ခါတည်းဝင်စားကြသဖြင့် ထမင်းဝိုင်းက ဆူညံစီဝေနေသည်။ ဦးလေးဦးအောင်ခန့်က ဘီယာတစ်ပုလင်းနှင့် နားထောင်သမားသက်သက်။ နန္ဒက မင်းသမီး၏ 'ထမင်းသည်က ဘယ်ဆိုးလို့လဲ' ဆိုစကားကို ဖောက်သည်ချသည်။ သော်သော်က နှုတ်ခမ်းတလန် ပန်းတလန်နှင့်...

'ကောင်မ... လူပါးဝလို့ သူကော ဘယ်အဆင့်က တက်လာတာလည်း စပွန်ဆာကောင်းလို့ ကားထည်လဲစီးနေရတဲ့ သူကများ ဟွန်း'

'အင်း... ဒါအမှန်ပဲလေ၊ ဒီကိစ္စက သမီးအောင်မြင်သွားတဲ့ အထိ အရိပ်လို ကပ်ပါလာမှာ ဒါပေမဲ့ ရှက်စရာမှ မဟုတ်ဘဲ၊ ထမင်းရောင်းပြီး တိုက်နဲ့ ကားနဲ့ နေနိုင်တာလေ'

'ဟုတ်တယ် အန်တီ၊ ရိုးသားတာ ကောင်းတယ်၊ အားလုံးလည်း သိနေကြတာပဲဟာ ထိမ်ချန်ထားစရာမလိုသလို ရှက်စရာလည်း မရှိဘူး'

'အဲဒါ အမှန်ပဲ'

ထမင်းဆိုင်က ထမင်းဝိုင်းမို့ ဟင်းခွက်တွေက ဘုန်းကြီးပွဲ





လောက်တော့ သနားအည်ဟုသာ ပြောရမလို ဖြစ်နေ၏။ နန္ဒ ငါးရှဥ့် ခြောက်ကြော်နှင့် ဆိတ်သားမွကြော်ကို ခံတွင်းတွေ့နေသည်။

'တဖြည်းဖြည်းနဲ့တော့ သတင်းပြန့်သွားမှာပါ၊ ရှူတင်ကို ဂျာနယ်လစ်တွေလာရင် ကျွန်တော် ဗျူးလို့ရအောင် လုပ်ပေးမယ်လေ၊ အသစ်တိုးဝင်တယ်ဆိုတာ မီဒီယာအားကလည်း လိုသေးတယ် အန်တီရဲ့'

'မောင်နန္ဒ ကောင်းသလိုသာ စီစဉ်ပါကွယ်၊ အန်တီလည်း သိပ်နားမလည်ဘူး မဟုတ်လား'

'ဟုတ်ကဲ့ စိတ်ချပါ၊ အရေးကြီးတာက ဝင်းဖန့်ပဲ၊ ဗျူးတဲ့ အခါ အပြောအဆိုတတ်ဖို့ လိုတယ်၊ ပရိသတ်မေတ္တာကိုရဖို့ ပြောနိုင်ရမယ်'

'ဟုတ်ကဲ့ ကိုနန္ဒ'

အရေးကြီးတာတွေ နည်းပေးလမ်းပြလုပ်ပြီး မနက်အတွက် အားမွေးရန် စောစောအိပ်နိုင်း၍ ပြန်လာခဲ့သည်။ ရင်ထဲမှာတော့ ဩခက်စကြာ သံစုံတီးဝိုင်းတစ်ဝိုင်း ရောက်နေသလို ဆူညံတုန်ခါနေ၏။

ကြိုတင်ကြံရွယ်ထားခြင်း မရှိပါဘဲ စိတ်မထိန်းနိုင်စွာ ဖွင့်ဟချစ်ရေးဆိုမိခြင်းအတွက် လုံးဝနောင်တမရ၊ သူ ဝင်းဖန့်ကို တကယ်ချစ်တာ သူကိုယ်တိုင်သာမက ရှူတင်တစ်ဖွဲ့လုံး သိနေပြီးသား မဟုတ်လား။

သရုပ်ဆောင်ဘဝ နိုင်မာအားကောင်းအောင် ကြိုးစားရင်း အနာဂတ်လှဖို့ ပြင်ဆင်ရုံသာ ရှိတော့သည်။ ဝင်းဖန့်၏ တုံ့ပြန်မှုကို စောင့်ရတော့မည်။ နန္ဒဘဝရှေ့ရေးအတွက် အားတွေတက်ပြီး စိတ်ကူးနှင့် ပလင်န် ချနေမိလေ၏။ |

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ရာသီဥတု သာယာနေသည်။ ဒီနေ့ လိုကေးရှင်းက မြရိပ်ညို ဟိုတယ်မှာ ဖြစ်၏။ အဖွဲ့သားတွေ အားလုံးစုံညီစွာ ရောက်ရှိနေကြပြီ။ ဝင်းဖန့် ပါဝင်သရုပ်ဆောင်သော 'အစိမ်းခြေဝက်ဘ်ဆိုက်' ဇာတ်ကား၊ ဒီနေ့ နောက်ဆုံးရိုက်ရက် ဖြစ်သည်။ မင်းသား၊ မင်းသမီး ဟိုတယ်မှာ မင်္ဂလာဆောင်မည့် အခန်းဆိုတော့ လူအင်အား အများကြီးလို၏။

ပရိသတ်လုပ်ရန် သရုပ်ဆောင်များကို ဒေါ်ထားနှင့် အက်စ တာအဖွဲ့တို့မှမှူပြီး ကားနှစ်စီးတိုက်ခေါ်ထားရသည်။ မင်္ဂလာဆောင်တွင် မင်းသားက မင်းသမီးကို ထားခဲ့ပြီး အချစ်ဦး ဝင်းဖန့်ကို ဆွဲ၍ ထွက်ပြေးသည့်အခန်း ဖြစ်သည်။ မင်းသမီးမှာ ရှက်စိတ်၊ မနာလို ဝန်တိုစိတ်၊ ဒေါသစိတ်တို့နှင့် လဲကျသေဆုံးသည့် ဇာတ်သိမ်းခန်းကို အရင်ရိုက်ကူးမည်ဖြစ်ပြီး ကျန်တာတော့ ကောက်သင်းကောက်ရိုက်ဖို့ စီစဉ်ထား၏။

မောက်ဆင်းနိုးအတွက် ကရိန်းပါဆင်ထားသည်။ အချိန်နှင့် ငွေကို ငဲ့၍ ထရော်လီမသယ်တော့ဘဲ ထိုအစား ဆိုက်ကားတစ်စီးသာ ခေါ်ထားသည်။ ဦးစွာ Ending ၏ Last Cut ကို အရင်ရိုက်မည်။ သတို့သားမင်းသားက ဝင်းဖန့်လက်ကို ထွက်ပြေးလာသည်မှ စသည်။

နောက်မှ သတို့သမီး မင်းသမီး ဒေါသနှင့် လိုက်လာမည်။ သူ့နောက်မှ နှစ်ဖက်မိဘများ၊ ပြီးတော့ ဧည့်ပရိသတ်များ လိုက်လာ





မည်။ ဆိုက်ကားထရော်လီနှင့် ကရိန်းအစစ်ပါ ပါသဖြင့် အားလုံးတိုင်မင်ကိုက်အောင် ရီဟာဇယ် အကြိမ်ကြိမ်လုပ်ရ၏။ ကင်မရာတစ်လုံးက ကရိန်းပေါ်မှာ တစ်လုံးက ဆိုက်ကားပေါ်မှာ ဆိုက်ကားကို မနင်းဘဲ စက်အဖွဲ့သုံးယောက်က ထိန်းပြီး အရှိန်မနှေးမမြန်နှင့် တွန်းကြသည်။

ဒါမျိုး ကိုရီးယားမှာ ရိုက်လျှင် ဤတစ်ဆင်းနိုးထဲကို နှစ်ရက် သုံးရက် ရိုက်ကြမည်ထင်၏။ ဒီမှာကတော့ ပြည်ပဈေးကွက်မရှိ၍ ကုန်ကျစရိတ်ကို ချုံ့ပြီး တက်သုတ်ရိုက် ရိုက်ကြရသည်။

ကရိန်းအသွားအလာ ဆိုက်ကားထရော်လီအဖြတ်၊ သရုပ်ဆောင်များအပြေးကို ချိန်သားကိုက်မကိုက်၊ လိုချင်သော ကင်မရာအင်နံဂယ် ရမရ၊ ဒါရိုက်တာက မော်နီတာမှ တစ်ဆင့်ကြည့်ပြီး လိုအပ်တာ ညွှန်ကြားရသည်။ ရီဟာဇယ် သုံးကြိမ်လုပ်အပြီးမှာ စရိုက်ကြ၏။

'Ending Last Cut 5. 4 . 3. 2. 1 action'

ဟိုတယ်တံခါး ပွင့်လာပြီး မင်းသားက ဝင်းဖန့်ကို လက်ဆွဲ၍ အတင်းပြေးလာ၏။ ဆိုက်ကားထရော်လီပေါ်မှ ကင်မရာက သရီးကွာတားဖရိန်နှင့် အက်တာများကို တောက်လျှောက်လိုက်သည်။ ကရိန်းပေါ်မှ ကင်မရာက လောင်းရှော့တ်နှင့် နိမ့်ရာမှ မြင့်တက်ရင်း ညာဘက်သို့ ရမ်းသွား၏။

ကိုဇော်လွှမ်း ဆွစ်ချာကို ဒလစပ်နှိပ်ရင်း ကင်မရာနှစ်လုံး၏ ရိုက်ချက်များကို မျက်ခြေမပြတ်ကြည့်သည်။ သရုပ်ဆောင်များက တောက်လျှောက်လုပ်သွားကြပြီး လိုအပ်သည်ကိုသာ close inter ပြန်ဖောက်မည် ဖြစ်သည်။

မင်းသားနှင့် ဝင်းဖန့်က ပြေး၊ မင်းသမီးက လိုက်၊ ရှော့တ်မိဖြစ်ပြီးလဲကျ မင်းသားနှင့် ဝင်းဖန့် ပြန်လှည့်ကြည့်၊ ဝင်းဖန့်က ညီမလေးဟု အော်ကာ ပြန်လှည့်ပြေး မိဘများရောက်လာ၊ ဝင်းဖန့်က မင်းသမီးကို ပွေ့၊ မင်းသမီးက ဝင်းဖန့်အား တောင်းပန်၊ ဝင်းဖန့်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်၊ မင်းသမီးသေ စသည်ဖြင့် အစအဆုံး လုပ်သွားကြသည်။

ပြီးတော့ ခဏနားပြီး ရိုက်ချက်များကို ပြည်ကြည့်သည်။ တော်သေးသည် ကင်မရာနှစ်လုံးစလုံး ပြန်ရိုက်ရန်မလိုအောင် ကောင်းနေ၏။ သရုပ်ဆောင်များ၏ အိုက်တင်များ၊ မုဒ်များ၊ မျက်ရည်များရအောင် close ပြန်ဖောက်ရသည်။ တစ်ယောက်ချင်းစီ၏ အိုက်တင်များပြန်ယူနေသဖြင့် ပါဝင်သူအားလုံး ပြောပြီးသား စကားကိုပဲ အထပ်ထပ်ပြောပြီး အကြိမ်ကြိမ်ပြန်ရိုက်ရ၏။

မိန်းအက်တာများ ပြီးတော့ ဆိုက်ပတ်စ်အက်တာများ၏ အင်တာများ ယူရပြန်သည်။ စိတ်ကျေနပ်မှု ရသောအခါ ထိုနောက်ဆုံးခန်းကို နှစ်နာရီကျော် အချိန်ပေးရတာ တွေ့ရသည်။

Last cut ပြီးမှ အက်တာများ မိတ်ကပ်ပြန်လုပ် အဝတ်အစားဖုန်ခါကာ ပြန်လည်ပြင်ဆင်ကြ၏။ အခု ဟိုတယ်တွင် အင်ဒိုးအခန်းများကို ရိုက်မည်ဖြစ်သည်။ ခန်းမကျယ်ကြီးအတွင်း မင်္ဂလာဆောင်နှံ့နှင့် ဧည့်ပရိသတ်များ စည်ကားနေပုံ၊ Long shot၊ ဝင်းဖန့် လိုက်ဧည့်ခံရင်း ရေခဲမုန့်ချပေးနေပုံ၊ စင်မြင့်ထက်မှ ညီမနှင့်ချစ်သူတို့ကို လှမ်းကြည့်မျက်ရည်ဝဲကာ အားတင်းပြုံးလိုက်ပုံ၊ မင်းသားယူကြုံးမရဖြစ်ပုံ၊ မင်းသမီးက မင်းသားကို ထိန်းပုံ၊ မင်းသားအံကြိတ်ဆုံးဖြတ်၊ စင်ပေါ်မှ ပြေးဆင်း၊ ဝင်းဖန့်ကို အတင်းဆွဲ ထွက်ပြေး၊ မင်းသမီး အံ့အားသင့်ဒေါ်ပွပုံ စသည့် မိန်းအက်တာ သုံးယောက်၏ သရုပ်ဆောင်မှုများကို တစ်ကဒ်ချင်း close up ရိုက်ယူရသည်။

ပြေးသည့်အခန်း ရိုက်ခါနီး မင်းသားက မေ့သွား၍…

'ကျွန်တော် မင်းသမီးကို ဘယ်လက်နဲ့ ဆွဲပြေးတာလဲ'

'ညာလက်နဲ့ ဆွဲပြေးတာ လက်ချင်းဆုပ်ထားတာ မဟုတ်ဘူး၊ လက်ကောက်ဝတ်ကို ကိုင်ပြီး ပြေးတာ မင်းသား'

'အိုကေ… သိုင်းခ်ယူ'

မင်းသားမေ့သွားတာကို စကရစ်က ထောက်ပြပြောပေးရ၏။





အိုက်တင်နှင့် အနေအထား အားလုံးလစ်ဟာမှု မရှိအောင် ကွန်တင်နျူတီကိုက်အောင် မှတ်သားရသည်မှာ စကရစ်၏ တာဝန်ပဲ မဟုတ်လား။

ထိုဇာတ်သိမ်းတစ်ခန်းပဲ ပြီးအောင်ရိုက်ပြီး နားကြတော့ နေ့ခင်းနှစ်နာရီ ထိုးနေပြီ။ ထိုအခါမှ အားလုံးထမင်းစားကြရ၏။ စိတ်ပန်းလူပန်းနှင့်မို့ သိပ်မစားနိုင်ကြတော့။

မယဉ်ကြည်က ဒါရိုက်တာဝိုင်းအတွက် စပယ်ရှယ်ကြက်ခွေးတောက် ဟင်းချို၊ ပြည်ကြီးငါးသုပ်၊ မာလာငါးဟင်း၊ မှိုကန်စွန်း၊ ကြက်ကြော်တို့နှင့် သေချာပြင်ဆင်ပေး၏။ ကိုဇော်လွန်းနှင့် နန္ဒ ဟင်းကိုသာ အားပြုပြီး ကိုရီးယားဆန်ဆန် စားလိုက်ကြ၏။

'အဟင်း… ကြည်ဝင်းဖန့်ကို မင်းသမီးတင်ရတာ မဆိုးဘူး၊ အရရှိတာတွေပဲ ဗိုက်ကားအောင် စားရတယ်ဟ'

ကိုဇော်လွန်း၏ မှတ်ချက်ကြောင့် အားလုံးသဘောတကျ ရယ်လိုက်ကြ၏။ ဟိုတယ်မှာ လာရိုက်ပြီး အပင်ရိပ်မှာ၊ လမ်းဘေးမှာ ထမင်းစားနေကြသူများကို နိုင်ငံခြားသား ဧည့်သည်များက တကူးတက ဓာတ်ပုံရိုက်ယူသွားကြသေး၏။ စားပြီးတော့လည်း ထမင်းလုံးမစီနိုင်အား ကားပြီးဖို့ သွက်သွက်ရိုက်ရ ဦးမည်မို့ လိုကေးရှင်းပြောင်းဖို့ ထွက်လာကြသည်။

OUT DOOR SCENE များ ရိုက်မည်ဖြစ်၍ ဦးဇွာ ကရိန်းကို ကန်တော်ကြီးသို့ အရင်ပို့သည်။ ပြီးတော့ စက်အဖွဲ့၊ ထို့နောက်မှ အက်တာများ စသည်ဖြင့် ရှုတင်ကားနှစ်စီးနှင့် နှစ်ခေါက်သယ်ယူပြောင်းရွှေ့ ပို့ပေးရသည်။

Ending ပြီးသွား၍ အားလုံးစိတ်ပေါ့ပါးနေကြ၏။ ကောက်သင်းကောက် သုံးဆင်းနဲ့ပဲ ကျန်တော့သဖြင့် ကားပြီးဖို့ အတော်သေချာနေပြီ။ သုံးနာရီခွဲတွင် လူစုံ၍ ဆက်လက်ရိုက်ကူးကြသည်။

Love scene, Fighting နှင့် စားသောက်ဆိုင်အတွင်း တစ်ဆင်းနှစ်ဆင်း ရိုက်ပြီးသောအခါ ညနေခြောက်နာရီ ဆယ်မိနစ် ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ စက်အဖွဲ့သားတွေ အောင့်သီးအောင့်သက် ဖြစ်ကုန်ကြ၏။ ဆယ်မိနစ်ကျော်ရုံလေးနှင့် ဘယ်မန်နေဂျာကမှ နှစ်ဂျူတီစာ ရှင်းမည် မဟုတ်တာ သူတို့ သိနေသည်ပဲ။

သို့သော် ကိစ္စမရှိ ဖာတ်ကားနောက်ဆုံးရက် ဖြစ်နေသလို ပြီးလည်းပြီးသွားပြီ ဆိုတော့ မင်းသား၊ မင်းသမီးတို့ထံမှ အကြင်နာ မုန့်ဖိုးရကြဦးမည် မဟုတ်လား။ စက်အဖွဲ့သားတွေ အားလုံး မင်းသမီးနားမှ မခွာကြ။ စက်အဖွဲ့တစ်ဖွဲ့လျှင် ငါးသောင်းနှုန်းနှင့် မင်းသမီးထံမှ ငွေတစ်သိန်း ရလိုက်သည်။ အားလုံးခွဲဝေယူကြပေရော့။

မင်းသမီး နှုတ်ဆက်ပြီး ပြန်သွားတော့ ထုံးစံအတိုင်း မင်းသားကားနားမှာ အုံနေကြပြန်သည်။ မင်းသားက ပြီးသွားသည့် ဖာတ်ကားတွင် သူဝတ်ဆင်ခဲ့သည့် ဖာတ်ဝင်ခန်းသုံး အင်္ကျီများကို ဝေပေးနေ၏။ လက်သွက်သူတွေရပြီး ရှက်တတ်သူတွေ မရကြ။

ရုပ်ရှင်နှင့် ဗီဒီယိုလောကမှာ ဒီလိုချစ်စရာ အလေ့အထလေးတွေရှိတာ ကြည်နူးစရာကောင်းသည်။ အားလုံးကတော့ အနွမ်းပါးဆုံး စက်အဖွဲ့သားများကိုသာ ပံ့ပိုးပေးကြသည်။

ကိုဇော်လွန်းက တာဝန်ငြိမ်းပြီး ဖာတ်သိမ်းပြီမို့ ဝိုင်းဖြစ်အောင် စည်းရုံးပြီး သောက်နေခဲ့ပြီ။ နန္ဒလည်း ထိုဝိုင်းတွင်ပါသွား၏။ ဝင်းဖန့်က ဒါရိုက်တာကို ပုဆိုးတစ်ထည် ငွေငါးသောင်းနှင့် ထပ်ကန်တော့သည်။ ကိုဇော်လွန်းကလည်း ဝင်းဖန့်အတွက် အက်တာကြေး တစ်သိန်းရအောင် တောင်းပေး၏။

ပွဲဦးထွက်ကားမှာ သရုပ်ဆောင်ကြေးရတာပဲ အတော်ကံကောင်းနေပြီ။ မင်းသား၊ မင်းသမီး ပြီးလျှင် လူအုံတာခံရသူကတော့ မန်နေဂျာပဲ ဖြစ်သည်။ အလုပ်ပြီးသွားပြီမို့ သရုပ်ဆောင်ခ ကျန်ငွေ အေးလီးကြေး စသည်ဖြင့် တောင်းရန် ဝိုင်းအုံနေကြခြင်း ဖြစ်၏။

မှောင်စပြုမှပဲ လူကွဲသွားကြ၏။ ဒါရိုက်တာနှင့် အဖွဲ့က ကိုယ့်အစီအစဉ်နှင့်ကိုယ် ပြန်မည်ဆိုသဖြင့် ရှူတင်ကားလည်း ထွက်





သွားပြီ။ အန်တီနှင့်ဝင်းဖန့်က နောက်လည်း ခေါ်သုံးပါဆရာဟု စကားပါးရင်း နှုတ်ဆက်သည်။

'မောင်နန္ဒ အိမ်ကို လာခဲ့ဦးနော်'

'ဟုတ်ကဲ့ အန်တီ'

အခုတော့ ဒါရိုက်တာနှင့် အဖွဲ့သာ သောက်စားရင်း ကျန်ခဲ့ကြ၏။ ကန်တော်ကြီး၏ ညအလှက တိတ်ဆိတ်လျက် ဣန္ဒြေကြီးနေသည်။ လေညှင်းက တသုန်သုန် သုတ်ဖြူးဆော်သွေးလျက်…

* * *

တစ်ရက်နားရသည့်နေ့တွင် လျှော်ရမည့် အဝတ်အစားများစု၍ အိတ်တစ်လုံးနှင့် ထည့်ပြီး ပင်မင်းပေးဖို့ နန္ဒထွက်လာ၏။ ဝင်းဖန့်နှင့် မတွေ့ရတာ နှစ်ဆယ့်လေးနာရီပင် မပြည့်သေးသော်လည်း တော်တော်လေး သတိရနေမိသဖြင့် လမ်းလျှောက်နေရင်း ဖုန်းလှမ်းခေါ်လိုက်သည်။ ဝင်းဖန့်နှင့် တန်းတိုး၏။

'ဝင်းဖန့်လား'

'ဟုတ်ကဲ့ ကိုနန္ဒ'

'ဘယ်လိုလဲ အနားယူနေတာလား'

'ဆိုပါတော့ တအားစိတ်ပင်ပန်းတယ်နော်'

'ဒါ အစပဲရှိသေးတာ ဝင်းဖန့်ရဲ့'

'ဟုတ်တယ်နော် ကိုနန္ဒကော နားနေတာလား'

'အင်းပေါ့ ရက်ချိတ်တဲ့သူ မရှိသေးဘူးလေ'

'ခု ဘာလုပ်နေလဲ'

'အဝတ်ဟောင်းတွေ လျှော်ဖို့ ပင်မင်းသွားပို့မလို့ အခု လမ်းမှာလေ'

'ဟုတ်လား လူပျိုဖြစ်ကြောင်း အပီအပြင်ကြွားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… လူပျိုမှ I.S.O 9002 လက်မှတ်ရ ရှယ်လူပျို။ အသက်တစ်ရာပြည့်မှ ရက်လွန်အစားအစာဖြစ်မယ့် လူပျို'

'ခစ်… ခစ်… ခစ်'

'ဒါနဲ့ ကိုယ့်ကို အဖြေပေးဖို့ စဉ်းစားပြီးပြီလား'

'အမေက ငယ်သေးတယ်တဲ့'

'အလကားပြောတာ အန့်တီ အိမ်ထောင်ကျတော့– ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်တဲ့ သူပဲပြောတာ အခု ဝင်းဖန့်က တွမ်တီတူးလေ'

'တူးတူးပေါ့ အာ ဦးမှာလား'

'အင်း… တူးတူးက ထောင့်ငါးရာဖိုး၊ နှစ်နှစ်က ထောင့်ငါးရာဖိုးစီလေ'

တစ်ဖက်မှ စကားသံတို့ တိတ်သွား၏။

'ဝင်းဖန့် ပြောလေကွာ'

'စဉ်းစားပါရစေဦး ကိုနန္ဒရယ်'

'ဘာလဲ နာမည်ကြီးမင်းသား မဟုတ်လို့လား'

'အဲလို မပြောပါနဲ့ ဝင်းဖန့်ဘဝ ရပ်တည်မှု ခိုင်မာသွားမှ အချစ်ရေးစဉ်းစားမယ်လို့ ဆုံးဖြတ်ထားလို့ပါ'

'ဟုတ်ပြီလေ၊ ဒါနဲ့ တခြားပရိုပို့စ် လုပ်ထားတဲ့သူတွေ ရှိသေးလား'

'အင်း… အများကြီးပဲ မင်းသားသစ်တစ်ယောက်တောင် ပါသေး'

'ဟာ… ဝင်းဖန့်ရာ ကိုယ်ရင်ပူအောင် မလုပ်နဲ့နော်'

'တကယ်ပြောတာပါ၊ ဒါပေမဲ့ တချို့က ဖျက်ဆီးချင်လို့၊ တချို့က လက်တည့်စမ်းတာ၊ ဒီလောက်တော့ ဝင်းဖန့် သိပါတယ်'

'ဟူး… တော်သေးတာပေါ့၊ ကဲ… ဒါဆို ဒါပဲနော် ကိုယ်ကိုဒီပဖန့်တော့ စကားစထားတယ်၊ အဆင်ပြေလောက်မယ် ထင်တာပဲ၊ နောက်တစ်ကားလေ'





'ကျေးဇူးပါပဲ ကိုနန္ဒရယ်'

'ဆီးယူ ဘိုင့်ဘိုင်'

အနောဂတ်လက်တွဲဖော်က စဉ်းစားဦးမည်ဆိုတော့ နန္ဒ ဘာမှဆက်လုပ်လို့ မရတော့ချေ။ ပင်မင်းဆိုင်တွင် အဝတ်များအပ်ပြီးတော့ တစ်နေ့တာ အချိန်ကို ဘယ်လိုဖြုန်းရမှန်းမသိ ဖြစ်နေ၏။

သို့နှင့် အားနေမည့် ဘော်ဒါများကို လှမ်းဆက်သွယ်ပြီး ချိန်းလိုက်သည်။ တစ်နာရီအတွင်း ပုဇွန်တောင်မှ ဘီယာဆိုင်တစ်ဆိုင်တွင် ဆုံကြမည်ပေါ့။ သူ့လို သရုပ်ဆောင်ကျော်စွာနှင့် လူရွှင်တော်ကြာဖတို့ နာရီဝက်အတွင်း ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ အတော်တက်ကြွနေကြသည်ထင့်…

'ကဲ… အီကွဲတူ ရှယ်ယာနော်'

'ပါးစပ်နဲ့ မလုပ်နဲ့လေ၊ ငါးထောင်စီ ထုတ်ပြီး ထပ်လိုက်'

'အဲဒါ ကောင်းတယ်'

အားလုံး၏ လက်တွေလေထဲ မမြောက်ဘဲ အိပ်ကပ်ထဲနှိုက်ပြီး ငွေငါးထောင်စီ ထုတ်လိုက်ကြသည်။ ထိုငွေ တစ်သောင်းခွဲကို နန္ဒစုကာ သိမ်းထားလိုက်၏။

'နှစ်ခွက် သုံးခွက် သောက်ပြီး အပေါ့သွားမလိုလို ဆေးပေါ့လိပ်ဝယ်မလိုလိုနဲ့တော့ လစ်ထွက်မသွားနဲ့နော် နန္ဒ'

'ဟဲ… ဟဲ မင်းတို့ မယုံရင် ဦးမြည္ဟန့်ဆီ ဖုန်းဆက်ပြီး ရဲနှစ်ယောက်လောက် ခေါ်လိုက်ပါလား၊ လက်ထိပ်ပါယူခဲ့လို့'

'မလုပ်နဲ့မောင် ဦးလေးဆီက ရဲတွေအကုန်လုံး ငွေးတွေချည်းပဲ၊ သူတို့ချည်းပဲ သောက်သွားလို့ မောင်းထုတ်လို့မရ သာခုခေါ်လို့မရ ဖြစ်နေဦးမယ်'

'ဟုတ်ပါ့ကွာ၊ သောက်ချက်က ကမ်းကုန်တယ်၊ ဒေးလီးခကုန်တဲ့အပြင် ဦးမြည္ဟန့်ရဲ့ ယူနီဖောင်းငှားခ သေနတ်ငှားခပါ မျက်စောင်းထိုးနေကြတာဟ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း… ကိုင်း ဖောမနေကြနဲ့ မှာစရာရှိတာ မှာ'

'ဘီယာပဲလား အပြင်းချမလား'

'ဘီယာတစ်ဂျားနဲ့ စပြီး အပြင်းတစ်လုံးနဲ့ ပိတ်မယ်'

'အိုးတကေ'

အားလုံးညီကြသဖြင့် ဘီယာတစ်ဂျားနှင့် ဝီစကီတစ်လုံးမှာပြီး အမြည်းအဖြစ် ကစွန်းပလိန်း၊ အဆီဗူးကင်၊ ရုံးပတီသီးကင်နှင့် ဟင်းချို တစ်ပွဲဖြင့် ဝိုင်းစလိုက်ကြ၏။ ဦးမင်းကျော်ကို ဂုဏ်ပြုပြီး သောက်တာ လား၊ ကြိုက်လို့သောက်တာလား၊ ပျင်းလို့သောက်တာလား၊ ရိုးရာထိန်း သိမ်းဖို့ သောက်တာလား ဘာမှန်းမသိသည့် သောက်ပွဲကြီး စတင် လိုက်ရာ စားမြိန်စာခွက် သရဲနှိုက်သလို ဖြစ်ကုန်ကြ၏။

မသောက်လျှင် ပစ်သတ်မည်ဟု ခြိမ်းခြောက်ခံထားရသလို သောက်ကြသည်။ အပျော့ကုန်၍ အပြင်းတစ်ခွက်စီ ဝင်သွားကြမှ နည်းနည်း ဣန္ဒြေရသွား၏။

'အဟမ်း… နန္ဒ မင်း ဥယျာဉ်မှူး လုပ်နေတယ်ဆို'

'ဟုတ်လား ဘယ်မှာလဲ၊ မြေပဒေသာကျွန်းလား ကန်တော် ကြီးလား'

ကျော်စွာက ပင့်တင်အပြီး ကြာဇံက ရိုက်ချလိုက်၏။ နန္ဒက မသိသလို အိုက်တင်နှင့်…

'ဘာတွေလဲ ငါက သရုပ်ဆောင်လေ၊ ဘာကိစ္စ ဥယျာဉ်မှူး လုပ်ရမှာလဲ'

'ငတ်ချင်ယောင်ဆောင်ပြီး နိဗ္ဗာန်ဈေးသွားမတိုးနဲ့ နန္ဒ၊ မင်း ယောက္ခမလောင်း ဒေါ်ယဉ်ကြည်က လွယ်တာမဟုတ်ဘူး'

'ဘာလဲ ဘာတွေလဲ ရှင်းအောင်ပြောကွာ'

'ရူးချင်ယောင်ဆောင်မနေနဲ့ နန္ဒ၊ မင်း ကြည်ဝင်းခန့်ကို ကြံ စည်နေတာ တစ်လောကလုံးသိတယ်၊ အခုပဲ မင်းသမီးတင်နေပြီမို့လား မင်းရဲ့ လုပ်အားစွမ်းဆာတွေနဲ့လေ'





'ဟာ… ဟုတ်လား နန္ဒ၊ မင်းတော့ ဥယျာဉ်မှူးလုပ်ရင်း ပဒိုင်းပင် စိုက်မိပြီထင်တယ်'

'အေး… အဲဒါ ဟုတ်တယ်နော်၊ မင်းကို လေ့ကားလို အသုံး ချသွားမှာ အားလုံးကြိုမြင်နေရတယ်ကွာ၊ ရိုးနေပြီ ဒါ ချိုင်းပလေးတွေ ပါ မင်း မသိဘူးလား'

နှစ်ကောင်သား ဝိုင်းသမနေကြသည်မှာ နန္ဒ ခေါင်းပင်မဖော် နိုင်တော့။

'ဝင်းဖန့်က အဲလို မဟုတ်ပါဘူးကွာ'

'မှန်တယ် သူ့အမေကြီးက အရာရာချယ်လှယ်သွားမှာ'

'အခု အခြေအနေအမှန်က ဘယ်လိုလဲ'

ကြာဇံ၏ အမေးကို အမှန်အတိုင်း ဖြေရန်သင့်မသင့် တွေးနေ ၏။ သူနည်းနည်းရီဝေနေပြီဆိုတော့ ဘီယာမူး ဆိုင်ကယ်နိုးဖော်ချင်နေ ပြီ။

'အဟင်း… သူ့ဆီက အဖြေကိုတော့ တောင်းနေတာပဲ၊ သူကလည်း စဉ်းစားနေတယ်လေ ဒါပဲ'

'ဘယ်လို အကြောင်းပြသေးလဲ'

'သူ နေရာတစ်နေရာရမှ အချစ်ရေး စဉ်းစားချင်တာတဲ့ ကျော်စွာရ'

'အင်း… ဒါနော်မယ်လ်ပဲ၊ ဒါပေမဲ့ အဲလို နေရာရသွားတဲ့ အခါမှာ သူက တန်းတူနဲ့ အမြင့် ဘယ်ဟာကို မှန်းမလဲ အဲဒီ အဖြေက မှ မိန်း'

ကျော်စွာစကားကို အားလုံးစဉ်းစားခန်း ဝင်သွားကြ၏။ နန္ဒ ဝီစကီတစ်ပက် ထပ်ထည့်လိုက်ပြီး ရေခဲတုံးနှင့် မွှေကာ အရသာခံ သောက်လိုက်သည်။ ပြီးတော့ အဆီဗူးတစ်ဖွဲ့၊ ရုံးပတီသီးတစ်ကိုက်နှင့် အရက်ပူကို ဖြေ၏။

'ငါတော့ ဝင်းဖန့် အချစ်ကို ကိုးကွယ်မယ်လို့ ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကတော့ ဝင်းဖန့်ကို ကိုးကွယ်မယ်ပေါ့'

'အဟင်း... ချစ်တာကိုးကွ'

'ဝင်းဖန့်ရဲ့ အလှက မြင့်တဲ့ ယောက်ျားတိုင်း သမင်လည်ပြန် မကြည့်ဘဲ မနေနိုင်အောင် လှတာဟ၊ မင်းချစ်မိတာ မဆန်းပါဘူး'

ကြာဖံ၏ မှတ်ချက်ကြောင့် နန္ဒတင်းသွား၏။

'ဟော့ကောင်... ထလုပ်လိုက်လို့ ကြာဖံပြုတ် ဖြစ်သွားမယ်၊ မင်း စကားတွေက ဒိုင်မမြင်ရင်တောင် အနီကတ်ထိမယ့် ဖောင်းတွေ ဖြစ်နေပြီ'

'ဟား... ဟား... ဟား တွန့်မနေနဲ့ တိုမနေနဲ့ ခုချိန်မှာ ဝင်းဖန့်က အပျို၊ အားလုံးနဲ့ သက်ဆိုင်ခွင့်ရှိတယ်'

'ကဲ... တော်စမ်းပါ ကြာဖံရာ၊ တော်ကြာ နန္ဒ တကယ်တင်းပြီး ထွက်သွားမှ ရှင်းစရာပိုက်ဆံ မရှိဘဲ ဖြစ်နေမယ်၊ ပေါ့ပေါ့ပါးပါးပဲ ပြောရအောင်'

ကျော်စွာ ဟန့်လိုက်သဖြင့် အားလုံး ကိုယ့်ခွက်ကိုယ် ကိုင်ကာ ချီးယားစ်လုပ်ရင်း ဖိမ်ခံလိုက်ကြပြန်သည်။ ကျော်စွာက...

'ဒါရိုက်တာ မီးကျီးခဲ ပုဂံမှာ ခံသွားရတာ ကြားပြီးပြီလား'

'ဟင့်အင်း... ပြောစမ်းပါဦး'

'အဟင်း... ဘုရားဘုရားနားက သောင်စပ်မှာ လိုကေးရှင်း တည်သံတဲ့ကွာ၊ အနီးအနားက ရွာသူရွာသားတွေအပြင် ဘုရားဖူးတွေ ပါရောက်လာတော့ အလုပ်မဖြစ်တော့ဘူးပေါ့၊ ဒါနဲ့ မီးကျီးခဲက လှည့် ပတ်ပြီး လိုကေးရှင်း ထပ်ရှာသတဲ့၊ အနီးအနားမှာ သူ့စိတ်ကြိုက်မတွေ့ တော့ အရင်နေရာမှာပဲ ဖြစ်အောင် ရိုက်မယ်ဆိုပြီး ပြန်လာရော'

ပြောလက်စ စကားကိုရပ်၍ အရက်မော့ အမြည်းစားလုပ်နေ သဖြင့် နန္ဒနှင့် ကြာဖံ စိတ်မရှည်နိုင်အောင် ဖြစ်သွားကြသည်။

'မင်းဟာကလည်းကွာ ဇာတ်လမ်းတွဲ ကြည့်ရသလိုပါပဲလား ကွာ၊ လိုရင်းကို မရောက်တော့ဘူး'





'ဟဲ... ဟဲ စိတ်ရှည်ရှည်ထားစမ်းပါကွာ၊ အဲဒီအချိန်မှာ သရုပ်ဆောင်တွေကို ဝိုင်းထားတဲ့ ရွာသားတွေနဲ့ ဘုရားဖူးတွေက ထောင်ချီနေပြီကွ၊ ဘုရားပွဲလား မှတ်ရတယ်၊ တိုးလို့ကို မပေါက်ဘူး၊ မီးကျီးခဲက အဲဒီအချိန်မှာ တင်းနေပြီ'

'သူတင်းတာကလည်း ဆယ့်နှစ်ရာသီပါကွာ'

'အေးလေ... ဒါနဲ့ သူလည်း ရွာသားတွေကို တိုးဝှေ့ပြီးဝင်ဖို့ ကြိုးစားတာပေါ့ကွာ၊ အဲဒီမှာ ခပ်စွာစွာအမျိုးသမီးတစ်ယောက်နဲ့ ကျိုင် တက်တာ'

'မဟုတ်တရုတ် လုပ်လိုက်လို့လား'

'တိုးရင်းဝှေ့ရင်း ထိမိတာ ဖြစ်မှာပါ၊ မီးကျီးခဲ တောင်းပန်ပေ မယ့် မရဘူး၊ ကျိုင်က တော်တော်ပူနေပြီ'

ကျော်စွာက ပြောတာနားပြီး သောက်လိုက်စားလိုက် လုပ်နေ ပြန်၏။ တမင်လုပ်နေမှန်းသိ၍ နန္ဒတို့ မသိချင်ယောင်ဆောင်ပြီး သူ့လိုပဲ သောက်လိုက် စားလိုက် ဆေးလိပ်ဖွာလိုက် လုပ်နေကြ၏။ ထိုအခါမှ အရှိန်ပြောချင်နေသည့် ကျော်စွာ တဟဲဟဲ ရယ်ရင်း...

'အဲဒီမှာ မီးကျီးခဲက ကျွန်တော် ဒါရိုက်တာပါပေါ့၊ အလုပ်ရှိ လို့ အထဲကို ဝင်ပါရစေပေါ့၊ ကောင်းကောင်းမွန်မွန် ပြောသတဲ့'

'အိုကေ သွားရောလား'

'အဲဒီတော့မှ ပိုဆိုးတာဟ၊ အဲဒီ အညာသူမက မိအေးတို့က တောသူဆိုပေမယ့် လည်လိုက်တာမှ မှတ်လို့ အဲဒီလို ဒါရိုက်တာပါလို့ ပြောပြီး ဝင်သွားတာ သုံးယောက်ရှိပြီ ရှင်က လေးယောက်မြောက်ပဲ လာဘတ်မနေနဲ့တဲ့ဟ'

'တကယ် ပြတ်တဲ့ ပလော့ပဲကွ ဟား... ဟား'

ကြာဖံက ဇာတ်သိမ်းကို သိချင်ဟန်နှင့်...

'ဇာတ်သိမ်းက ဘယ်လိုဖြစ်သွားလဲ ပြောပါဦးဟ'

'မယုံသင်္ကာဖြစ်နေတဲ့ အညာသူမကြီးကို ရှင်းပြလို့ မရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆုံး မီးကျီးခဲက စကရစ်တင်အေးကို ကုန်းပိုးပြီး လှူအုပ်ပေါ်က လက်ပြပြီး မင်းသားကို လှမ်းခေါ်ရတာတဲ့၊ အဲ… မင်းသားရောက်လာလို့ ရှင်းပြထောက်ခံတော့မှ ဒါရိုက်တာ အစစ်မှန်းသိပြီး အထဲဝင်ခွင့်ရအောင် လမ်းဖယ်ပေးကြတာတဲ့'

'ဟား… ဟား မီးကျီခဲတော့ တော်တော်အီးပိတ်သွားမှာပဲနော်'

'မပိတ်ဘဲနေမလား ပရိသတ်ကို ဘယ်လိုမှ ထိန်းမရဒ်ဘော့တာနဲ့ ရှုတင်ပါ ဘရိတ်လိုက်ရတာတဲ့'

နယ်ထွက်ရိုက်ကူးရသည်မှာ တစ်ခါတစ်ရံတွင် ပရိသတ်ထိန်းမရသော ပြဿနာတက်တတ်သည်။ နယ်က လူတွေအဖို့ ရုပ်ရှင်သရုပ်ဆောင်များကို အရှင်လတ်လတ် မြင်တွေ့ခွင့်ရဖို့က လွယ်သည်မှ မဟုတ်ဘဲ။ တွေ့တုန်းတွေ့ခိုက် အလုပ်ပျက်ခံပြီး တစ်နေကုန်ထိုင်ကြည့်ကြသည်။ ဒါက သူတို့ချစ်သော မင်းသား၊ မင်းသမီးများကို အားပေးခြင်းသာ ဖြစ်သည် မဟုတ်လား။ ဒါကို ဒေါနှင့် မောနှင့် နှောင့်ယှက်ရပါ့မလားဟု ဇွတ်လုပ်၍ မရ။ ရုပ်ရှင်အဖွဲ့အပေါ် ချဉ်သွားတတ်သည်။

ရုပ်ရှင်သမားဆိုတာကလည်း မတာစ်ရာသားတွေ ဖြစ်သည်မို့ လူထဲက လူပီသစွာပင် ကောင်းသူနှင့် မကောင်းသူ ခွဲရောယှက်တင်ရှိကြသည် မဟုတ်လား။

ထိုနေ့က နန္ဒ ဘီယာနှင့်ဝီစကီ ရောနှောသည့်ဒဏ်ကို အသည်းအသန် ခံစားခဲ့ရ၏။ အဆောင်သို့ ဘယ်လိုပြန်ရောက်လို့ ရောက်မှန်းပင် မသိ။

* * *



# အခန်း(၅)

အဆောင်မှ တစ်ယောက်တာ အခန်းကျဉ်းလေးအတွင်း နန္ဒခွေခေါက်နေ၏။ ညက သောက်ထားသည့်အရှိန်နှင့် မူးဝေနေသေးသော်လည်း ရေဝတ်သည့် ဒဏ်ကြောင့် အစောကြီး နိုးနေသည်။ မျက်နှာသစ်ပြီး ရေတစ်ခွက်သောက်လိုက်သည်နှင့် ပြန်မူးလာသောကြောင့် မထနိုင်သေးဘဲ ဖြစ်နေ၏။

ထိုအချိန်မှာ ဖုန်းလာသည်။ ကားရိုက်ဖို့ ရက်ချိတ်တာပဲဖြစ်မည်ဟု တွေးပြီး ဝမ်းသာအားရ ကောက်ကိုင်လိုက်၏။ နံပါတ်က မရင်းနှီးသော နံပါတ်ဖြစ်နေသည်။

'ဟဲလို မင်းနန္ဒ ပြောနေပါတယ် ဘယ်သူပါလဲ'

'အေး… အခုပြောနေတာ မင်းအဖေကွ မအေပေးလေးရ'

'ဗျာ… ဟာ… အဖေ… အဖေလား'

'အေး… အဖေ အခု အဝေးပြေးဂိတ်မှာ လာခေါ်ဦး'

'ဟုတ်ကဲ့ အဖေ ဟုတ်ကဲ့'

'ရှမ်းမလေး ကားဂိတ်ရှေ့တည့်တည့် လက်ဖက်ရည်ဆိုင်က စောင့်နေမယ်'

'ဟုတ်ကဲ့ အဖေ၊ အခု သားရေချိုးပြီး ထွက်လာခဲ့မယ်၊ လေးဆယ့်ငါးမိနစ်အတွင်း ရောက်မယ်'

'အေး… သိပ်မကြာစေနဲ့၊ မင်းကြာနေရင် ငါနောက်မိန်းမတစ်ယောက်ထပ်ရပြီး အဝေးပြေးဂိတ်မှာ ပုံစံ(၁၀) လုပ်နေရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား ဟုတ်ပြီ အဖေ၊ ချက်ချင်းလာခဲ့မယ် ဒါပဲနော်'

'အေး'

နန္ဒ ဖုန်းပိတ်ပြီး ရေလဲပိုင်း ရေခွက်၊ ဆပ်ပြာခွက်တို့ ဆွဲကာ ရေချိုးဆင်းလာခဲ့၏။ အလုပ်မျှော်နေခိုက် အဖေ့အသံ ကြားလိုက်ရ၍ နန္ဒ ပျော်နေသည်။ အဖေတို့နှင့် မတွေ့ရတာကြာပြီ၊ အမေနေကောင်းရဲ့ လား၊ အစ်မတို့လင်မယားကော အဆင်ပြေရဲ့လား၊ ခွေတွေ မျိုးတွေ မာကြရဲ့လား စသည်ဖြင့် သိချင်တာတွေ အများကြီး ဖြစ်နေသည်။

တော်သေးသည်။ လေးငါးကား ဆက်တိုက်ရိုက်ထားရသဖြင့် လက်ထဲမှာ ငွေယားလေးကလည်း အတန်အသင့်ရှိနေ၏။ အမူးပြေ အနံ့ပျောက်အောင် ခေါင်းပါရေလောင်းချိုးလိုက်ပြီး ဆပ်ပြာနှင့်ပင် ပလုတ်ကျင်းလိုက်သည်။

ရေချိုးပြီး တွေ့ရာကောက်စွပ်၍ တက္ကစီနှင့်ပင် အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ လာခဲ့၏။ အမေ ဆီးချိုရောဂါသက်သာရဲ့လား၊ တောင်ငူကို ပြန်မရောက်တာ နှစ်နှစ်ရှိပြီး အစ်မသား တူလေး တော် တော်ကြီးနေရောပေါ့ စသည်ဖြင့် တွေးရင်း ပြုံးစေ့စေ့ ဖြစ်နေ၏။ အိမ်ကို ဖုန်းမဆက်ဖြစ်တာပင် ကြာပြီ။ အခုမှ အရမ်းကာရော သတိ တွေရပြီး ကားကိုပင် နှေးသည်ဟု ထင်နေသည်။

ကားဂိတ်ဝင်းအတွင်း ဝင်လာပြီ ဆိုသည်နှင့် ကားခပိုက်ဆံ ကြိုရှင်းထားလိုက်၏။ ရှမ်းမလေး ကားဂိတ်ရှေ့ရောက်သည်နှင့် ကမန်း ကတန်းဆင်းကာ ရှေ့မှ လက်ဖက်ရည်ဆိုင်ထဲ လှမ်းကြည့်လိုက်သည်။

အဖေလှမ်း၍ လက်ပြနေတာ တွေ့၏။ အဖေရှိရာဆိုင်ထဲ ခပ်သွက်သွက် ပြေးဝင်သွားလိုက်သည်။

'အဖေ… တစ်ယောက်တည်းလား'

'အေးလေ… ဘယ်သူ့ကော အားလို့ လိုက်လည်ရမှာလဲ'

'ဟုတ်ပါပြီဗျာ၊ အမေနေကောင်းရဲ့လား ဆီးချိုသက်သာရဲ့ လား'





'မင်း ဒီလောက်စိတ်ပူတတ်ရင် အိမ်ပြန်လာခဲ့ဖို့ ကောင်းတာ ပေါ့'

'သား… ကားရိုက်စိပ်နေလို့ပါ၊ ပုပ္ပားက ပြန်လာတာတောင် မကြာသေးဘူး'

'အေးလေ… ဘာပဲဖြစ်ဖြစ် ဖုန်းရှိနေတာပဲ၊ ဖုန်းလေးတော့ ဆက်ပေါ့'

အဖေက မျက်နှာထားတည်တည်ကြီးနှင့် ပြောနေသဖြင့် နန္ဒ ဝမ်းနည်းလာသည်။ သူကလည်း သူပေပဲကိုး၊ အလုပ်အတွက် အဆက် အသွယ် လွယ်ကူအောင် မဖြစ်မနေ ဖုန်းဝယ်ထားသော်လည်း ကတ် မြန်မြန်ကုန်မှာစိုးပြီး သူများဆက်တာကိုသာ ထိုင်စောင့်နေတတ်သူ ဖြစ်သည်။

'နောက်ဆို မှန်မှန်ဖုန်းဆက်ပါ့မယ် အဖေရာ၊ ကဲပြော အဖေ ဘယ်တွေသွားဦးမလဲ၊ ဘယ်နှစ်ရက်နေမလဲ ဘယ်မှာတည်းမလဲ'

'ဈေးပေါတဲ့ တည်းခိုခန်းမှာ တည်းမယ်၊ ဘုရင့်နောင်ပွဲရုံ သွားမယ်၊ တစ်ညပဲ အိပ်မှာ မနက်ဖြန် ညနေအတွက် လက်မှတ် တောင်ဝယ်ပြီးပြီ'

အဖေ့အစီအစဉ်တွေက ရေပက်မဝင်အောင် ပြည့်စုံနေသည်မို့ ဘုရင့်နောင်ပွဲရုံ အနီးအနားမှ တည်းခိုခန်းတွင်ပင် ထားပေးရန် ဆုံးဖြတ် ပြီး တက္ကစီနှင့် ထွက်လာကြ၏။ အဖေ့အရောင်းအဝယ်ကိစ္စများ တွေ့ လိုသည့် ပွဲရုံပိုင်ရှင်များ အားလုံးကို အဆင်ပြေအောင် ကူညီပေးပြီး နေ့ခင်းတစ်နာရီသာသာလောက်မှ ထမင်းစားဖို့ သတိရကြသည်။ ထိုအခါမှပင် သားအဖနှစ်ယောက် အေးအေးလူလူ စကားပြောခွင့် ရတော့သည်။

'မင်းအမေလည်း နေကောင်းပါတယ်၊ အစားအသောက်တော့ ငတ်တာပေါ့၊ ဟိုဟာရှောင် ဒီဟာရှောင်နဲ့ မဟုတ်လား၊ အကောင်းဆုံး ဆေးကတော့ သူ့မြေး ဂုဏ်ဂုဏ်ပဲ သူ့မြေးကြောင့် ဒီလောက် လန်းနေတာ'

www.burmeseclassic.com



‘အင်း… အစ်မကိုပဲ ကျေးဇူးတင်ရတော့မှာပေါ့၊ သူတို့ အတူတူလာနေတာလား အဖေ’

‘အေး… မင်းယောက်ဖလည်း စီးပွားတက်တယ်၊ တိုက်တစ်လုံး ဝယ်ထားပေမယ့် တို့နဲ့ အတူလာနေပေးတယ်၊ အိမ်မှုကိစ္စလုပ်ရင်း မင်းအမေကို လာစောင့်ရှောက်နေကြတာ’

‘ဂူးဂူးလေးတောင် အတော်ကြီးရောပေါ့’

‘လေးနှစ်လေ မူကြိုတောင် တက်နေပြီ’

‘တွေ့ချင်လိုက်တာ အဖေရာ၊ ဒီတစ်ခါ ငွေလေးစုမိရင် ပြန်လာခဲ့ဦးမယ်’

‘မင်းကော အဆင်ပြေရဲ့လား၊ မိန်းမကော ရနေပြီလား’

‘ဟာ… ရစရာလား အဖေရာ၊ အလုပ်ကတော့ အဆင်ပြေပါတယ်၊ တစ်ဝမ်းတစ်ခါးတော့ မပူရပါဘူး၊ အခု တစ်ကားကို နှစ်သိန်း ရနေပြီလေ အဖေရဲ့’

‘အင်း… မင်းအမေက မင်းပါတဲ့ ကားမှန်သမျှ မလွတ်တမ်း ငှားကြည့်တာပဲဟေ့ ကြုံတဲ့လူ ကြွားရတာလည်းအမော တော်သေးတာပေါ့၊ အသံကော ရုပ်ပါ အလွမ်းဖြေစရာ ဖြစ်နေလို့’

အဖေ့အပြောကြောင့် အမေ့ရုပ်သွင်ကို မှန်းဆမြင်ယောင်ရင်း နန္ဒ မျက်ရည်ဝဲလာ၏။ မိဘများနှင့် ရင်အုပ်မကွာ နေလိုသော်လည်း သူ့အလုပ်က ရန်ကုန်အခြေစိုက် ဖြစ်နေ၍ အခြေအနေက မပေး။

‘ခုကော အဆောင်မှာပဲ နေတာလား’

‘ဟုတ်ကဲ့ အဆောင်က မပြောင်းပါဘူး၊ အဖေတို့ကို ပေးထားတဲ့ လိပ်စာပဲ’

‘လိပ်စာရှိလည်း မလာတတ်ပါဘူးကွာ’

ထမင်းစားပြီးတော့ လက်ဖက်ရည်ဆိုင်ပြောင်းကာ စကားဆက်ပြောကြသည်။ အဖေက ခုထိ ဖြတ်လတ်သွက်လက် ကျန်းမာနေဆဲမို့ နန္ဒအတော်စိတ်အေးရ၏။ အဖေက လက်ဖက်ရည် ချိုပေါ့ကို အရသာခံသောက်ရင်း…





‘မင်းဝါသနာပါတာ မင်းလုပ်ပြီးပြီ၊ အတော်အသင့်လည်း အောင်မြင်ခဲ့ပြီ၊ ဒါပေမဲ့ အဖေ့လုပ်ငန်းကို ဆက်ခံမှာ မင်းတစ်ယောက်ပဲ ရှိတာနော်၊ အဲဒါတော့ မမေ့နဲ့’

အဖေက သတိပေးသလိုပြောတော့ နန္ဒ နည်းနည်းစိတ်အိုက်သွားသည်။ အဖေ့လုပ်ငန်းက ကွမ်းသီး၊ ထုံး၊ ရှားစေး၊ ကွမ်းစားဆေးတို့ ရောင်းဝယ်သည့် ဒိုင်လုပ်ငန်း၊ ကွမ်းသီးခြံရှိသလို ကွမ်းရွက်လည်း စိုက်သည်။ တခြားကွမ်းခြံများကို ကြိုငွေပေး၍ နှစ်ချုပ်နှင့် ထွက်သမျှ သိမ်းသော အလုပ်ကိုလည်း လုပ်သည်။ ဒါက စီးပွားဖြစ်တာ မျက်မြင်ဖြစ်သော်လည်း နန္ဒက စိတ်ကိုမဝင်စား။

‘ဟုတ်ကဲ့ပါ အဖေ’

‘မင်းယောက်ဖကလည်း စက်မှုလက်မှုပဲ စိတ်ဝင်စားတာ ပြီးတော့ ယောက္ခဆီက အမွေမျှော်ပြီး လက်ဖြန့်မယ့်လူစား မဟုတ်ဘူး’

‘စိတ်ချပါ အဖေနားချင်တဲ့ အချိန်ပြော သားအပြီးပြန်လာခဲ့မယ်’

‘ဒါဆိုပြီးရော’

အဖေ စိတ်ချမ်းသာအောင် ပြီးပြီးရော စကားပြော၍ နှစ်သိမ့်ပေးလိုက်သည်။ နေနည်းနည်းအေးသည်နှင့် အဖေ့ကို ဒညင်းကုန်းဈေးနှင့် သီရိမင်္ဂလာဈေးကို ပို့ပေးရပြန်သည်။ အဖေ့အလုပ်နှင့် ဆက်စပ်သမျှကို သိမြင်ခွင့်လည်း ရခဲ့၏။ အဖေ့အလုပ်တွေအပြီးမှာ အတူထမင်းစားပြီး အဖေနှင့် လမ်းခွဲခဲ့၏။

နောက်နေ့ ညနေတွင် အဖေနှင့် ကားဂိတ်မှာပင် ဆုံကြသည်။ အမေ့အတွက် ဆီးချိုဆေးမျိုးစုံ၊ တူလေးဂူးဂူးအတွက် ကစားစရာမျိုးစုံ တစ်ထုပ်တစ်ပိုးကြီး ဝယ်ပေးလိုက်၏။

‘ရော့… လိုတာသုံး’

‘ဘာလဲ အဖေ’

‘ပိုက်ဆံပေါ့ ငါးသိန်း ဒီမှာကြွေးတောင်းလို့ ရလာတာ’

‘မလိုပါဘူး အဖေရာ’



www.burmeseclassic.com

www.burmeseclassic.com



'ယူထားလိုက်စမ်းပါ၊ တစ်ပြားမှမပေးခဲ့ရင် မင်းအမေ ပွမ်နေလိမ့်မယ်၊ အလည်အပတ် ပြန်လာခဲ့ဦး'

'ဟုတ်ကဲ့ပါ အဖေ'

စကားတွေ သိပ်မပြောဖြစ်ကြတော့ နှစ်ယောက်လုံး အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေကြ၏။ ကားထွက်သည်အထိ စောင့်ပြီး အဖေ့ကို လက်ပြနှုတ်ဆက်၍ နန္ဒ ပြန်လာခဲ့သည်။

မိဘမေတ္တာ၏ နွေးထွေးမှုကို အလွမ်းပြေ ခံစားခွင့်ရ၍ အဖေ့အား ကျေးဇူးတင်မဆုံး ဖြစ်မိသည်။ စိတ်ထဲမှာတော့ တောင်ငူကို အလည်အပတ်ပြန်ဖို့ ပြင်ဆင်ထားလိုက်တော့၏။

* * *

ကိုဒီပနှင့် စကားပြောထားသော ဗီဒီယိုကားကိစ္စ၊ ပရိုဂျူဆာက မီးစိမ်းပြလိုက်သဖြင့် နှစ်ယောက်သား အပြုံးပန်းတို့ ဝေသွားကြသည်။ ကိုဒီပကို လပြည့်ဝန်းစားသောက်ဆိုင်တွင် ညှော်ခံပြီး အစီအစဉ်ဆွဲရ၏။

'ပရိုဂျူဆာက ဝင်းဖန့် သရုပ်ဆောင်ကြေးကို ဆစ်နေတယ်'

'နှစ်သိန်းပဲ တောင်းတာကိုဗျာ'

'ကိုယ်လည်း ပြောပြလိုက်ပါတယ်၊ အဝတ်အစားဖိုး မိတ်ကပ်ဖိုးတောင် မရှိပါဘူးလို့ ပြီးတော့ သူ့ကားနဲ့ သူလာမှာ ဘာညာနဲ့ ပေါ့ကွာ'

'ဒီလိုပါပဲ အသစ်တွေကို ရသလောက် လည်ပင်းညှစ်မှ သူတို့အတွက်ကျန်မှာ မဟုတ်လား'

နန္ဒမှာ ဝင်းဖန့် သရုပ်ဆောင်ခွင့်ရရေးအတွက် အိတ်စိုက်လူစိုက်ပြီး အသည်းအသန် လုံးပန်းပေးနေ၏။ ဝင်းဖန့် ကံကောင်းသည်။ ပွဲဦးထွက်တွင်ပင် ကြိုးဖြစ်မသွားတာ မင်္ဂလာပဲ မဟုတ်လား။ ကြိုးဆိုတာ သရုပ်ဆောင်ခွင့်ရရေးအတွက် ပရိုဂျူဆာ၊ ဒါရိုက်တာ၊





မန်နေဂျာတို့ကို ငွေပေးပြီး ဗီဒီယိုသရုပ်ဆောင်ဖြစ်သည့် နည်းလမ်းဖြစ်၏။

ဖြစ်ချင်သူတွေ များလွန်းသဖြင့် ဒါကလည်း ရိုက်စားခွင်တစ်ခု ဖြစ်နေသည်။ ခေါင်းဆောင်မင်းသမီး တင်ရိုက်ပေးမယ်၊ သိန်းနှစ်ဆယ်ပေး၊ ကာရာအိုကေ ဗီစီဒီမှာ သီချင်းဆယ်ပုဒ် သရုပ်ဆောင်ခွင့်ရမယ်၊ ငါးသိန်းပေး စသည်ဖြင့် လုပ်စားနေကြသူတွေကလည်း နည်းမှ မနည်းပဲ။

'ရော့... ဓာတ်အကျဉ်းနဲ့ အခန်းစဉ်တစ်စုံယူသွား ဖန့်စီတွေပဲ ဝတ်မယ် အလန်ဖယားပေါ့'

'ဟုတ်ကဲ့ အစ်ကို'

'ဒါဆို ကိုယ်လစ်မယ်၊ ဓာတ်ညွှန်းနဲ့ ပေါင်းပြီး ခေါင်းစားရဦးမှာ'

'ဟုတ်ကဲ့ အစ်ကို'

ကိုဒီပ ထွက်သွားတော့ နန္ဒ ဝင်းဖန့်ဆီ ဖုန်းဆက်၏။ မင်္ဂလာသတင်းကြား၍ ဝင်းဖန့်အသံက ကြည်လင်ရွှင်ပျနေသည်။ ကျေးဇူးစကားတွေ တွင်တွင်ပြော၏။ နန္ဒအဖြေတောင်းတော့ ကျွန်မကိုချစ်ရင် အမေ့လာပြောပါဟု စကားရှောင်ရင်း ဖုန်းချသွားသည်။ အင်း စောင့်ပေဦး... မျှော်ပေဦးပဲပေါ့။

* * *

ဒီနေ့ နိုက်ဆင်းန် ရှိသည်။ ဝင်းဖန့်ကော နန္ဒပါ နိုက်ဆင်းန်တွင် ပါနေသည်။ ညနေခြောက်နာရီမှာပင် မပါသူတွေ ပြန်ကြပြီ။ မန်နေဂျာက ထုံးစံအတိုင်း ညစာအတွက် ခေါက်ဆွဲလား၊ ကြာဇံလား မေး၏။ နန္ဒက ထမင်းပေါင်းရအောင် လုပ်ဗျာဟုသာ ပြောလိုက်သည်။

စက်အဖွဲ့ကတော့ ထုံးစံအတိုင်း ထမင်းဖိုးသာ ယူကြမည့်သူများ ဖြစ်သည်။ နိုက်ဆင်းန်ပါ၍ နှစ်ဂျူတီစာ ရမည်ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အချိန်မတော်ပြန်ရမည့် ကားခအတွက် သူတို့ စိတ်ပူနေကြရသည် မဟုတ်လား။

ဒီညအတွက် ဝင်းဖန့်ကို မင်းသားက လာခိုးသည့်အခန်းမှာ နန္ဒတို့က မင်းသားကို လိုက်ကူညီရသည့် သူငယ်ချင်းများအဖြစ်ပါ ဝင်ရမည် ဖြစ်သည်။ နိုက်ဆင်းန်များစု၍ တစ်ဂျူတီထဲနှင့် အပြီးဖြတ်မည်ဟု ကြားသည်။ ငါးဆင်းန်ပဲဆိုတော့ ဖြစ်နိုင်ချေရှိ၏။ အနည်းဆုံး ဆယ့်နှစ်နာရီလောက်တော့ သွားလိမ့်မည်။

နန္ဒက ထိုတစ်ဆင်းန်ထဲ ပါသည်မို့ အေးအေးဆေးဆေးပင် ထိုင်နေလိုက်သည်။ ထိုစဉ် ဝင်းဖန့်နှင့် အန်တီ သူ့နားလာထိုင်ကြ၏။ အန်တီက…

'ဒီကားပြီးရင် မောင်နန္ဒ ဘာရှိသေးလဲ'

'ခုထိတော့ ရက်ချိတ်ထားတာ မရှိသေးဘူး အန်တီ'

'အန်တီတို့ ကိုအောင်ဝေနဲ့ စကားပြောထားတာ ရှိတယ်၊ ကွန်ဖန်းတော့ မဖြစ်သေးဘူး'

'ကျွန်တော် စုံစမ်းပေးမယ်လေ'

'အင်း… လုပ်ပါဦးကွယ်၊ ကိုအောင်ဝေနဲ့က သိပ်မရင်းနှီးလို့'

'ဟုတ်ကဲ့ စိတ်ချပါ'

အန်တီ့ စကားအဆုံးတွင် ဝင်းဖန့်ကို လှည့်ကြည့်မိတော့ အကြင်နာမျက်ဝန်းနှင့် ပက်ပင်းတိုး၍ ရင်ခွေးလှိုက်ခုန် ဖြစ်သွားရသည်။

'ကိုနန္ဒ ပထမကား Edit လုပ်တဲ့ဆီ ရောက်သေးလား'

'ရောက်တယ် ဝင်းဖန့်၊ စိတ်ချပါ Edit လုပ်တဲ့ သော်ဇင့်ကို ပြောထားပြီးသား ဝင်းဖန့်ပါတဲ့ ဆင်းန်တွေပဲ ရွေးပြီး CD တစ်ချပ်ခုတ် ပေးပါလို့ တစ်ဝိုင်းလောက်တော့ ပြုစုရလိမ့်မယ်'

'ဒါများ ကိုနန္ဒရယ်၊ CD ရရင် သေချာသာ ပြုစုလိုက်ပါ၊ ဝင်းဖန့် ရှင်းမှာပေါ့'





'အခွေရရင် အထပ်ထပ်ပြန်ကြည့် ဘယ်နေရာ ဘာလိုသလဲ ဆိုတာ ကိုယ့်ကိုယ်ကို ဝေဖန်'

'ဟုတ်ကဲ့'

စကားကောင်းဆဲ စကာရစ်က ဝင်းဖန့်ကို ရိုက်ဖို့ လာခေါ်သွားသည်။ နန္ဒလည်း ဝင်းဖန့်၏ စိတ်လှုပ်ရှားဖွယ် နောက်ပိုင်းအလှကို ခံစားရင်း ရင်ခုန်စွာ ကျန်ခဲ့တော့သည်။

နှစ်ဆင်းန် ရိုက်ပြီး ရှစ်နာရီခွဲတွင် ညစာစားကြသည်။ ရှုတင်တွေမှာ နိုက်ဆင်းန်ပါလို့ကတော့ တရုတ်အစားအစာဖြစ်သည့် ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ထမင်းပေါင်းတို့သာ ကျွေးတတ်ကြ၏။ ဘယ်သူစခဲ့သည့် အစဉ်အလာမှန်း မသိသော်လည်း အပြောင်းအလဲဖြစ်၍ အဆင်ပြေသည်။

စားနေစဉ်မှာပင် ပြီးသည်နှင့် မိန်းမခိုးသည့်အခန်း ရိုက်မည်ဟု လာအကြောင်းကြား၏။ ပြောင်ကြီးဖော်ဖော်က…

'အင်း… ဒီကိစ္စက မင်းအတွက် နိမိတ်ဆိုး မဖြစ်ဖို့လိုတယ် နန္ဒ'

'ဘာကိုလဲ'

'အဲဒီ မင်းသားက ဝင်းဖန့်ကို လိုက်ကပ်ပြီး ကြောင်နေတာလေ၊ တော်ကြာ ပညတ်သွားရာ ဓာတ်သက်ပါပြီး ဝင်းဖန့်ကို သူများလက်ထဲ ကိုယ်တိုင်ထည့်ပေးနေရဦးမယ်'

'ဟာကွာ… မဦးမချွတ်'

'မဦးမချွတ် မဟုတ်ဘူး၊ ဟိုကောင်က ချွတ်ဖို့ အတင်းကြံစည်နေတာ'

'သူတို့က မေတ္တာစစ်နဲ့ တာဝန်ယူမယ့်သဘော မရှိပါဘူးကွာ'

'ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ မိန်းမဆိုတာ လက်သာရာ ပျော်တတ်တယ် မဟုတ်လား၊ မင်း သတိထားနိုင်အောင် ငါပြောတာ'

'အေးပါကွာ… ကျေးဇူးပဲ'



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ထိုအခန်းကို ရိုက်တော့လည်း နန္ဒ စိုးရိမ်စိတ်တွေ ဝင်နေသဖြင့် အိုက်တင်တွေ လျော့နေ၏။

ဒါရိုက်တာက…

'နန္ဒ… သူငယ်ချင်းအတွက် ကူညီတာလေ၊ မစားရဝခမန်း အိုက်တင်နဲ့ အားတက်သရောလေး လုပ်စမ်းပါ၊ မင်းပုံက ကိုယ့်ရည်းစား သူများလက်ထဲထည့်လိုက်ရသလို ဖြစ်နေတယ်'

ဒါရိုက်တာက မသိလို့ပြောတာလား၊ သိသိကြီးနဲ့ တမင်နှိပ်ကွပ်တာလားတော့ မသိ။ နန္ဒ အီစိမ့်နေအောင် ခံစားသွားရသည်။ သို့သော် အလုပ်နှင့် ကိုယ်ရေးကိုယ်တာကို အရောအထွေး မခံတတ်သည့် နန္ဒမူအတိုင်း အကောင်းဆုံးသရုပ်ဆောင် ပေးလိုက်၏။ ရှုတင်ဘရိတ်လုပ်တော့ ညတစ်နာရီထိုးနေပြီ။

အားလုံး တဝါးဝါးသမ်းဝေရင်း သိမ်းကြ ဆည်းကြ ပြန်ဖို့ပြင်ကြသည်။ ထုံးစံအတိုင်း မန်နေဂျာကို စက်အဖွဲ့ဝိုင်းနေပြီ။ ဆယ့်နှစ်နာရီ ကျော်သွားသော်လည်း သုံးဂျူတီစာ မပေးရရေးအတွက် ညှိနှိုင်းနေသည်။ ကျော်သွားသော တစ်နာရီအချိန်ပိုအတွက် လမ်းစရိတ်တစ်ထောင်စီပေးမည် ပြောလာ၏။ နှစ်ဂျူတီစာ ရှစ်ထောင်၊ လမ်းစရိတ်နှင့်ဆိုတော့ အားလုံး ကိုးထောင်ရမည်မို့ စက်အဖွဲ့လည်း သဘောတူလိုက်သည်။

နန္ဒကတော့ ဓာတာတက်နေသေး၏။ ဝင်းဖန့်ကားကို မောင်း၍ အိမ်ပြန်ပို့ပေးသည်။ တစ်ခါ ဝင်းဖန့်အဖေ ကားမောင်းပြီး နန္ဒအဆောင်ကို ပြန်ပို့ပေး၏။ ဒါကြောင့်ပဲ ထင်သည်။ ရှုတင်မှာ မလိုသူတချို့က ဒရိုင်ဘာတို့ ကောက်ရိုးပုံစောင့်တဲ့ကောင်တို့ ဒရဝမ်တို့ မကြားတကြား ခေါ်ကြ၏။

သူ့ဘဝက တကယ်ပဲ ဒီလိုဖြစ်မှာလား၊ နန္ဒ သူ့ကိုယ်သူအားပေးလိုက်သည်။ ဝင်းဖန့်ကို သူယုံသည်။ ဘယ်လိုပင်ဖြစ်ဖြစ် သူ့ကို တုန့်ပြန်မေတ္တာ နှင်းအပ်လိမ့်မည်ဟု တစ်ထစ်ချယုံကြည်ထား၏။

တစ်ခါ တစ်ခါမှာတော့လည်း အချစ်ရေးဆိုတာ မိုးလေဝသ





ခန့်မှန်းချက်နှင့် တူ၏။ ရွာရန်ရာနှုန်းနှစ်ဆယ်ဟု ကြေငြာပြီးမှ တစ်နေကုန်နေသာတာမျိုးလည်း ကြုံရနိုင်သည်လေ။

* * *

ကုမ္ပဏီပေါင်းစုံ၊ ဒါရိုက်တာပေါင်းစုံ၊ ပရိုဂျူဆာပေါင်းစုံတို့နှင့် အမျိုးမျိုးအဖုံဖုံ ညှိနှိုင်းပြီး ဝင်းဖန့် အဆက်မပြတ် သရုပ်ဆောင်ခွင့်ရရေးကို နန္ဒ ဖွဲ့ခတ်၍ ကြိုးစားခဲ့၏။ လိုက်ဖက်သော ဓာတ်ရှာပေး၊ သင့်တော်သော ဒါရိုက်တာရှာပေးနှင့် သူ့မင်းသမီး သူတင်ပေးနေသည်။

ဝင်းဖန့်မှာလည်း ရုပ်ရှင်လောကသား အကုန်သိထားပြီးဖြစ်သော ထမင်းသည် အလုပဂေးဆိုတာနှင့်ပင် ဂရုဏာအကူအညီများကို ရနေသဖြင့် တစ်လတစ်ကားတော့ အနည်းဆုံးရိုက်နေရသည်။

သို့သော် လူသိသော မင်းသမီးဖြစ်ရေးအတွက် ကြော်ငြာရိုက်ခွင့်ရရေးကလည်း အရေးတကြီး လိုအပ်နေပြန်၏။ ကြော်ငြာပေါက်လျှင် ရေတိုအချိန်ကာလအတွင်းမှာပင် လူသိထင်ရှား ဖြစ်သွားတတ်၏။ သို့နှင့် ဆရာအောင်ကိုလတ်တို့၊ ကိုနိုင် N.V.G တို့ အစရှိသည့် ကြော်ငြာဒါရိုက်တာ ပဂေးကြီးများထံ ဝင်ထွက်၍ ဝင်းဖန့်၏ ဓာတ်ပုံများနှင့် ဗစ်ဇင်းတင်းနိ်ကတ်များ ပေးပို့ရသေး၏။

ထိုသို့ ကြိုးပမ်းစဉ် ဦးမိုးဒီကြီးနှင့် စကားစပ်မိပြီး ဆေးကြော်ငြာတစ်ခုတွင် အကယ်ဒမီဦးမိုးဒီနှင့် တွဲ၍ သရုပ်ဆောင်ကြော်ငြာခွင့်ရခဲ့သည်။ ထိုကြော်ငြာတွင် သားအဖလိုတစ်မျိုး၊ လင်မယားလိုတစ်ဖုံနှင့် ပုံစံနှစ်မျိုးရိုက်ပြီး ထိုကြော်ငြာနှစ်ခုကို တစ်ရက်ခြားစီ လွှင့်ပေး၏။

သီချင်းကလည်း နားဝင်ချို၊ သရုပ်ဆောင်တွေကလည်း ရယ်ရ သဖြင့် ထိုဆေးကြော်ငြာပေါက်သွားပြီး ကြည်ဝင်းဖန့်ကို လူသိလာ၏။ ဒါတွေအားလုံး နန္ဒကိုယ်တိုင် ငြမ်းအဖြစ်နှင့် ဝင်းဖန့်ကို မြှင့်တင်ပေးခဲ့ ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာရိုက်ကွင်းများသို့ နန္ဒ မလိုက်ဖြစ်၊ သူလည်း သူ့အလုပ် သူလုပ်ရသေးသည်ကိုး။ အန်တီ မယဉ်ကြည်လည်း ထမင်းဆိုင်တာဝန်ကို တူမနှင့် တပည့်သားမြေးများကို တာဝန်ပေး၍ မင်းသမီးအမေ စစ်စစ်လုပ်နေသည်ဟု သတင်းရသည်။ ဦးလေးဦးအောင်ခန့်ကိုယ်တိုင် ကားမောင်း၍ သမီးကို လင်မယားနှစ်ယောက်လုံး လိုက်စောင့်ရှောက်နေကြပြီ။

မည်သို့ပင်ဖြစ်စေ နန္ဒ၏ အကူအညီနှင့် ကြည်ဝင်းဖန့်အတွက် နေရာတစ်ခု အနုပညာလောကမှာ ပေါ်ပေါက်လာတာကတော့ အထင်အရှားပင် ဖြစ်သည်။

တစ်နေ့တွင် ရှုတင်မရှိတာက တစ်ကြောင်း၊ ဒါရိုက်တာနှင့် အဆင်ပြေပြီး ရိုက်ရက်ရလာတာက တစ်ကြောင်း တို့ကြောင့် သတင်းပေးရန် ဝမ်းသာအားရနှင့် ကြည်ဝင်းဖန့်တို့ အိမ်သို့ နန္ဒရောက်လာ၏။ အရင်လို ဟင်းမချက်တော့ဘဲ ရွှေတွေ ညှတ်နေအောင် ဝတ်ထားသည့် အန်တီ့ကို အိမ်ရှေ့ခန်းတွင်ပင် မိန့်မိန့်ကြီးထိုင်နေတာ တွေ့ရသည်။

'အန်တီ ဇိမ်ကျနေတယ်ပေါ့'

'ဒီလိုပါပဲ ဘာကိစ္စလည်း နန္ဒ'

နန္ဒကြားလိုက်ရသော အန်တီ့လေသံကြောင့် တအံ့တဩ ဖြစ်သွား၏။ သို့သော် မသိချင်ယောင်ဆောင်ပြီး စကားဆက်လိုက်သည်။

'ဟိုလေ… ဒါရိုက်တာကြီး ဦးမိုက်ကန်းနဲ့ အဆင်ပြေခဲ့ပြီ၊ ပရိုဂျူဆာကလည်း လိုလိုလားလားပဲ ဗီဒီယိုလေ ဝင်းဖန့်နေရာကလည်း ကောင်းတယ် အန်တီရဲ့'

'ဟုတ်လား၊ အင်း… ဒါပေမဲ့ ဘယ်လိုပြောရမလဲ၊ သမီးကလေ ကြော်ငြာနဲ့ ပိုအကျိုးပေးသလားလို့ ကြော်ငြာက မပင်ပန်းဘူး၊ ပိုက်ဆံလည်းပိုရတယ်၊ ခုများ လုမ်းချိတ်ထားကြတာ ရိုက်ရက်ကို တန်းစီလို့ ဗီဒီယိုတောင် ရိုက်နိုင်ပါ့မလား မသိဘူး'

လေသံတွေ အပြောအဆိုတွေ ပြောင်းသွားပါလားဟု နန္ဒ မှတ်မှတ်ထင်ထင် သတိပြုလိုက်မိ၏။ သူ ဒီကိုမလာခင်ကပင် ဝင်းဖန့်နှင့် ပြောပြီးဆိုပြီးပြီ၊ ကြော်ငြာတစ်ခုရိုက်ရန် စီစဉ်ထားသော်လည်း ကွန်ဖမ်း မဖြစ်သေးတဲ့။ ဒါကို အန်တီက မဟုတ်တာတွေ ပြောပြီး ဘာလို့ မာန်တက်နေမှန်း မသိ။





'သရုပ်ဆောင်ကြေးလည်း သုံးသိန်းတောင်းထားတယ် အန်တီ'

'သုံးသိန်း… မိတ်ကပ်နဲ့ ဖိနပ်ဖိုးလောက်ပဲ ရှိတာကွယ်'

'အဝတ်အစားဖိုး သိပ်မကုန်ပါဘူး အန်တီရဲ့၊ ဇာတ်က နယ်ချဲ့ခေတ်လေ၊ ဘာမှ ထွေထွေထူးထူး ပြင်ဆင်စရာ မလိုဘူး၊ ပြီးတော့ တောသူအခန်းက…'

'ရိုက်ရက်က ကျပ်နေတယ်၊ ခြောက်ရက်လောက်ပဲ ပေးနိုင်မှာ'

'ခြောက်ရက်အတိအကျဆို ဖြစ်ပါတယ်၊ ဒါပေမဲ့ တောင်ငူမှာ ရိုက်မှာနော်၊ ဝင်းဖန့်ကိုလည်း ကေတုမတီဟိုတယ်မှာ ထားမှာ အသေအချာပြောပြီးသား'

'တောင်ငူမှာဟုတ်လား၊ ရိုက်မယ် ရိုက်မယ် အဲဒီကို လိုက်မယ်၊ တစ်ခါမှ မရောက်ဖူးသေးဘူး၊ အတော်ပဲ'

အန်တီနှင့် နန္ဒပြောနေသည်များကို နောက်ဖေးမှ ထွက်လာသော ဝင်းဖန့်ကြားပြီး ဝမ်းသာအားရ ဝင်ပြောသည်။

'သမီး… ဘာဖြစ်နေတာလဲ၊ အသာနေစမ်း သုံးသိန်းလောက်နဲ့ ရန်ကုန်မှာတောင် မကိုက်တာ ဘာကိစ္စ နယ်ကိုလိုက်ရမှာလဲ မဖြစ်ပါဘူး'

'ဟာ… အန်တီ ကျွန်တော်အာမခံခဲ့ပြီ၊ ပြီးတော့ ဒါရိုက်တာ ဦးမိုက်ကန်းနဲ့ ရိုက်ဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ ဒါ အခွင့်အရေးကောင်းနော် အန်တီ'

'ဟုတ်သားပဲ မေမေကလည်း ဒါရိုက်တာစုံမှ သမီးလည်း ပညာပိုရမယ့်ဟာ'

ခုမှ နုနုထွတ်ထွတ် မင်းသမီးရဲ့ အမေက အကယ်ဒမီမင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



အမေပုံစံ ဖမ်းနေ၍ နန္ဒအတော်အမြင်ကတ်သွား၏။ သို့သော် သူ့သမီး လိုချင်လျှင် သူ့အမေကိုပါ ဖျာလိပ်လိပ်၍ ချောင်ထိုးထားဖို့ လိုနေသည် မဟုတ်လား။ မချစ်သော်လည်း အောင့်ကာနမ်းရမည်ပေါ့။

'လုပ်ပါ အန်တီရယ်၊ အားလုံးမျက်နှာပျက်ကုန်လိမ့်မယ်'

'မေမေ… ကိုနန္ဒက သမီးအတွက် အားလုံးအဆင်ပြေအောင် စီစဉ်ပေးနေတာလေ၊ သူလက်ခံလာရင် သမီးတို့ ငြင်းလို့ မဖြစ်ဘူး'

အန်တီက သူ့သမီးကို မျက်စောင်းထိုး၍ ကြည့်၏။ ပြီးမှ အားနာလို့ လိုက်လျောရသည့်ဟန်နှင့်…

'အေးလေ… မင်းက စကားလွန်ခဲ့ပြီကိုး၊ ဒီတစ်ခါတော့ ထားလိုက်ပါတော့ နောက်ဆိုရင်တော့ သမီးကားရိုက်ဖို့ကိစ္စ အန်တီပဲ ဆုံးဖြတ်မယ်၊ သရုပ်ဆောင်ကြေးနဲ့ ရိုက်ရက် အန်တီနဲ့ပဲညှိ မင်းဟာ မင်း ထင်သလို လုပ်မလာခဲ့နဲ့ ကြားလား'

'ဟုတ်ကဲ့ပါ'

ပြောပြီး ဟန်ပါပါနှင့်ထကာ အိမ်ထဲဝင်သွား၏။ ဝင်းဖန့်က သူ့အမေသွားရာ လိုက်ကြည့်ရင်း လူလုံးပျောက်သွားမှ နန္ဒကို အားတုံ့ အားနာပြုံးပြရင်း လျှာလေးတစ်လစ် ထုတ်လိုက်၏။ ထိုအမူအရာလေး ကြောင့် နန္ဒ စိတ်ထဲမချင့်မရဲ ဖြစ်သွားခဲ့သည်။

'ကိုနန္ဒ… ထမင်းစားပြီးပြီလား'

'ပြီးပြီ ဝင်းဖန့်၊ မြို့ထဲက စားလာခဲ့တာ'

ဆိုင်ထဲမှာ ထမင်းစားနေသူ ဆယ်ယောက်ခန့်ရှိ၏။ တီဗီ ကြော်ငြာနှင့် ဗီဒီယိုကားထဲတွင် ခဏခဏ တွေ့ဖူးထားသည့် မျက်နှာ များမို့ သူတို့က ထမင်းစားရင်း ကွက်ကြည့် ကွက်ကြည့် လုပ်နေကြ သည်။

'တော်သေးတာပေါ့ မေမေက ပါမစ်ချပေးလို့'

'အဟင်း… ဟုတ်သားပဲ၊ ကိုယ်လည်း အတော်ရင်ထိတ်နေ တာ၊ ကိုယ်က တောင်ငူဇာတိလေ ဟိုမှာ မိဘတွေနဲ့ အမျိုးတွေချည်းပဲ ပြန်မရောက်တာလည်း ကြာပြီ ဆိုတော့ အတော်ပဲပေါ့'





'ဟယ်… ဟုတ်လား ဒါဆို အိမ်လာလည်လို့ရမလား'

'သိပ်ရတာပေါ့ ဝင်းဖန့်ရယ်၊ ကိုယ်က ဝင်းဖန့်ကို ကိုယ့်မိသား စုနဲ့ ရင်းနှီးစေချင်တာ'

'အံမယ်… ဒါက ဘာစကားလဲ'

'ဗမာစကား'

'ခစ်… ခစ်… ခစ်'

ထိုအခိုက် အန်တီ ပြန်ထွက်လာသည်။ နန္ဒနှင့် ဝင်းဖန့်ရယ် မောပြောဆိုနေကြတာကို မလိုတမာကြည့်နှင့် ကြည့်ရင်း…

'သမီး ဘယ်လိုဖြစ်နေလဲ၊ လူမြင်ကွင်းမှာ ကိုယ်က သာမန် မဟုတ်တော့ဘူး ဆိုတာ မမေ့နဲ့လေ၊ သွား… အိမ်ပေါ်တက်တော့ တန်ဘိုးရှိတဲ့ အလှကို လူမြင်အောင် အလကားပြမနေနဲ့'

'ရှင်… ဟုတ်'

'ကဲ… နန္ဒလည်း ပြန်နားလိုက်ဦး၊ တောင်ငူကို ဘာနဲ့သွား မှာလဲ'

'အိပ်စပရက်ကားနဲ့ အန်တီ၊ စီးလုံးငှားထားတာ ပါရမီဝင်းထဲ က'

'ကောင်းပြီ၊ ကွန်ဖမ်းဖြစ်ရင် ထပ် ဖုန်းဆက်'

'ဟုတ်'

စကားက ပြတ်နေပြီမို့ သားအမိတွေကို နှုတ်ဆက်ရင်း နန္ဒ ပြန်လာရသည်။ ရင်ထဲမှာတော့ မျက်တက်တက် အားလုံး ကြိုခန့်မှန်း ထားသည့်အတိုင်း ထမင်းသည် ဒေါ်ယဉ်ကြည်က ဝင်းဖန့်အနာဂတ်ကို ကြိုးကိုင်မည်ဆိုတာ အမှန်တကယ် ဖြစ်လာခဲ့ပြီ မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ပါရမီဝင်းထဲမှ စီးလုံးငှား အိပ်စပရက်လေအိတ်ကားကြီး စထွက်လာချိန်မှာ နံနက်ခုနစ်နာရီ ရှိပြီ။ ဒါတောင် ငါးနာရီအရောက်ဟု ဆော်ဩထားခဲ့တာ ဖြစ်၏။ ပုတ်ပြတ်ငှားထားသဖြင့် ကိုယ်ကြိုက်သည့်အချိန် ထွက်ခွင့်ရသည်။ မိုင်တစ်ရာငါးဆယ်လောက်သာ ကွာဝေးသည်မို့ အလွန်ဆုံးငါးနာရီလောက်သာ ကြာမြင့်မည် ဖြစ်၏။

ကားပေါ်မှာတော့ ကိုယ့်အဖွဲ့သားတွေချည်း ဖြစ်၍ ဆူညံပွက်လောရိုက်နေ၏။ နေရာယူကြစဉ်ကတည်းက လူပ်ရှားယိမ်းထိုးမှု သက်သာသည့် ကားရှေ့ပိုင်း ခုံနံပါတ်တစ်မှ တစ်ဆယ်ထိကို ဒေါ်ယဉ်ကြည်လုနေသေး၏။ အမေခန်းမှ သရုပ်ဆောင်မည့် အကယ်ဒမီမင်းသမီးကြီးကို ဦးစားပေးထားသဖြင့် ဒေါ်ယဉ်ကြည် မျက်စောင်းတခဲခဲ ဖြစ်နေသည်။

အဓိကခေါင်းဆောင် မင်းသား မင်းသမီးတို့က ကိုယ့်ကားနှင့်ကိုယ် လိုက်လာကြမည် ဖြစ်၏။ ဒေါ်ယဉ်ကြည်မှာ ကားရှိသော်လည်း ဆီဖိုးတွက်ပြီး စရိတ်ငြိမ်းလိုက်လာခြင်း ဖြစ်သည်။

ရွှေထမင်းသည် မင်းသမီးအမေ ဒေါ်ယဉ်ကြည်ကို အဖွဲ့သားတွေ မျက်မုန်ကျိုးစ ပြုလာတာ နန္ဒ သတိထားမိသည်။ လုပ်ပေါက်ကလည်း ကြည့်ဦး၊ အားမတန်မာန်လျှော့ပြီး အကယ်ဒမီအမေကြီးကို





နေရာပေးလိုက်ရပြီးနောက် ကိုးနှင့် တစ်ဆယ်နှစ်ခုံတွဲ ရခဲ့သော်လည်း သူ့သမီးတစ်ယောက်တည်း နှစ်ခုံမပေးရကောင်းလား ဆိုပြီး ပွစိပွစိ လုပ်နေသေးသည်ကို။

ဝင်းဖန့်မှာတော့ သူ့အမေလုပ်ရပ်များအတွက် အတော်အားနာပြီး ရှက်နေဟန်ရှိသည်။ လူကြားထဲမှာ ရန်မဖြစ်လိုဟန်နှင့် အမေကို မဝေဖန်ဘဲ သည်းခံခဲ့သော်လည်း မျက်နှာမကောင်းလှ။

နန္ဒကတော့ ကားအလယ်ပိုင်းလောက်မှာ လူရွှင်တော်သရုပ်ဆောင် ဦးရွှေဂဲနှင့်အတူ ထိုင်ရသည်။ ဗီဒီယိုလောကသားများမှာ မပင်မပန်းနှင့် ငွေရှာရလွယ်သလိုလို ဖြစ်နေ၍ အများစုက ဘာကိုမှ အလေးမထားဘဲ ပေါ့ပေါ့နေ ပေါ့ပေါ့စားသမားတွေက အရေအတွက်များ၏။

ခုလည်း ကားပေါ်မှာ စောစောစီးစီး အရက်နှင့် မျက်နှာသစ်သူတွေ ရှိသလို ဝါသနာတူတွေစုပြီး ကားနောက်ပိုင်းမှာ အပျင်းပြေဖိုကာဆွဲသူက ဆွဲနေကြပြီ။ နန္ဒက အမေ့ကို တွေ့ရတော့မည်မို့ ကြည်နူးစိတ်နှင့် ငယ်ငယ်က အကြောင်းတွေ စဉ်းစားရင်း ငြိမ်နေသလို ဦးရွှေဂဲကလည်း လူကြီးပီပီ မျက်စေ့ကိုမှိတ် ပုတီးစိပ်ပြီး လိုက်ပါလာ၏။

ကြာတော့ ကားက ချော့သိပ်သလိုဖြစ်ပြီး နှစ်ယောက်လုံး အိပ်ပျော်သွားကြ၏။ မည်မျှကြာသွားသည် မသိ။ ကားရပ်သွား၍ လန့်နိုးလာသည်။ နန္ဒ အိပ်ပျော်နေစဉ် မန်နေဂျာက တောင်ငူရောက်မှ ထမင်းစားမလား၊ လမ်းမှာစားမလားဟု ဆန္ဒခံယူသည် ဆို၏။ အများစုက လမ်းမှာပဲ စားမည်ဆိုကြသဖြင့် လမ်းခုလတ် ကျွဲရပ်နားစခန်းတစ်ခုတွင် ထမင်းစားနားခြင်း ဖြစ်သည်။

တစ်ယောက်ချင်း ကားပေါ်မှအဆင်းတွင် ကားတံခါးဝမှ စောင့်နေသော မန်နေဂျာက တစ်ယောက် ထောင့်ငါးရာဆီး၍ ပေး၏။ ဒါ ထမင်းဖိုးပဲ ဖြစ်သည်။ တစ်ခါတစ်ခါတော့လည်း ကားရပ်နားစခန်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်များက ဈေးကြီး၏။ ထမင်းကို အဝစားနှစ်ထောင် ဆိုတာကများ၍ တော်ရုံလူ မစားနိုင်ကြ။

ထိုအခါ စက်အဖွဲ့၏ နည်းနာများကို မှတ်သားဆည်းပူးရသည်။ သူတို့က ဘယ်မှာ ဘယ်လိုသက်သာမလဲ ဆိုတာသာ အမြဲကြံဆနေသူများ ဖြစ်သည်။ မုန့်ဟင်းခါးတစ်ပွဲ လေးရာ၊ ထမင်းဆီဆမ်း၊ ထမင်းသုပ် ခုနစ်ရာဆိုတော့ ထမင်းသုပ်ပဲ စားကြတာများ၏။ ဒါလည်း ဗိုက်ဝတာပါပဲ။ သိပ်အစားကြီးသူများကတော့ ထမင်းသုပ်တစ်ပွဲကို မုန့်ဟင်းခါးနှင့် တွဲတီးလိုက်တော့ အိုကေသွား၏။ ထောင့်တစ်ရာပဲကုန်၍ လေးရာပိုသည်။ ပိုတာ အရက်ဖိုး။

သူတို့နည်းက မဆိုး။ သို့သော် နန္ဒက ထမင်းသုပ်မကြိုက်၍ ရွှေတောင်ခေါက်ဆွဲ မှာစားလိုက်သည်။ ဒါက ထောင့်နှစ်ရာ ကော်ဖီမစ်တစ်ခွက် သုံးရာဆိုတော့ ထောင့်ငါးရာ ပွဲသိမ်းကွက်တိ။

နန္ဒ အေးအေးဆေးဆေး စားသောက်နေရင်း ဆိုင်ထဲဝေ့ဝဲကြည့်မိ၏။ အခြေကြီးသွားသော ဒေါ်ယဉ်ကြည်တို့က ဘယ်သူနှင့်မှ မရောဘဲ သီးသန့်ခန်းဝင်ပြီး စိတ်ကြိုက်မှာစားနေကြ၏။ တစ်ယောက်ထောင့်ငါးရာပဲ ယူသလား မန်နေဂျာကို ကွိုင်ရှာပြီး အပိုတောင်းသေးလား ဆိုတာတော့ သူတို့သာ သိပေလိမ့်မည်။

ဒေါ်ယဉ်ကြည် ဆက်ဆံရေးပြောင်းလာသဖြင့် နန္ဒလည်း အရင်လိုမရောတော့၊ ခပ်မှန်မှန်ပင် နေလိုက်သည်။ ဝင်းဖန့်နှင့် ဖုန်းဆက်သွယ်မှု လမ်းကြောင်းကတော့ ကောင်းနေသေးသည်။ အရင်လိုပင် ရင်းနှီးနွေးထွေးဆဲ အဖြေမပေးသေးတာပဲ ရှိသည်။ ဘာပဲဖြစ်ဖြစ် မင်းသမီးလည်း လူပဲမို့ တစ်နေ့ လင်ယူမှာပဲ ဖြစ်သည်။ ထိုအချိန်ကိုသာ နန္ဒစောင့်နေလိုက်တော့မည်။

ထမင်းစားသောက်ပြီး ခရီးဆက်ခဲ့ကြ၏။ တောင်ငူမှာ ဗီဒီယိုရုပ်ရှင် ရိုက်လေ့ရိုက်ထ သိပ်မရှိလှ၊ ဒီတစ်ခါ ဇာတ်အရ လိုကေးရှင်းက တောင်ငူဖြစ်နေသည်။ မြန်မာပြည်၏ ရုပ်ရှင်မြို့တော်က





မြင်ဦးလွင်၊ ပုပ္ပား၊ မန္တလေး၊ ပုဂံ၊ ချောင်းသာနှင့် သံလျင်တို့သာ ဖြစ်၏။

ဒီဇာတ်မှာ နတ်သျှင်နောင်နှင့် ဓာတုကလျာတို့၏ လူမသိသေးသော သမိုင်းကြောင်းတစ်ခု ပါလာသဖြင့် 'လိုကေးရှင်း' အားကိုယူမှဖြစ်မှာမို့ ဇာတ်ထဲက မူရင်းဒေသမှာပင် ရိုက်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မရပ်မနား မောင်းနေသည့်ကားကြီး ထွက်လာပြီး နာရီဝက်လောက်မှာပင် ပေါက်တော၊ ပေါက်တော ကျွန်းမာရေးဟူသော အသံများ ညံလာသဖြင့် ကားဆရာက သင့်ရာတွင် ရပ်ပေးလိုက်သည်။ ယောကျ်ားအများစုသာ အပြေးအလွှားဆင်းသွားကြ၏။

စောစောက ထမင်းစားရပ်အပေးတွင် ကိုယ့်ဒေါသနှင့်ကိုယ်ကြီးယား၊ အရက်စသည်တို့ကို ဖြည့်တင်းခဲ့ကြတော့ ဆီးသွားချင်လာကြခြင်း ဖြစ်သည်။ ကားနှင့် ခရီးဝေးသွားရတာ ကျန်းမာရေးကိစ္စကလည်း တစ်ဒုက္ခ ဖြစ်၏။

ပေါ့ပါးသွားကြသူများ ကားပေါ်ပြန်တက်လာပြီး လူစုံတော့ ခရီးဆက်ခဲ့ကြပြန်သည်။ နောက်နာရီဝက်အကြာ နေ့ခင်းတစ်နာရီတွင် တောင်ငူသို့ဝင်သည်။ အရင်ဆုံး ကေတုမတီဟိုတယ်သို့ ဝင်ပေး၏။ အကာယ်ဒမီအမေကြီးနှင့် နောက်ပါများ၊ ဒေါ်ယဉ်ကြည်၊ ဝင်းဖန့်နှင့် သော်သော်တို့ ဆင်းသွားကြသည်။ ဟိုတယ်သို့ ဒါရိုက်တာနှင့်အဖွဲ့ကြိုရောက်နေတာ တွေ့ရ၏။

ကျန်လူများကတော့ ထုံးစံအတိုင်း ဘုန်းကြီးကျောင်းပေါ့။ ဖြစ်ခဲ့ နန္ဒ အဆက်အသွယ်နှင့် ဖုန်းဆက်ပြီး စီစဉ်ထားရန် အမေ့ကို အကြောင်းကြားထားသဖြင့် အမေကိုယ်တိုင် ကျောင်းမှာလာစောင့်နေရှာသည်။

ဘုန်းကြီးက မလာစဖူး အလာထူးသည့် ရုပ်ရှင်အဖွဲ့ကို မကြုံဖူးသေး၍ အကြောင်းမသိသေးသဖြင့် ဝမ်းသာအားရ ကြိုဆိုနေရှာချေသေး၏။ ဘုန်းကြီးကျောင်းဆိုသော်လည်း သုံးထပ်တိုက်ကျောင်း

www.burmeseclassic.com



တစ်ဆောင်လုံးကို ရှင်းပြီး မြေညီထပ်နှင့် ဒုတိယထပ် နှစ်ဆောင်လုံးကို အသုံးပြုခွင့်ပေးထားသဖြင့် သားသားနားနားနှင့် ချောင်ချောင်ချိချိ တည်းခွင့်ရသည်။

အမေနှင့် နန္ဒက မန်နေဂျာကို ခေါ်ပြီး ဆရာတော်ကြီးကို ဖူးမျှော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ရင်း မိတ်ဆက်ပေးခဲ့သည်။ မန်နေဂျာက မနက်ဖြန် နံနက်တွင် ဤကျောင်းဘုရားခန်း၌ ကန်တော့ပွဲ ပေးမည်မို့ မင်းသား မင်းသမီးကအစ ရုပ်ရှင်အဖွဲ့သား အားလုံးလာကြမည်ဟု လျှောက်ထားရာ ဆရာတော်လည်း တော်တော်သဘောကျသွားဟန်ရှိ၏။

မင်းနန္ဒကြောင့် ဒီလို ရုပ်ရှင်အဖွဲ့နှင့် ဆုံဆည်းဖူးရသည်ဟု ဆိုကာ နန္ဒပါသော ကားများအကြောင်း ပြောရင်း ချီးကျူးခန်း ဖွင့်နေသေး၏။ နန္ဒက ဆရာတော်ကိုကြောက်၍သာ အလိုက်အထိုက် ပြန်ပြောနေရခြင်း ဖြစ်သည်။ တကယ့်ဆန္ဒကတော့ အိမ်ကို အပြေးပြန်ကာ အမေ့ရင်ခွင်ကို ခေါင်းတိုးဝင်ချင်နေခဲ့ပြီ။

ဆရာတော်၏ မေးမြန်းမှုများကို သည်းခံဖြေပြီးနောက် နန္ဒ ကမန်းကတန်း ဦးချပြီးနောက် ထရပ်လိုက်၏။ အမေက အလိုက်တသိနှင့်...

'ဒီကလေး အိမ်မပြန်တာ နှစ်နှစ်ရှိပြီ ဘုရား၊ ခုမှ အမေ့ကို သိပ်တွေ့ချင်နေလို့ပါ ဘုရား'

'အို... ဒီလိုလား၊ အိမ်း... ဟုတ်ပေတာပေါ့၊ ကိုင်း...ကိုင်း ပြန်ကြဦး ပြန်ကြဦး အမေလည်း သတင်းကြားပြီး မျှော်နေရောပေါ့'

ဆရာတော် ခွင့်ပြုသည်နှင့် နန္ဒသုတ်ခြေတင်တော့၏။ ကျောင်းဝင်းထဲ ထိုးထားသော အိမ်က လိုက်ထရပ်ကားပေါ် ရောက်သည်အထိ အဖေ ကျောင်းပေါ်က ဆင်းမလာသေးသဖြင့် စိတ်မရှည်တော့ဘဲ ဟွန်းကို တတီတီနှိပ်လိုက်တော့သည်။

ဒါတောင် သုံးမိနစ်လောက်ကြာမှ အဖေရောက်လာ၏။ နန္ဒ





နှုတ်ခမ်းစူနေတာကို ကြည့်ပြီး အဖေက တဟားဟား ရယ်သည်။

'ဟေ့ကောင်... ခုမှ အသည်းအသန် လွမ်းပြမနေနဲ့၊ အိမ်မှာ မင်းအတွက်နေရာ မရှိတော့ဘူး၊ အားလုံးကို ဂူးဂူး သိမ်းပိုက်သွားပြီကွ ဟား... ဟား... ဟား'

အဖေ့ကို ဘာမှ ခွန်းတုံ့ပြန်မနေတော့ဘဲ ကားကို ဂရုတစိုက် မောင်းထွက်လိုက်၏။ အလွတ်ရနေသော လမ်းများအတိုင်း အသော့နှင့်ကာ မောင်းလာခဲ့သည်။ ငါးမိနစ်လောက် မောင်းလာခဲ့ပြီးတော့ အိမ်ကို လှမ်းမြင်ရသည်နှင့် နန္ဒရင်ထဲ အပျော်တွေ အုံကြွလာ၏။

ဟွန်းကို တတီတီနှိပ်ရင်း အိမ်ဝိုင်းထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ ကားရပ်လိုက်သည်နှင့် အိမ်ထဲက လူတွေ ပြေးထွက်လာကြ၏။ အမေ၊ အစ်မ၊ အဒေါ်နှစ်ယောက်နှင့် ဂူးဂူးလေးတို့ ဖြစ်သည်။ သူများပြေးလို့ ဘာမှန်းမသိ ပြေးလိုက်လာသော ဂူးဂူးလေးကို နန္ဒ ဒူးထောက်ဆီးကြိုလိုက်သည်။ ဂူးဂူးက သေချာစိုက်ကြည့်ပြီး ပြန်လှည့်ပြေးသွားတော့၏။ အဖေက...

'ဟား... ဟား... ဟား တွေ့တယ်မဟုတ်လား၊ ငါ့သား မင်းက အားလုံးအတွက် တစိမ်းတစ်ယောက်ဖြစ်နေပြီ'

'တော်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ကလေး စိတ်မကောင်းအောင်'

'ဟ... နှစ်နှစ်ကြာမှ တစ်ခါပြန်လာတဲ့ကောင်ကို ဒီလို မပြောလို့ ဘယ်လိုပြောရမှာလဲ အခုတောင် ကိုယ်လွတ်လက်လွတ် လာတာမဟုတ်ဘူး၊ အလုပ်က တန်းလန်း'

'အဖေကလည်းဗျာ နောက်ဆို တစ်နှစ်တစ်ခါ ပြန်လာပါ့မယ်'

'ကဲ... တော်ကြတော့၊ လာ... သားလေး'

အမေက အဖေ့ကို ဆိုငေါက်ပြီး ဆွဲခေါ်သဖြင့် နန္ဒ အမေ့ကို တင်းတင်းဖက်ထားလိုက်သည်။ ချက်ချင်းဆိုသလို မျက်ရည်ဝဲလာ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူ့ သရုပ်ဆောင်သက်တမ်း တစ်လျှောက်လုံး ဒီလောက် လွယ်လွယ်ကူကူ တစ်ခါမှ ငိုလို့ မရခဲ့စဘူး။ အခုအဖြစ်က သရုပ်ဆောင်နေတာ မဟုတ်၊ ရင်ဘတ်နှင့်ဆိုင်သည့် အကန့်ဖြစ်သည်။ တကယ့်ခံစားမှု အစစ်ဖြစ်၏။

အခြေအနေကို ထိန်းရန် အစ်မက အရွှန်းဖောက်၏။

'မောင်လေး… အမေက မင်းလာမယ်ဆိုတာ တစ်မြို့လုံးက အပျိုတွေကို အိမ်လာလည်ဖို့ ဖိတ်ထားတာနော်၊ မင်း ရွေးခံဖို့သာ ပြင်ပေတော့'

'ဟဲ… ဟဲ… ဟဲ မလှတဲ့ဟာတွေ အိမ်ထဲမဝင်စေနဲ့နော် အစ်မ'

'ဟယ်… ဒါဆိုရင်တော့ ဘယ်သူမှ အဝင်ခံလို့ မဖြစ်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ကုလားစုက အပျိုမတွေပဲ လာမှာမို့လေ'

'ဗျာ'

အမေက ပြုံးရုံသာ ပြုံးပြီး အိမ်ထဲဝင်သွားတော့ နန္ဒကို အဒေါ်များနှင့် အစ်မက ဝိုင်းဆွဲကာ အိမ်ထဲခေါ်သွားကြ၏။ ထိုညတစ်ညလုံး နန္ဒ မအားရ၊ အမေ့ကို ချွဲဖို့ အချိန်ပင် မရခဲ့။

အိမ်နီးချင်းတွေ လာလည်ကြ၊ အသိမိတ်ဆွေတွေ လာနှုတ်ဆက်ကြ၊ ကလေးတွေ လာစပ်စုကြနှင့် အိမ်မှာ အလှူလုပ်သလို စည်ကားနေခဲ့သည်။ အဖေနှင့် အမေက ဒါကိုကြည့်ပြီး သဘောကျမဆုံး တပြုံးပြုံး ဖြစ်နေ၏။

ထမင်းစားတုန်း ခဏလေးပဲ အမေနှင့် ကောင်းကောင်းစကားပြောခွင့်ရသည်။ စားပြီးတော့လည်း ဆက်ဧည့်ခံရသေးသည်။ ဆယ့်နှစ်နာရီလောက်မှာတော့ ဘယ်လိုမှ မတတ်နိုင်တော့သဖြင့် တံခါးပိတ် မီးမှိတ်ပြီး အိပ်လိုက်ကြမှပဲ ကိစ္စပြတ်သွားတော့သည်။

* * *





ဘုန်းကြီးကျောင်းမှာ ကန်တော့ပွဲပေးတော့လည်း ပရိသတ်ကို မနည်းတားယူခဲ့ရ၏။ မင်းသား၊ မင်းသမီးတွေ အပြင်မထွက်ရဲလောက်အောင် အုန်းအုန်းထနေ၏။ ထိုအထဲ နန္ဒ၏ အမျိုးများလည်း ပါသည်။ အမေက ရှေ့ဆုံးမှ ဖြစ်၏။ နောက်ဆုံး ဆရာတော်နှင့် တိုက်အုပ်ဘုန်းကြီးများ ကြိမ်ကိုင် တံမြက်စည်းကိုင်ပြီး ကြိမ်းကြမောင်းကြမှပင် ရပ်ရှင်သမားတွေ လှုပ်ရှားခွင့်ရကြသည်။

အနုပညာသမားများအပေါ် နယ်လူထု၏ စိတ်ဝင်စားမှုက ကြောက်ခမန်းလိလိ ဖြစ်နေ၏။ ရဟန်းပျိုများ၏ ကြပ်မတ်ပေးမှုနှင့် အောက်ဒိုးထွက် ရိုက်ကူးနိုင်ဖို့ ကားများထွက်ခွာခွင့် ရခဲ့သည်။

အမေတို့ကလည်း အိမ်က ကားနှင့် ရှုတင်အဖွဲ့သွားလေရာ တကောက်ကောက်လိုက်ပြီး ကြည့်ရှုလေ့လာကြ၏။ နားချိန်တွင် ဝင်းဖန့်နှင့် ဒေါ်ယဉ်ကြည်ကို သူ့မိသားစုနှင့် မိတ်ဆက်ပေးလိုက်သည်။ အမေနှင့် အစ်မတို့ ဝတ်ထားသော ရွှေများကို ကြည့်ပြီး ဒေါ်ယဉ်ကြည် စကားကောင်းကောင်း ပြော၏။

အမေတို့ဖိတ်သော ထမင်းစားပွဲကိုပင် လက်ခံခဲ့သည်။ ဒါကလည်း နန္ဒတို့ အိမ်အခြေအနေကို ကြုံတုန်း မျက်မြင်စပ်စုသွားလိုသည့် သဘောသာ ဖြစ်၏။ အမေတို့လည်း ညနေစောင်း ရှုတင်ဘရိတ်လုပ်မှ ပြန်သွားကြသည်။ ထိုညနေခင်းမှာ အရင်ဆုံး ဘော်ဒါ သရုပ်ဆောင်များကို အိမ်အလည်ခေါ်ကာ ပြုစုရသေး၏။ ပြီးတော့ အိမ်က ဆိုင်ကယ်သုံးစီးနှင့် ဘုရားစုံ လိုက်ပို့ပေးသဖြင့် အပေါင်းအသင်းများလည်း ကျေနပ်သွားကြသည်။

နန္ဒကတော့ ဘုန်းကြီးကျောင်းမှာမတည်း၊ အိမ်မှာပဲ အိပ်သည်။ အမေနှင့် စကားပြောရင်း အမေ့ပေါင်ပေါ် ခေါင်းအုန်းအိပ်သည်။ အမေက နန္ဒဆံပင်များကို တယုတယ ပွတ်သပ်ပေးရင်း…

'ငါ့သား ဒီအလုပ်ကိုပဲ စွဲစွဲမြဲမြဲ လုပ်တော့မှာလား'

'အဖေနဲ့တော့ ဒီကိစ္စ ဆွေးနွေးပြီးပါတယ် အမေ၊ အဖေက သူ့လုပ်ငန်းကို ဆက်ခံဖို့ သားပဲရှိတယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ အမှန်ပဲလေ သားရဲ့'

'အင်း… အဖေ အခု ငါးဆယ်နော် ပြီးတော့ ခုထိ ခေါင်ခေါင်မြည်နေတုန်း သားကို နောက်ငါးနှစ်ပဲ အချိန်ပေးပါ၊ ငါးနှစ်ပြည့်တာနဲ့ လုံးဝပြန်လာပြီး ကွမ်းသီးခိုင် လုပ်ပါ့မယ် အဖေ'

'အေးလေ… သားက အနုပညာလောကမှာလည်း ရပ်တည်နေနိုင်ပြီကိုး၊ အလုပ်အပေါ် သံယောဇဉ်တော့ ဖြစ်နေမှာပေါ့၊ သားဆုံးဖြတ်တာကောင်းပါတယ်၊ ဒါနဲ့ ငါ့သား အိမ်ထောင်မပြုသေးဘူးလား'

'ပေါက်ပေါက်ရှာရှာ အမေရယ်၊ ရည်းစားတောင် မရှိတာ ဘယ်လိုလုပ် မိန်းမယူရမလဲ'

'ဒါဆို အမေရှာထားရမလား'

'ဟာ… အဲဒီလိုကြီးတော့လည်း မဖြစ်ပါဘူး'

အမေ ဖွတ်မလုပ်အောင် သူနှင့် ဝင်းဖန့်အခြေအနေကို ရှင်းပြလိုက်ရ၏။ ထိုစကားကြားတော့ အမေ အံ့ဩသွားသည်။

'သားရယ် မင်းဟာက ဖြစ်နိုင်ပါ့မလား၊ သူလည်း နာမည်ရစပြုနေပြီနော်'

'အဲဒါတော့ မသိဘူး၊ သားက သူ ထမင်းသည်ဘဝမှာကတည်းက ချစ်ခဲ့တာ ဘာလဲ အမေသဘောမတူလို့လား'

'ချစ်စရာလေးပါကွယ် ဒါပေမဲ့ မင်းသမီးကို ယူလို့ သားစိတ်ချမ်းသာနိုင်ပါ့မလား'

'အင်း… သားတို့ အချင်းချင်းတော့ အဆင်ပြေမယ်ထင်တယ် အမေ'

'အေးလေ… မင်းတို့ချင်း အဆင်ပြေမယ်ဆိုရင် အမေ လက်ခံရမှာပေါ့ကွယ်'

'ကျေးဇူးပဲ အမေ၊ ဒါပေမဲ့ ဒီကိစ္စ ထိပ်တန်းလျှို့ဝှက်နော် အမေ၊ သားတို့က လူသိထင်ရှားဖြစ်နေတော့ သတင်းအစအန ထွက်လို့ကို မဖြစ်ဘူး'





'ဒီလောက်တော့ အမေ သဘောပေါက်ပါတယ်ကွယ်'

သားအမိနှစ်ယောက်၏ တံခါးပိတ်အစည်းအဝေး အကြောင်းအရာများကို ကျန်အိမ်သားများပင် မသိလိုက်ကြချေ။

* * *

ဒေါ်ယဉ်ကြည်က ကားပေါ်မှ ဆင်းသည်နှင့် အိမ်နှင့် ဝိုင်းကို လှမ်းကြည့် အကဲခတ်သည်။ လိုက်ထရပ်တစ်စီး၊ ဟိုင်းလတ်တစ်စီး ဆိုင်ကယ်သုံးစီး ရပ်ထားတာ တွေ့တော့ မျက်ခုံးတစ်ဖက် မသိမသာ မြင့်တက်သွား၏။ နန္ဒတို့ အိမ်က နှစ်ထပ်တိုက်ဖြစ်သော်လည်း ပုံစံကျသည်။

'လာ… အန်တီနဲ့ ဝင်းဖန့် အိမ်ထဲဝင်ကြပါဦး'

အိမ်ထဲရောက်တော့ အဖေ၊ အမေ၊ အစ်မ ယောက်ဖတို့က နွေးနွေးထွေးထွေး ဆီးကြိုကြ၏။ ကြော်ငြာမင်းသမီးချောလေး အိမ်လာလည်သည်မို့ အားလုံးသားသားနားနား ဝတ်ဆင်ထားကြသည်။

အမေနှင့် ဂုဏ်က ဝင်းဖန့်နှင့်တွဲပြီး ဓာတ်ပုံအမျိုးမျိုး ရိုက်ကြသည်။ ထိုပုံများကို ယောက်ဖက ဖုန်းနှင့် ရိုက်ပေးနေ၏။

အဖေနှင့် အမေက ဒေါ်ယဉ်ကြည် စပ်စုသမျှဖြေရင်း တပြုံးပြုံးနှင့် သဘောကျနေကြ၏။ ထိုအခိုက် အဖေ့မိတ်ဆွေနှစ်ယောက် ရောက်လာကြသည်။ ဧည့်သည်များ ရောက်နေတာ တွေ့၍ အဖေ့မိတ်ဆွေများက သိပ်ကြာကြာမနေဘဲ လိုရင်းကိုသာ ပြော၏။

'ကိုင်း… ကိုမျိုးမင်း၊ ကျုပ် ကြွေးလာဆပ်တာ ဒီမှာ သိန်းငါးဆယ် ခင်ဗျား ကူညီလို့ ကျုပ်စီးပွားရေး ပြန်နာလန်ထလာတာ ဒီကျေးဇူးတစ်သက်မမေ့ဘူး'

'ရတယ်ဗျာ အချင်းချင်းတွေပဲဟာ အပန်းမကြီးပါဘူး'

'ဘယ်ဟုတ်မလဲဗျ၊ ဒီခေတ်ထဲ သိန်းငါးဆယ်ကို အတိုးမယူဘဲ ချေးပေးတဲ့ လူမျိုးဆိုတာ ဘုရားချေးထက်ရှားနေပြီဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ဟုတ်ပါပြီ ကိုဖိုးထောင်ရယ်၊ ကျေးဇူးတင်ချင်လည်း နောက်မှသာ တင်တော့'

'ကောင်းပါပြီဗျာ ဒါဆိုလည်း ခွင့်ပြုပါဦး'

ဧည့်သည်တွေ ပြန်သွားတော့ ဒေါ်ယဉ်ကြည် မျက်နှာအမူအရာတွေ ပြောင်းသွားတာ နန္ဒ သတိပြုမိသည်။ ခဏနေတော့ ဝင်းဖန့်တို့ကို ထမင်းကျွေးသည်။ ဟင်းပွဲများကို ကြည့်ရင်း ထမင်းသည် ဒေါ်ယဉ်ကြည်ပင် မျက်လုံးပြူးသွား၏။

သရက်သီးခြောက်နှင့် ဝက်သားနှပ်၊ လက်ပံခေါင်းချဉ်ရည်၊ ဘဲသားနှင့် မှိုပေါင်း၊ ဘူတလင်တွင်းတောင်မှ တွင်းပိုးကြော် စသည်ဖြင့် သူမကြားဖူးသော ဟင်းများ ဖြစ်နေ၏။ အရန်ဟင်းကလည်း သရက်ချဉ်ပိုးတီသုပ်၊ ကြက်ဟင်းခါးညွန့်ကြော် အညာငပိထောင်း စသည်ဖြင့် စုံလင်နေသည်။

'အမလေး… ကျွန်မလည်း ထမင်းဆိုင်ဖွင့်လာတာပါ အစ်မရယ်၊ ဒီလို စားကောင်းတဲ့ ဟင်းမျိုး တစ်ခါမှ မစဉ်းစားမိဘူး'

'ဒါဆိုလည်း ဟင်းတွေပဲ စားတော့ ညီမရယ်'

'ဟုတ်ကဲ့ အားမနာတော့ဘူးနော်'

ဒေါ်ယဉ်ကြည်နှင့် ဝင်းဖန့်တို့ တကယ်ပဲ ဟင်းများကိုသာ အဓိကထားစားနေကြသည်။ တစ်မျိုးစားပြီးတိုင်းလည်း တစ်ခါချီးကျူး၏။

'ကောင်းလိုက်တာ အစ်မရယ်၊ ဝက်သားမှာ အအီအရသာ လုံးဝမရှိသလို သရက်သီးအခြောက်နဲ့ ဆိုတော့ ဟင်းအနှစ်ကလည်း ပြစ်ချွဲမနေတော့ဘူး၊ အချဉ်ဓာတ်ကလည်း ရှူးရှမနေဘူး'

'ဟုတ်တယ် ညီမရဲ့၊ အဲဒါ သရက်သီးခြောက်ရဲ့ ထူးခြားချက်ပဲလေ'

'ဟုတ်ပ အစ်မရယ်၊ ကောင်းမှကောင်း'

'သမီးလေးကော စားလို့ဖြစ်ရဲ့လား'





'ဟုတ်ကဲ့ အန်တီ၊ အရမ်းခံတွင်းတွေ့ပါတယ်ရှင့်'

ဝင်းဖန့်၏ ထောက်ခံချက်ရမှ အမေ ကျေနပ်သွားပုံနှင့် ပြုံးလိုက်၏။ ဒေါ်ယဉ်ကြည်ကတော့ အိမ်အနှံ့ ရောက်သည့်နေရာမှ ရှူးရှူးဝါးဝါး အကဲခတ်စပ်စုသည်။ အနေအထိုင်ကျစ်လစ်မှု၊ သပ်ရပ်သန့်ရှင်းမှု၊ စည်းစနစ်ကျနမှုတို့ကို စိတ်ထဲမှ ချီးကျူးနေမိသည်။

ထမင်းပွဲပြီးတော့ သီးနှံစုံအချိုပွဲ၊ သံပုရာရည် ချိုချိုချဉ်ချဉ်လေးနှင့် အစာပိတ် တည်ခင်းသေးသည်။ နာမည်ကြီးတောင်ငူ ရွှေငှက်ပျောသီးကို အခွံနွှာကာ ဓားနှင့်လှီးပြီး ခက်ရင်းတပ် ပေးထား၏။ အသီးက ထွားပြီး တုတ်ခိုင်သဖြင့် ဒီအတိုင်းစားရတာ ဣန္ဒြေပျက်သည် မဟုတ်လား။

အချိန်တန်၍ ဟိုတယ်ပြန်ရတော့ ဒေါ်ယဉ်ကြည်မှာ အလာတုန်းကလို သိပ်ထောင်လွှားမနေတော့ အတော်ကလေး အပိုးကျိုးဟန်နှင့် ဖော်ရွေနေသည်။ သူတို့ကို နန္ဒပင် ကားနှင့် ပြန်လိုက်ပို့ပေး၏။

'နန္ဒ အမေက သိပ်အချက်အပြုတ် ကောင်းတာပဲနော်၊ အန်တီဖြင့် မတောက်တခေါက် လက်ရာနဲ့ ထမင်းဆိုင်ဖွင့်မိတာ ရှက်တောင်ရှက်တယ်'

'အဟင်း… ဒါကြောင့် အဖေ့ကို အိမ်ထဲက အိမ်ပြင်မထွက်အောင် ထိန်းထားနိုင်တာပေါ့ အန်တီရဲ့'

'ဟင်း… ဟင်း… ဟင်း ဟုတ်မှာ ဟုတ်မှာ'

'အဲဒါတင်ကမလား အမေရဲ့၊ တစ်အိမ်လုံးလည်း သပ်ရပ်သန့်ရှင်းနေတာပဲ'

'အင်း… ဟုတ်တယ်၊ တကယ့် အိမ်ထောင်ရှင်မကောင်း တစ်ယောက်ပဲ'

'အဲဒါကြောင့် အဖေက ပြောတာ၊ မင်းမိန်းမယူရင် ငါ့မိန်းမကို မီဖို့ မပြောနဲ့ ထမင်းတောင် နပ်မှန်ပါ့မလား မသိဘူးတဲ့'

'အမယ်… ကိုနန္ဒကလည်း ဒီခေတ် မိန်းမတွေက အိမ်ထောင်ထိန်းသိမ်းမှု တစ်ခုတည်း လုပ်ရတာ မဟုတ်ဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်ပါပြီဗျာ… ဟုတ်ပြီ'

'အင်း… အဲဒါတော့ မှန်တယ်၊ အန်တီလည်း သမီးအိမ်ထောင်ကျရင် အိမ်ဖော်ဖြစ်သွားမှာစိုးလို့ မင်းသမီးလုပ်ခိုင်းထားတာ ပေါ့'

'ဟား… ဟား… ဟား အမျှော်အမြင်ကြီးပါပေ့ အန်တီရယ်'

ဟိုတယ်သို့ ပြန်ပို့ပေးပြီး နန္ဒတစ်ယောက်တည်း အိမ်အပြန် လမ်းတွင် ဝင်းဖန့်နှင့် စကားပြောချင်လာသဖြင့် ဖုန်းဖွင့်လိုက်သည်။ ထိုအခါ ဝင်းဖန့်ပို့ထားသော မက်ဆေ့ချ်ကို တွေ့ရ၏။

'ကိုနန္ဒ… သိပ်ကောင်းတဲ့ ထမင်းတစ်နပ်အတွက် ကျေးဇူးပဲ၊ ကိုနန္ဒ တောင်းထားတဲ့ အဖြေပေးဖို့ တစ်ရက်ပိုနီးလာပြီလို့ နားလည် ပေးပါ'

သိပ်လည်တဲ့ ဝင်းဖန့် ညစဉ် ဖုန်းဆက်အဖြေတောင်းနေကျမို့ အဖြေမတောင်းခင် ကြိုပြီး မက်ဆေ့ချ်ပေးလိုက်ခြင်းပင်။ ဘယ်လိုပဲ ဖြစ်ဖြစ် နန္ဒ စိတ်ကြည်လင်နေသဖြင့် ပီတိများနှင့် လေချွန်လိုက်မိ တော့၏။

* * *



## အခန်း(၇)

တောင်ငူတွင် ခြောက်ရက်ကြာ ရိုက်ကူးပြီးသောအခါ နယ်တွင် ရိုက်ကူးရမည့် အခန်းများ အားလုံးပြီးစီးသွား၏။ ရန်ကုန်တွင် ရိုက်ရမည့် အခန်းများသာ ကျန်တော့သဖြင့် ပြန်ဖို့ ပြင်ဆင်နေကြပြီ။

နန္ဒ တစ်ရက်၊ နှစ်ရက်လောက် နေခဲ့ဖို့ စိတ်ကူးသော်လည်း ဇာတ်သိမ်းတွင် သူပါနေသဖြင့် မဖြစ်မနေ ပြန်လိုက်သွားရဦးမည် ဖြစ်၏။ ဒီသတင်းကြားတော့ နန္ဒအမေ မျက်နှာမကောင်းတော့။

'သားရယ် ကားရိုက်ကျဲရင် ပြန်လာခဲ့ဦးနော်'

'စိတ်ချပါ မေမေ၊ သားလည်း အိမ်ကို လွမ်းတတ်ပါတယ်'

'မင်း စကားလှအောင် ပြောနေတာတော့ မဟုတ်ပါဘူးနော်'

အဖေက ခပ်ထေ့ထေ့ ပြောလိုက်သဖြင့် နန္ဒ စိတ်မကောင်း ဖြစ်သွားရ၏။

'သား ကတိတွေ မပေးတော့ဘူး ဖေဖေ၊ လုပ်ရပ်နဲ့ပဲ သက် သေပြသွားပါ့မယ်၊ အဲဒီတော့မှပဲ ယုံသင့်ရင် ယုံပါ'

'တော်ကလည်း ကလေး စိတ်မကောင်းအောင် ဘာတွေပြော နေမှန်းကို မသိဘူး၊ သား မင်းအဖေပြောတာ စိတ်ထဲထားမနေနဲ့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်လုပ်'

နန္ဒ ဘာမှ ပြန်မပြောတော့ဘဲ ပြုံးရုံသာ ပြုံးပြီး မိဘများကို ထိခြင်းငါးပါးနှင့် ရှိခိုးနှုတ်ဆက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အမေ့သားလေး... စိတ်အကြံအားလုံး ပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ပါစေကွယ်'

'အဟမ်း... မွေးသမိခင်ကျေးဇူးရှင်ရဲ့ မွေးကျေးဇူးကို ဆပ်ဖို့အတွက် မြေးအသစ်တစ်ယောက်နဲ့ မြန်မြန်ကန်တော့နိုင်ပါစေကွာ'

အဖေ ဆုပေးအပြီးမှာ သားအဖနှစ်ယောက် အားပါးတရ ရယ်လိုက်ကြ၏။ အမေက သားအဖနှစ်ယောက်လုံးကို မျက်စောင်းထိုး၏။

အစ်မကလည်း အမေ့စကားကို ထောက်ခံသည်။

'ဟုတ်တယ် ဖေဖေပြောတာ မှန်တယ် မောင်လေး၊ မင်းအိမ်ထောင်ပြုသင့်နေပြီ၊ တည်တည်ငြိမ်ငြိမ်နဲ့ ဘဝခရီးဆက်သင့်နေပြီ ကိုယ်ပိုင်မိသားစုဘဝ ထူထောင်ဖို့ အချိန်ရောက်နေပြီလို့ မမ ထင်တယ်'

'စိတ်ချပါ မမ၊ ကျွန်တော် ဒီကိစ္စခေါင်းထဲ ထည့်ထားတာကြာပါပြီ၊ မကြာခင်မှာ အဖြူ အမည်း သဲသဲကွဲကွဲ သိရတော့မှာပါ၊ သတင်းကောင်းလား သတင်းဆိုးလား ဆိုတာကတော့ ကုသိုလ်ကံပေါ်မှာ မူတည်ပါတယ်'

'ဟား... မင်းဟာက စကတည်းက မဟုတ်တာပါလားဟ လူမတန် ကံချဆိုသလို ဖြစ်နေပြီ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိဘူးလား၊ အံ့ပါ့ ညံ့ပါ့ကွာ'

'လုပ်ပြီ အဖေရာ၊ တော်ပြီ အဖေနဲ့ ပြိုင်ပြီး မပြောတော့ဘူး၊ ငွေရောင်ပိတ်ကားပေါ်မှာပဲ စောင့်ကြည့်ပေတော့'

'အမယ်... မင်း မိန်းမယူမယ့်ကိစ္စကို ရုပ်ရှင်ရိုက်ပြီး ရုံတင်ဦးမယ်ပေါ့ ဟုတ်လား'

အမေ့ နှိပ်ကွပ်ချက်ကြောင့် မိသားစုအတွင်း ရယ်မောသံများ စီဝေဆူညံသွားသည်။ အားလုံးကို နှုတ်ဆက်ပြီး နန္ဒထွက်လာခဲ့၏။ သူ့ကို အဖေက ဘုန်းကြီးကျောင်းသို့ ကားနှင့် လိုက်ပို့သည်။ အလာ





တုန်းကအတိုင်း ကားစင်းလုံး ငှားထား၏။ နန္ဒရောက်တော့ တော်တော်များများ ကားပေါ်မှာ နေရာယူပြီးနေကြပြီ။

ကားဆရာပင် စက်စမ်းနေပြီမို့ ရပ်ကြည့်နေသော ဆရာတော့်ကို လက်အုပ်ချီဦးညွှတ်ရင်း အမေ့ကို လက်ပြ၍ ကားပေါ်ပြေးတက်ခဲ့ရ၏။ နန္ဒ ကားပေါ်နေသားမကျမီမှာပင် ကားစထွက်သည်။ မှန်ပြတင်းမှ လက်ဝှေ့ရမ်း၍ အမေ့ကို နှုတ်ဆက်လိုက်သည်။ အမေ့ ရုပ်သွင်က တဖြည်းဖြည်း ဝေဝါး၍ ဝေးကျန်ခဲ့၏။

ပွဲသွားမော့မော့ ပွဲပြန်ကြော့ကြော့ ဟူသော စကားက ဗိုဒီယို အဖွဲ့သားများနှင့် မသက်ဆိုင်သလို ရှိ၏။ အားလုံးမှာ အသွားလည်း ပျော်ပျော် အပြန်လည်း ပျော်ပျော် ဖြစ်နေကြသည်။ ထိုအထဲ နန္ဒတော့ မပါ။ သူ့အတွေးထဲမှာ အမေ့ကိုပဲ မြင်ယောင်နေ၏။ အမေ့စကားသံတွေ ပြန်ကြားနေ၏။ ဒီတစ်ခါ ခွဲခွာလာခဲ့ရတာ အရင်လို ပေါ့ပေါ့ပါးပါး မရှိ။ ဘာကြောင့်မှန်း မသိ စိတ်တွေ ထိုင်းမှိုင်းနေသည်။

သို့နှင့် သောက်တတ်စားတတ်သော ဘော်ဒါတစ်ယောက်ထံမှ ဝီစကီသုံးပက်ချေးငှားကာ မော့ပြီး အိပ်ပစ်လိုက်တော့၏။ ထိုအခါမှ ကားကြီးက မရပ်မနားသွားနေသော်လည်း နန္ဒအတွေးများ ရပ်တန့်သွားခဲ့သည်။

* * *

ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်ရက်တွင် တောင်ငူလက်ကျန်ဇာတ်ကားကို ဆက်လက်ရိုက်ကူးကြ၏။ ထိုရိုက်ကွင်းသို့ ပရိုဂျူဆာကိုယ်တိုင် လာရောက်ကြည့်ရှုသည်။ နိုင်ငံခြားပြန်ဘွဲ့ရ သားတစ်ယောက်လည်း ပါလာသည်။ ပရိုဂျူဆာကို ဒေါ်ယဉ်ကြည် ဝင်ရောပုံက မြင်မကောင်း။

အားလုံး သတိထားမိလောက်အောင် သိသာနေလွန်းသည်။ ဝင်းဖန့်ကို အတင်းခေါ်သွားကာ အတင်းမိတ်ဆက် အပ်နှံ၏။ ပရိုဂျူ



www.burmeseclassic.com

www.burmeseclassic.com



ဆားသားကိုလည်း သားရယ် သားညီမလေးကို မြှင့်တင်ပေးပါ။ အန်တီ အပ်ပါတယ်ဟု တဖွဖွ ပြောသည်။ ဝင်းဖန်၏ ဓာတ်ပုံများနှင့် လိပ်စာကတ်ကိုလည်း အတင်းပေး၏။ ဝင်းဖန်ရှက်လာသဖြင့် ကျွန်မ ဒိုင်ယာလော့ဂ်တွေ ကျက်ရဦးမှာမို့ ခွင့်ပြုပါဦးရှင်ဟု နှုတ်ဆက်ကာ ထွက်သွားတာ တွေ့ရသည်။

ရှုတင်တစ်ဖွဲ့လုံး ထိုအဖြစ်ကိုကြည့်ကာ လက်တို့ပြီးတော့ အတင်းပြော၏။ ပေါင်ကုတ်ပြီးတော့လည်း တီးတိုးပြော၏။ မေးငေါ့ရင်းလည်း ပြောဆိုကြ၏။ ဒေါ်ယဉ်ကြည်ကတော့ ခပ်တည်တည်၊ အတော်ပင် မျက်နှာပြောင်လွန်းနေတော့သည်။ ပြောင်ကြီးက နန္ဒအား မျက်စပစ်ရင်း…

‘နွားပြာကြီး အောက်သွားမရှိလို့ ပြောရမှာလား၊ အရှက်မရှိ သရက်စေ့လို့ ပြောရမှာလား၊ လက်သရမ်းကြီးနဲ့ သမက်ဖမ်းချက်ကတော့ လန်ထွက်နေတာပဲနော်’

‘အဟင်း… မုဒိတာပွားပြီး မိဘမေတ္တာလို့ မြင်ကြည့်လိုက်ပေါ့ကွာ’

‘မင်း တော်တော်တည်ငြိမ်နေသလိုပဲနော်၊ ရင်မပူဘူးလား၊ မခံစားရဘူးလား၊ ဒါမှမဟုတ် အိုက်တင်ကျင့်နေတာလား’

‘အဟဲ… အမေက အမေအလုပ် အမေလုပ်၊ သမီးက သမီးအလုပ် သမီးလုပ်၊ ငါက ငါ့အလုပ် ငါလုပ် ဒါပဲပေါ့ကွာ၊ မိနစ်ကိုးဆယ်ပြည့်လို့မှ အဖြေမထွက်ရင် သရေတစ်မှတ်စီ ခွဲယူလိုက်ရုံပေါ့’

‘ဟား… ခန္တီပါရမီက ရင့်သန်လှချည်လား၊ ဘဒ္ဒကမ္ဘာပျက်ပြီးတဲ့နောက် ဘုရားမပွင့်မယ့် ကမ္ဘာမှာ ပွင့်ချင်ယောင်ဆောင်မယ့် ဘုရားလောင်းများလား’

‘ဟာ… ဟော့ကောင် အူဖီးနဲ့ မွေ့သလို မိုးကြိုးအတွဲလိုက် အပစ်ခံနေရပါဦးမယ်’

နန္ဒ ရယ်ရယ်မောမော နောက်နောက် ပြောင်ပြောင် ပြောနေရ





သော်လည်း စိတ်ထဲမှာတော့ ပူပန်စိတ်တို့ ဒီရေတက်သလို တက်လာနေခဲ့ပြီ။ သို့နှင့် ဖုန်းဖွင့်ပြီး ဝင်းဖန့်ထံ မက်ဆေ့ချ် ပို့လိုက်သည်။ ‘ဝင်းဖန့်ရယ် သိပ်ချစ်တယ်၊ ပြိုင်ဖက်တွေ ထပ်တိုးလာလို့ သိပ်ရင်မောနေတယ်’

ဝင်းဖန့် ထိုမက်ဆေ့ချ်ကို လက်ခံရရှိပြီး ‘ခဏလေးပဲ သည်းခံစောင့်ပေးပါ’ ဟု မက်ဆေ့ချ်ပြန်ပို့ပေး၏။ နန္ဒရင်ထဲ ကိုလာတစ်ပုလင်း မျိုချလိုက်ရသလို အေးမြသွားရသည်။

သည်လိုနှင့် ရှုက်ဆုတ်ပြကွဒိန်မှ တစ်နှစ်စာ နေ့စွဲစာရွက်ထပ်ကလေး တဖြည်းဖြည်း ပါးလျားလာ၏။ ဝင်းဖန့်လည်း နဂိုရှိ၍ နပိုင်းထွက်လာသည်။ ဂျာနယ်ခေတ်ကြီးထဲမှာ အဖွပညာဒီပလိုမာ ရရှိထားသော ဂျာနယ်လစ်များကြောင့် ဝင်းဖန့်အကြောင်း မပါသော ဂျာနယ် မရှိသလောက် ဖြစ်လာသည်။

ဝင်းဖန့်က နဂိုအတိုင်း ရှိသေးသော်လည်း ဒေါ်ယဉ်ကြည် ပြောင်းလဲသွားပုံက မယုံနိုင်စရာ၊ သရဲဝင်ပူးပြီး ဘီလူးစီးနေသလို ဖြစ်လာ၏။ သမီးအလုပ်ဖြစ်လာလေ သူ့မောက်မာမှုက ပြင်းထန်လေ ဖြစ်လာသည်။

အလုပ်စကားပြောရတာ ရိုက်ရက်တောင်းရတာကအစ လက်ပေါက်ကပ်လာ၏။ ဝင်းဖန့်နှင့် တိုက်ရိုက်ပြောခွင့်မရလောက်အောင် သူချည်း ဝင်ပြော ဝင်ပါနေတော့သည်။ ရှုတင်မှာလည်း သမီး၏ သက်တော်စောင့်လို ကိုယ်ရေးအရာရှိလို အချိန်ပြည့်ရှိနေသည်။

ပရိုဂျူဆာတွေ မင်းသားတွေ ဒါရိုက်တာတွေလောက်သာ သမီးနားကပ်ခွင့်ပြု၏။ ကျန်တဲ့အဆင့်ကို လူမဟုတ်သလို သတ်မှတ်သည်။ ခင်မင်ရင်းစွဲရှိသူများ လာမကပ်နှင့် စကားတစ်ခွန်းလောက်သာ ပြောခွင့်ရမည်။ သမီးကို တခြားသို့ ဆွဲခေါ်ချင် ခေါ်သွားတတ်သလို လာကပ်သူကို မောင်းထုတ်ချင်လည်း ထုတ်တတ်သည်။ ကြာတော့ ပင်တိုင်မိတ်ကပ်သော်သော်ပင် မခံစားနိုင်ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'တကတည်းတော် လုပ်ပေါက်က မိတ်ပျက်မယ့် ဒီနိုင်း၊ သူ့သမီး တစ်သက်လုံး လင်မယူမှာကျနေတာပဲ၊ ဒီလောက် ဖြစ်နေရင် လည်း စိန့်တံဆိပ် ဆီးမင့်နံ့သာ သုံးလိုက်တော့ စိတ်လေတယ် တကယ်ပဲ'

နားမရှင်းသော သံလျှင်မကြီးက ဝင်မေးသည်။

'ဘာလဲ သော်သော်ရဲ့ ဆီးမင့်နံ့ဆိုတာ'

'ဩော်… ကြူကြူကလည်း အဲဒါ ဘိလပ်မြေ ဘိလပ်မြေ တစ်ခါတည်းသာ ကွန်ကရစ်ကိုင်ထားလိုက်လို့ ပြောတာ ကဲ… သိပြီလား'

'အို… ဒီလိုလား'

ဒေါ်ယဉ်ကြည်၏ အတ္တတစ်ကိုယ်တော် ဝမ်းဂူးမင်းနံ့ရှိုးက အများအလယ်မှာ လူရှင်တော်စတား ကြည့်ရသလို ရယ်ပွဲဖွဲ့စရာ ဖြစ်နေခဲ့သည်။ သို့သော် နန္ဒကမူ ထိုသို့ တန်းညှိသည့်အထဲ သူမပါဟုသာ ယုံကြည်ထား၏။

တစ်နေ့ ဒါရိုက်တာ ကိုဇော်လွင်နှင်း၊ နန္ဒရှိမည့် ရှုတင်သို့ ဖုန်းကွန့်တက်လုပ်ပြီး လိုက်လာသည်။ ကားတစ်ကားလောက် ဝင်းဖန့်နှင့် ရိုက်ချင်၍ နန္ဒထံ အကူအညီလာတောင်းခြင်း ဖြစ်သည်။

'ကိုယ့်ဘက်ကတော့ အပိုင်ပဲ၊ ဝင်းဖန့်ဆီတိုက်ရိုက်တော့ မဆက်သွယ်ရသေးဘူး၊ ဒီနေ့ သူ ရှုတင်နားထားတဲ့ သတင်းတော့ရတယ်၊ အဲဒါ မင်းနဲ့အတူ သူ့ဆီသွားချင်လို့ မင်းက သူတို့ လူယုံလို ဖြစ်နေတာ မဟုတ်လား'

ကိုဇော်လွန်း၏ တောင်းဆိုချက်က ငြင်းရခက်နေ၏။ ဒေါ်ယဉ်ကြည်အချိုးပြောင်းတာကို ပြောမထွက်ဖြစ်နေသည်။ ဒီသတင်းတွေ ကိုဇော်လွန်း မကြားလေရော့သလား၊ ဒါမှမဟုတ် နန္ဒကိုပဲအထင်ကြီးလွန်းနေတာလား မသိ။

ငြင်းမကောင်းသဖြင့် ဝင်းဖန့်ဆီ ဖုန်းခေါ်လိုက်၏။ ကံကောင်း





ထောက်မစွာ တိုက်ရိုက်စကားပြောခွင့်ရသည်။ နန္ဒက သူနှင့် ကိုဇော်လွန်း အိမ်ကိုလာပြီး အလုပ်ကိစ္စ စကားပြောချင်ပုံ အသိပေး၏။ ဝင်းဖန့်က လိုလိုလားလား ဖိတ်ခေါ်သည်။ သူ့အမေ အလှူသွားနေကြောင်း ခုချက်ချင်းလာနိုင်မလားဟု မေး၏။ နန္ဒက တစ်ဆင်းနဲ့ရိုက်ရဦးမည်မို့ ဒီနေ့ အရောက်လာမည်ဟုသာ ပြောလိုက်ရသည်။

ကိုဇော်လွန်းကို ခဏစောင့်ခိုင်းထားပြီး တစ်ဆင်းနဲ့ရိုက်ဖို့ ပြင်ဆင်သည်။ အရင်လို အနေးဖြစ်ဆိုသလို ကိုဥသြက သူ့မူအတိုင်း ဒိုင်ယာလော့ဂ် နှစ်နေ၏။ စကားလေးနှစ်ခွန်း၊ သုံးခွန်းကို ရှေ့နောက်ချာလပတ်လည်ကာ အမြီးအမောက်မတည့် ဖြစ်နေသည်။ အလွတ်ကျက်လေမေ့လေ ဖြစ်နေ၏။ မတတ်နိုင်သည့်အဆုံး စကားတစ်ခွန်းစီသာ ပြောခိုင်း၍ ပိုင်းပြီး ရိုက်ရတော့၏။

သူ့တစ်ယောက်တည်း close up ယူရသည်။ combine တွဲ၍မရ၊ တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက်အပြောအဆိုတွေမှာ သူ့အလှည့်ရောက်သည်နှင့် ဒိုင်ယာလော့ဂ်က မှားတော့၏။

သည်တော့ သူ့တစ်ယောက်တည်းရိုက်မှပဲ ကိစ္စက ပြတ်တော့သည်။ ဒီနေ့အဖို့ နန္ဒမပါတော့တာ သေချာမှ အဝတ်အစား ထုပ်သိမ်းပြီး ကိုဇော်လွန်းကားနှင့် အတူထွက်လာခဲ့ကြသည်။ ဝင်းဖန့်တို့ ထမင်းဆိုင်အရောက် ဝင်းဖန့်အစ်မ ရှင်းသန့်က…

'ညီမလေးတို့ ဒီမှာ မနေကြတော့ဘူးလေ ကိုနန္ဒရဲ့၊ တစ်နေ့ကပဲ အပြီးပြောင်းသွားကြတာ'

'ဟောဗျာ… ဖုန်းဆက်တုန်းကလည်း ဘာမှမပြောဘူး'

'ဟုတ်တယ် အိမ်သိရင် အဝင်အထွက် ရှုပ်မှာစိုးလို့တဲ့၊ ဘယ်သူ့မှ မပြောဖြစ်သေးဘူးထင်တယ်'

ကြားရသော စကားကြောင့် နန္ဒနှင့် ကိုဇော်လွန်း အတော်ကာသိကအောင့် ဖြစ်သွားကြသည်။ ရောက်လက်စနှင့် မထူးတော့ဟု သဘောထားကာ နန္ဒက…

www.burmeseclassic.com



'အဲ··· ဝင်းဖန့်နဲ့ ဖုန်းပြောပြီးပြီ၊ အခုလာခဲ့ပါတဲ့ အဲဒါ လိပ်စာများရနိုင်မလား'

'အားတော့နာပါတယ် ကိုနန္ဒရယ်၊ ဒေါ်ဒေါ်က ဘယ်သူ့ကိုမှ မပြောရဘူးဆိုလို့ပါ'

ရှင်းသန့်အဖြေက ဘားဆုံးသွားပြီ၊ နန္ဒတို့ လှည့်ပြန်လာခဲ့ကြ၏။ သူမကျေမနပ်နှင့် ဝင်းဖန့်ထံ ဖုန်းဆက်မိပြန်သည်။

'ကိုနန္ဒတို့ လာနေပြီလား'

'အင်း··· ဒါပေမဲ့ ဘယ်ကိုလာရမှန်း မသိလို့ ဝင်းဖန့်တို့ အိမ်ပြောင်းသွားပြီဆို'

'ဟုတ်တယ်လေ မေမေပဲ ဗစ်စစ်တင်းကတ် အသစ်လုပ်ပြီး အားလုံးကို ဝေပေးထားတယ်တဲ့၊ ကိုနန္ဒတို့ မရဘူးလား'

အင်း··· ကြားထဲမှာ တစ်ခုခုတော့ အကြီးအကျယ်လွဲနေခဲ့ပြီ။

'မရသေးဘူး ဝင်းဖန့်'

ဝင်းဖန့်က အားနာစွာဖြင့် ဖုန်းထဲမှ လိပ်စာပြောပြ၏။ နန္ဒ သက်ပြင်းချပြီး ကားဆရာကို လိပ်စာပြန်ပြောပြရသည်။ နာမည်ကြီး ကွန်ဒိုတစ်ခု၏ တတိယအလွှာမှ တိုက်ခန်းတစ်ခုသို့ ရောက်ခဲ့ကြ၏။ ဝင်းဖန့်ကိုယ်တိုင် ထွက်ကြိုသည်။ လက်ဦးဆရာများဟူသော အသိနှင့် ဝင်းဖန့်ပျာယာခတ်နေသည်။ အအေးပုလင်းများ စားစရာများနှင့် ဧည့်ခံ ကာ စကားပြောမည်အလုပ်တွင် ဒေါ်ယဉ်ကြည်တို့ လင်မယားပြန် ရောက်လာကြ၏။ လက်ထဲမှာလည်း အထုပ်အပိုးတွေ မနိုင်မနင်းနှင့်။

'ဟောတော်··· ဘယ်က ဘယ်လို သတင်းရပြီး ရောက်နေ ကြတာတုန်း'

'ဒီလိုပါပဲ အန်တီ'

'အမေ··· ဗစ်စစ်တင်းကတ်တွေ ဝေထားတယ်ဆို ကိုနန္ဒတို့ ဆရာတို့ မရသေးဘူးတဲ့'

'ဆောရီးပဲ ကိုဇော်လွင်နီးရေ၊ ကတ်ရိုက်တာ နည်းသွားတယ်၊





အရေးကြီးတဲ့လူတွေ လိုက်ပေးနေရတာနဲ့တင် လက်ကျန်တောင် မရှိ တော့လို့ နောက်ကြုံမှပဲ ယူကြတော့'

ဒေါ်ယဉ်ကြည့်ပါးစပ်မှ အနီကတ်ထိမည့် စကားတွေ တရစပ် ထွက်လာ၏။ အရေးကြီးတဲ့ သူတွေ အရင်ပေးထားတာဆိုတော့ သူတို့ နှစ်ယောက်က အရေးမကြီးသည့်သဘော ဆောင်နေပြီ မဟုတ်လား။ ကိုဇော်လွင်နီးလည်း အတော်တင်းသွားပုံရသည်။

'ကိုင်း··· လိုရင်းပဲ ပြောကြတာပေါ့၊ ဒီလ ဆယ့်ငါးရက်မှာ ဗီဒီယိုတစ်ကားရိုက်မယ်၊ သမီး ရက်ပေးနိုင်မလား'

'ဟုတ်ကဲ့ အဲဒီရက်ဆို'

'သမီးရယ် ခဏနေပါဦး၊ မင်းသားက ဘယ်သူလဲ၊ ဘယ် တိုက်ကလဲ၊ ဇာတ်လမ်းကရော ဇာတ်အကျဉ်းလေးတော့ ဖတ်ပြီးမှ ဆုံးဖြတ်လို့ရမှာလေ ကိုဇော်လွင်နီးရဲ့'

ဒေါ်ယဉ်ကြည် အပေါက်နံ့မှုက လက်လန်သည်။ close up နှင့် နှစ်ခါ၊ လေဆာနှင့် နှစ်ခါလောက် သွားတိုက်လျှင်တောင် အနံ့ ပျောက်နိုင်ဖွယ် မရှိ။

ကိုဇော်လွင်နီး မျက်နှာကြီးနီလာသလို ဝင်းဖန့်လည်း မျက်စိ မျက်နှာပျက်နေပြီ။

'အန်တီရယ်··· ကျွန်တော်နဲ့ ကိုဇော်လွင်နီးဆိုတာ ဝင်းဖန့်နဲ့ မလိုက်တဲ့ဇာတ်ဆို လာပြောပါ့မလား၊ ပြီးတော့ ကိုဇော်လွင်နီးဆိုတာ ဝင်းဖန့်ကို စင်တင်ပေးခဲ့တာလေ'

'ဟုတ်သားပဲ မေမေရယ်၊ ဆရာတို့ကို အားနာစရာ'

'ဟုတ်တော့ ဟုတ်ပါတယ်ကွယ်၊ ဒါပေမဲ့ သမီးက အခုတော် တော်အောင်မြင်နေပြီလေ၊ ဇာတ်ရွေးရတော့မယ် မဟုတ်လား၊ ဗီလိန် ဖြစ်မယ့် ဇာတ်ရုပ်မျိုးတော့ ရိုက်လို့ မဖြစ်ဘူးလေ'

'စိတ်သာချ ဒီဇာတ်နဲ့ ဝင်းဖန့်ထိပ်တန်းမရောက်ရင် ကျုပ် ကော်ကိုဖြတ်'

www.burmeseclassic.com



ကိုဇော်လွှမ်း ဘုတောပြီး ခပ်မာမာပြောနေပြီ။ ကြားထဲက နန္ဒမှာသာ ဆူးကြားက ဘူးခါးဖြစ်နေ၏။ ဒေါ်ယဉ်ကြည်က မလျှော့သေး…

'ဒါဆိုလည်း ပြီးပါလေရော ဆရာရယ်၊ ဟင်း… ဟင်း တစ်ခုတော့ရှိတယ်နော်၊ သမီးကို အရင်ဈေးနဲ့တော့ မရနိုင်ဘူး၊ အခု ဆယ့်ငါးဖြစ်သွားပြီ'

'ဗျာ… ဆယ်ပုံး မဟုတ်လား၊ ပရိုဂျူဆာကလည်း ဒီအတိုင်းပဲ သိထားပြီး အားလုံး တွက်ချက်ပြီးမှ လုပ်ခဲ့တာ'

'မရပါဘူး ဆရာရယ်၊ ပြီးခဲ့တဲ့ သစ္စာနှင်းဆီက ကားလည်း ဒီဈေးပါပဲ မယုံရင် ဖုန်းနဲ့ လှမ်းမေးလို့ ရပါတယ်'

'ဟာ… ဒီလောက် ကွာနေတာတော့ ဖြစ်မလားဗျ'

'ဒါ သမီး အဝတ်အစားဖိုးနဲ့ မိတ်ကပ်ဖိုးလောက်ပဲ တောင်းတာပါဆရာ၊ ဘာမှကို မကျန်ပါဘူး၊ သမီးက ဖန်စီတွေပဲ တစ်ကားနဲ့ တစ်ကား မထပ်အောင် ဝတ်ရတာလေ ခုပဲဝယ်လာတာ ဆယ်သိန်းဖိုး ဆရာရဲ့'

'ဒါတော့ ဒါပေါ့ဗျာ၊ ရုတ်တရက်ကြီး ငါးသိန်းတက်တော့ ပရိုဂျူဆာနဲ့ ကျွန်တော် ပြန်ညှိမှ ရတော့မှာပေါ့'

'ဒါ ဆရာတို့ အပိုင်းပဲလေ၊ ကျွန်မတို့ကတော့ ဆယ့်ငါးက လျှော့လို့ မဖြစ်လို့ပါ နားလည်ပေးပါ ဆရာ'

ဝင်းဖန့်ခေါင်းမဖော်တော့၊ ကိုဇော်လွှမ်းလည်း ရှုံ့ရှုံ့ရှဲရှဲ ဖြစ်နေပြီမို့ နန္ဒကြားဝင် စကားဖြတ်လိုက်ရ၏။

'ကဲ… ဒါဆိုလည်း ကျွန်တော်တို့ ပြန်ညှိလိုက်ဦးမယ်၊ ဝင်းဖန့်က ဆယ့်ငါးရက်နေ့က စမယ့်ရိုက်ရက်ကို အရင်ထားထားလိုက်ပါ၊ ကိုယ်တို့ ကွန်ဖန်းဖြစ်ရင် ပြန်ဆက်မယ်လေ'

'ဟုတ်… ဟုတ်ကဲ့ပါ ကိုနန္ဒ'

'သိပ်အကြာကြီးတော့ မစောင့်နိုင်ဘူးနော်၊ ကုမ္ပဏီတွေက





ဂရိုးဂရိုး လှမ်းဆက်နေကြတာ အားလုံး DVD တွေချည်းပဲ ဆရာတို့မှ အားနာလို့ ဗီဒီယိုအတွက် ရက်ချန်ပေးထားရတာ'

ကိုဇော်လွှမ်း ဘာမှမပြောတော့ဘဲ ပြန်ဖို့ထရပ်လိုက်၏။ နန္ဒလည်း နှစ်ဖက်စလုံးကို အားနာစွာဖြင့် နှုတ်ဆက်ရသည်။

'ကဲ… သွားမယ် အန်တီ၊ ဝင်းဖန့် ကိုယ်ပြန်မယ်'

'ဟုတ်ကဲ့'

'နန္ဒ နောက်အကျဆုံး မနက်ဖြန် ကွန်ဖန်းဖြစ်မဖြစ် ဆက်ပေးနော်'

'ဟုတ်ကဲ့'

ကိုဇော်လွှမ်းက တိုက်ခန်းအပြင် ရောက်နေပြီ။ နန္ဒ သွက်သွက်ပြေးလိုက်သွား၏။ ကိုဇော်လွှမ်း မျက်နှာကို အကဲခပ်ကြည့်သည်။ ရှာတော့မလို ပြုတော့မည့်ဟန်နှင့် မျက်နှာတစ်ပြင်လုံး မည်းမှောင်နေသည်။

'တောက်… ကြက်တူရွေးက တော်တော် မယ်ဘော်က ကဲနေတာ'

'ဟုတ်တယ် ကိုဇော်လွှမ်း၊ ဝင်းဖန့် ရေ့ရေးကို သူ့အမေကိုယ်တိုင် ဖျက်ဆီးနေတာ ကြာရင် မလွယ်ဘူး'

ဒီလောကမှာ အမေတွေ၏ ဝင်ရောက်စွက်ဖက်မှုက အတိုင်းအတာတစ်ခုအထိ သက်ရောက်မှု ရှိနေ၏။ မင်းသားငယ် မင်းသမီးငယ်များ၏ အမေများက အဆိုးဆုံးဖြစ်သည်။ သားသမီးအပေါ် ချစ်ရာမရောက်ဘဲ သူတို့အတ္တနှင့် အောင်မြင်မှုရနေသည့် ဘဝကို ဖျက်ဆီးနေသလိုဖြစ် ဖြစ်နေသည်။

'ဘယ်လိုလဲ ကိုဇော်လွှမ်း၊ ဝင်းဖန့်ကိစ္စ ပရိုဂျူဆာနဲ့ ညှိဦးမှာလား'

'တော်ပြီ ကင်န်ဆယ်ပဲ လုပ်လိုက်တော့မယ်၊ သူ့အစားနာမည်ကြီးတစ်ယောက်ကိုပဲ သိန်းအစိပ် သုံးဆယ်ပေးပြီး အေးအေးဆေးဆေး ထိုင်စောင့်နေလိုက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဝင်းဖန့် လတ်တလော ရရှိလိုက်သော တုန့်ပြန်မှုပင် ဖြစ်၏။ တစ်ယောက်ကစ တစ်ရာဆိုသလို အမြင်ကတ်သူ အရေအတွက်များလာလျှင် သူ့တက်လမ်း ပိတ်သွားတော့မည် ဖြစ်သည်။ နန္ဒ သက်ပြင်းသာ ချလိုက်မိတော့၏။

* * *

ဒီကြားထဲ နန္ဒ ကျိုက်ထို သထုံဘက်သို့ ဗီဒီယိုနှစ်ကားနှင့် ပါသွား၏။ ကျိုက်ထီးရိုးတစ်ဝိုက်နှင့် သထုံဝန်းကျင်က တောထဲတောင်ထဲ တော်လှန်ရေးကားများ ရိုက်ကြ၏။ ပစ်ကြ ခတ်ကြ၊ ဖောက်ခွဲကြ လူတွေသတ်ကြနှင့် တစ်ပတ်ဆယ်ရက်လောက်တော့ တော်လှန်ရေးသမား လုပ်ရဦးမည်။

ထုံးစံအတိုင်း သထုံက တောရကျောင်းတစ်ကျောင်းတွင် တည်းခိုကြရသည်။ ဗီဒီယိုသမားထဲမှာ အသောက်ဖက်သူတွေကလည်း အများသား၊ ဘုန်းကြီးကျောင်းမှာပင် ဆရာတော်လစ်လျှင် လစ်သလို ခိုးမော့ကြ၏။

ထိုသို့သော တောထဲတောင်ထဲက ဘုန်းကြီးကျောင်းမျိုးမှာ သောက်ကြ စားကြသည့် ဝိုင်းတွင်ပင်၊ ဝင်းဖန့်နှင့် ဒေါ်ယဉ်ကြည် အကြောင်းက အမြည်းတစ်ခုလို မဖြစ်မနေ ပါဝင်နေခဲ့သည်။

'တော်တော် နံတဲ့ အဘွားကြီးကွာ၊ ဆီးသီးသည် မဗျိုင်းကို သက်ရှိထင်ရှား တွေ့လိုက်ရသလိုပဲ'

'ဘာဖြစ်လို့လဲကွ'

'ဟာ… သူ ထမင်းရောင်းခဲ့တာ မေ့နေပြီလား မသိဘူး၊ ဟိုတစ်လောက ရှုတင်မှာ ထမင်းသည်ကို ပြောဆိုနေလိုက်တာများကွာ၊ တကယ်ဘဝမေ့နေတဲ့ စတိုင်မျိုး'

'အင်း… ဝင်းဖန့် ထမင်းပို့ရင်း ရှုတင်လိုက်လာကတည်းက တို့တွေ နောက်လိုက်ပြောင်လိုက်နဲ့ ခင်ခင်မင်မင် နေလာခဲ့ကြတာပါ၊



BURMESE CLASSIC .com



ဒါ ဝင်းဖန့်နဲ့ နောက်မိ ပြောင်မိပါတယ်ကွာ၊ ချက်ချင်းရောက်လာပြီး သူ့သမီးကို နောက်စရာလား၊ ဘာလားနဲ့ ရန်တွေ့တာများ ဒီအဘွားကြီးကို ငါတော်တော်ချဉ်သွားတယ်'

'မင်းတို့ မပြောနဲ့၊ ဟိုကောင် နန္ဒတောင် ဘေးရောက်သွားတာကြည့်ပါလား၊ တကယ်… တကယ်လက်လန်တယ် ကြုံသမျှလူကိုတုံးခုနင်းပြီး အထက်တက် အပေါ်ရောက်မှ တုံးပေါ်ကို ပြန်တံတွေးထွေးတဲ့ လူစားမျိုး'

စက်အဖွဲ့သားတို့၏ ဝေဖန်လေကန်နေမှုကို လှဲရင်းကြားနေရသော နန္ဒ သက်ပြင်းကိုသာ ချလိုက်မိတော့၏။ ပြောရင်းဆိုရင်း ဝင်းဖန့်ကို သတိရလာ၏။ ဒီနေရာကနေ ဖုန်းလိုင်းကလည်း မမိသဖြင့် ဖုန်းဆက်လို့လည်း မရဖြစ်နေပြီး တောထဲတောင်ထဲကနေ လွမ်းတသသ ဖြစ်နေတော့သည်။

ဒီနေ့ ညတိုက်ပွဲတစ်ပွဲ ရိုက်ကူးဖို့ ရှိနေသဖြင့် မှောင်မှာကို အားလုံးစောင့်နေကြ၏။ သရုပ်ဆောင်တွေ အားလုံး ရှမ်းတိုက်ပုံ၊ ရှမ်းဘောင်းဘီ၊ ပုဆိုးတိုတိုနှင့် အဖြူခံ အနီရောင်ကြယ်လက်ပတ်တံဆိပ်ကို ပတ်ထားကြ၏။ စက်အဖွဲ့သားများနှင့် မန်နေဂျာပါမကျန် ဂျပန်စစ်ယူနီဖောင်းများ ဝတ်ဆင်ထားကြသည်။

ကင်ပေတိုင်ဗိုလ်ကြီးနှင့် စကားပြန်တစ်ယောက်သာ သရုပ်ဆောင်အစစ်ပါသည်။ ကျန်တာက တွေ့ရာလူ ယူနီဖောင်းစွတ်ပေးထားခြင်းသာ ဖြစ်၏။

ဟိုတုန်းက ဆိုစကားအရ ဂျပန်ငပုဟုသာ ကြားဖူးသော်လည်း အခု ဇာတ်ကားထဲမှ ဂျပန်တွေကတော့ ယောင်ယောင်မောင်းမောင်းတွေ အတော်များနေသည်။

ပြီးတော့ ဂျပန်သိက္ခာကျလောက်အောင်ပင် အသားက မည်းနေသေးသည်။ သို့သော်လည်း မတတ်နိုင်၊ ရှိတာလေးနှင့် ဖြစ်အောင်လုပ်တတ်တာ ဗမာပဲ မဟုတ်လား။ ဂျပန်ယူနီဖောင်းနှင့် ရိုင်ဖယ်သေ



www.burmeseclassic.com

www.burmeseclassic.com



နတ်ကိုသာ ဗွားလာခဲ့သည်မို့ ပစ္စည်းထိန်း လူတစ်ယောက်သာ ပါလာ၏။ ထိုလူလည်း ခုတော့ ဂျပန်စစ်သား ဖြစ်နေလေပြီ။

ဂျပန်စစ်သားများ ဟိုလျှောက် ဒီလျှောက် လျှောက်နေကြ၏။ ကင်မရာထမ်းထားသည့် ဂျပန်၊ ဘက်ထရီအိုးဆွဲလာသည့် ဂျပန်၊ မီးဗန်းနှင့် ဆန်းဂန်း (ညရိုက်ကွင်းတွင်သုံးသည့် ဘက်ထရီနှင့် ဆွှင်းပြီး သုံးရသော လက်ကိုင်ပါသည့် မီးလုံး)များ ကိုင်သည့် ဂျပန်က ကိုင်နှင့် ရှုပ်ယှက်ခတ်နေ၏။

ဦးစွာပထမ ဖမ်းမိထားသော တော်လှန်ရေးတပ်သား တစ်ယောက်ကို ဂျပန်ကင်ပေတိုင်က ကင်ဒိုနှင့် ခေါင်းဖြတ်သတ်မည့် အခန်းကို ရိုက်ကူးကြမည်။

လူနေရာချ၊ ကင်မရာဖရိန်ချ၊ မီးအလင်းအမှောင်ချိန် ရီဟာဖယ်လုပ်ပြီး တန်းရိုက်ကြ၏။ ဂျပန်စစ်ဗိုလ်က ခပ်ပုပု သရုပ်ဆောင် အစစ်တစ်ယောက်ဖြစ်၍ ယူနီဖောင်းနှင့် မျက်နှာပေး ပွဲ့ပိုးလိုက်သော အခါ အဲတော်ပီပြင်သွား၏။ ရီဟာဖယ်မှာ ဓားမကိုင်ဘဲ အိုက်တင်နှင့်သာ ခုတ်ပြသည်။

ပြတ်ထွက်သွားမည့် ခေါင်းအတွက် ကိုချွဲလေး လုပ်ပေးလိုက်သော ခေါင်းပြတ်အတုကြီးကလည်း အဆင်သင့်၊ ဓီးဖျော်ရည်အဆီ ပုလင်းကိုင်ပြီး လိုအပ်သော သွေးအတု ဖန်တီးပေးမည့် ဆက်တင်သမားကလည်း ရယ်ဒီ။

အားလုံးကို စိတ်တိုင်းကျသွားသော ဒါရိုက်တာက ရိုက်ကူးဖို့ အချက်ပြသည်။ စကရစ်က တိုင်မင်ခေါ်ကာ အော်ဟစ်လိုက်၏။

'ဝမ်း… တူး… သရီး… ဖိုး… ဂိုး'

ဒါက ဖိုက်ဖိုး သရီး တူးဝမ်း အက်ရှင်အစား အများစုသုံးကြသော လိုတိုရှင်းတိုင်မင်ပင် ဖြစ်သည်။ ရိုက်ကွင်းမှာ ကင်မရာမော်တာလည်သံ ကြားရလောက်အောင်ပင် တိတ်ဆိတ်နေသည်။ ကင်ပေတိုင်ဗိုလ်က ခါးတွင် ချိတ်ထားသည့် ဓားပေါ်လက်တင်ရင်း ဒူးထောက်ထိုင်နေသော တော်လှန်ရေးတပ်သားကို နှစ်ပတ်သုံးပတ် ပတ်ပြီး စူကြည့် ကြည့်လိုက်၏။

ပြီးတော့ 'ခူးရကား… နန့်တကား' ဟု အသံနက်ကြီးနှင့် အော်ဟစ်ရင်း တော်လှန်ရေးတပ်သားကို စစ်ဖိနပ်နှင့် ဆောင့်ကန်လိုက်သည်။ အံကြိတ်ထားသော တော်လှန်ရေးတပ်သား ဗိုင်းခနဲ ပစ်လဲသွား၏။ စကားပြန်နှင့် ဂျပန်စစ်သားတစ်ယောက် ထိုလူကို ပြန်ထူ၍ ဒူးထောက်နိုင်းပြန်သည်။

စကားပြန်က တော်လှန်ရေးသမား၏ မေးကို ဆွဲကိုင်ကာ မေးခွန်းလိုက်ပြီး…

'ဟေ့ကောင်… ပုန်ကန်ချင်တဲ့ မင်းတို့ အဖွဲ့သားတွေရဲ့စခန်း ဘယ်မှာလဲ'

'မသိဘူး… သိလည်း မပြောဘူး'

စကားပြန်ကလည်း တဖြောင်းဖြောင်းနှင့် နားရင်းနှစ်ချက်အုပ်၏။ ဒီအထိတော့ တော်တော်ဟုတ်နေပြီ။ တော်လှန်ရေးကား အများစုတွင် မြင်နေကျ တွေ့နေကျ မြင်ကွင်းနှင့် ပြောစကားများကို အတော်လေး ယုတ္တိရှိရှိ မြင်ရ ကြားရသည်။

စကားပြန် ကွိကွိကွကွ ပြောလိုက်တော့ ကင်ပေတိုင်ဗိုလ်ကြီး အဆုံးစွန်ထိ ဒေါပွသွား၏။ တော်လှန်ရေးသမား၏ နောက်တွင် ဝင်ရပ်ပြီး ကင်ဒိုဓားရိုးပေါ် လက်တင်ထားလိုက်သည်။ ကင်မရာနှစ်လုံးနှင့် တစ်လုံးက အကျယ်၊ တစ်လုံးက အကျပ် ယူထားသဖြင့် မော်နီတာထဲမှ ဂျပန်ကင်ပေတိုင်၏ ရုပ်မှာ မီးအလင်းအမှောင် ပေးထားမှုကောင်းပြီ တကယ့်ကို ကြောက်စရာ လန့်စရာကြီး ဖြစ်နေသည်။

ဟော… ကင်ပေတိုင်က ဓားကို အချိန်ယူ၍ တဖြည်းဖြည်း ဆွဲထုတ်လိုက်သည်။ ဘယ်လက်နှင့် ဓားအိမ်ကို ကိုင်၍ ညာလက်နှင့် ဓားရိုးကို ကိုင်ကာ ဆွဲထုတ်လိုက်ခြင်း ဖြစ်သည်။ စတ်ဝင်စားစရာ မြင်ကွက်မို့ အားလုံး တိတ်ဆိတ်ငြိမ်သက်စွာ ငေးကြည့်နေကြ၏။







www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ကင်ပေတိုင်၏ မျက်နှာ အိုက်တင်ချိန်းသွားသည်။ ခက်ထက်မှုတို့အစား စိုးရိမ်ပူပန်မှုတွေ လွှမ်းမိုးလာ၏။ ဓားကို ဆွဲထုတ်နေသော လက်က ရပ်တန့်သွားသည်။ မော်နီတာကို ကြည့်နေသော ဒါရိုက်တာကြီး မျက်နှာတစ်မျိုးတစ်မည် ဖြစ်လာ၏။ တီးတိုးလေသံနှင့် ဟော့ကောင် ဆက်လုပ်လေကွာ၊ ဆက်လုပ်ဟု ပြောနေသည်။

ကင်ပေတိုင် မျက်စိပျက် မျက်နှာပျက် ဖြစ်နေ၏။ ပြီးတော့ ဒါရိုက်တာကို လှမ်းပြောလိုက်သည်။

'အာစရိ··· ကတ်··· ကတ်'

'ဟ··· ဘာဖြစ်ရတာလဲ သောင်းဟန်ရာ၊ အားလုံးကောင်းနေ တဲ့ဟာကို'

'မဟုတ်ဘူး အာစရိ၊ လက်က ကုန်သွားပြီ၊ ဓားက မကုန် သေးဘူး၊ ဓားက ကျွန်တော့်လက်တန်ထက် ပိုရှည်နေတာ'

'ဘာ!···'

'ဟား··· ဟား··· ဟား··· ဟား'

ညမှောင်မှောင် တောထဲ တောင်ထဲ ရယ်သံကြီးဟိန်းထွက်လာ၏။ သောင်းဟန်ကတော့ မျက်နှာငယ်လေးနှင့်၊ ရီဟာဇယ် အပြည့်အစုံ မလုပ်သည့် အကျိုးက ဟားစရာအဖြစ်ကို ဖြစ်စေခဲ့ပြီ။ ဟုတ်လည်း ဟုတ်၏။ ကင်ဒိုဓားက အတော့်ကို ရှည်လျားနေသည်။ တိုင်းကြည့် တော့ သောင်းဟန်လက်ထက် ပိုရှည်နေ၏။

ဒါကို ဘယ်လို ဖြေရှင်းကြမလဲ၊ အားလုံးခေါင်းစားကုန်သည်။ ဒါရိုက်တာက···

'ကဲ··· စကာရစ် သေချာမှတ်၊ ပြီးရင် ဓားအိမ်ထဲက ဓားတစ် ထွာလောက် ထွက်လာတာကို close inter ယူလိုက်'

'ဟုတ်'

'အခု ပြန်စရင် သောင်းဟန်လက်ထဲမှာ ဓားရောက်ပြီးသား စုံကိုင်ပြီး မိုးထားပြီးသားက ပြန်စမယ်'





'ဟုတ်'

အင်း ဒီလိုပဲ လုပ်ရတော့မှာပေါ့၊ ကင်ဒိုက လက်ထဲပါလာသလို ကင်ပေတိုင်ကို အခုမှ လူပြောင်း၍လည်း မဖြစ်တော့။ Edit ပညာဖြင့်သာ ကုစားရတော့မည်။ သောင်းဟန်၏ ပုချက်က လန့်ထွက်နေ၏။ သူ့လက်တစ်ဆန့် ဆုံးသည့်တိုင် ဓားက ဓားအိမ်အပြင်ဘက် ရောက်မလာတာ ပြောစမှတ် ဖြစ်သွားတော့သည်။

ရယ်စရာမောစရာ ဆိုသည့်အတိုင်း ရယ်စရာနောက်မှာ မောစရာများက ကပ်ပါလာတတ်သည်။ အားလုံး ဝအောင် ရယ်ပြီးမှ အလုပ်ဆက်လုပ်ရ၏။ ဒူးထောက်နေသည့် တပ်သားနှင့် ဓားမိုးထားသည့် ကင်ပေတိုင်ကို တစ်ကတ်စာ combine ယူလိုက်သည်။ ပြီးတော့ ကင်ပေတိုင် တစ်ယောက်တည်း close ယူပြီး ဓားမိုးပုံ၊ ဓားရွယ်ပုံအရှိန်နှင့် အားစိုက်ခုတ်ပိုင်းလိုက်ပုံများ ရိုက်သည်။

ခုတ်သည့် ကဏ္ဍပြီးသွားတော့ ခေါင်းပြတ်ကိစ္စ ရိုက်ကြသည်။ ဦးစွာ ခေါင်းပြတ် ပြုတ်ကျလာမည့် မြေကြီးတစ်နေရာကို ကင်မရာချိန်သည်။ မီးပေးသည်။ ထို Blank bound ထဲသို့ ခေါင်းပြတ်ကို ပစ်ချကြည့်သည်။ လိုချင်သော ရိုက်ချက်ရမရ ဒါရိုက်တာက မော်နီတာမှ ကြည့်နေ၏။

ခေါင်းပြတ် ပစ်ချခြင်းကို နှစ်ခါ၊ သုံးခါ ရီဟာဇယ်လုပ်ကြည့်သည်။ ခေါင်းပိုင်ရှင်၏ မျက်နှာပေါက်နှင့် ခေါင်းပြတ်၏ မျက်နှာက ချွတ်စွတ်တူခြင်းတော့ မရှိ။ ဒီလောက် အထိတော့ ဘယ်သူမှ အတိအကျ မလုပ်နိုင်။ ခေါင်းတစ်လုံး ပြုတ်ကျသွားသည်ဟု ပရိသတ်ခံစားရလျှင် ပြီးပြီ။ ခေါင်းပြတ်ကျလာပုံကို Take three လောက်အထိ ရိုက်ထားလိုက်၏။ စကာရစ်က မှတ်တမ်းစာအုပ်တွင် အကောင်းဆုံးရိုက်ချက်ယူ၍ ဆက်ဟု တေးမှတ်ထားလိုက်လေသည်။

ခေါင်းပြတ်ကိစ္စပြီးမှ ညတိုက်ပွဲအခန်း ဆက်ရိုက်သည်။ တိုက်ပွဲခန်းရိုက်တော့ ယမ်းဖောက်ခွဲသူက အရေးပါလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယမ်းပေါက်မည်။ မိုင်းခွဲမည်။ တိုက်ပွဲကို ဝီဝီပြင်ပြင် ရိုက်ကြမည်။

စောစောက ခေါင်းပြတ်ခန်း အဆက်ဖြစ်၏။ ဂျပန့်လက်မှ ရဲဘော်ကို ကယ်ရန်လိုက်လာသော တော်လှန်ရေးတပ်ဖွဲ့ အရောက် နောက်ကျသွားသည်။ တပ်သားက အသတ်ခံလိုက်ရပြီး ဖြစ်၏။ တော်လှန်ရေးအဖွဲ့ခေါင်းဆောင် နန္ဒ မချိုတင်ကဲ အမူအရာနှင့် တောက် ခေါက်မည်။ ကင်ပေတိုင်ကို ရိုင်ဖယ်နှင့် ပစ်သတ်မည်။ ပြီးတော့ အပြန်အလှန် ပစ်ခတ်မှု တိုက်ပွဲဖြစ်မည်။

ရိုက်ချက်က ထုံးစံအတိုင်း Long shot မြင်ကွင်းနှင့် အပစ်၊ အဖောက်၊ အထိများကို close ပြန်ယူကြမည်။ Long shot တစ်ကတ် အရင်ရိုက်ကြ၏။ သေနတ်ပြောင်းဝများတွင် ယမ်းများတပ်ပေးရသည်။ တစ်ခါတပ်သားများ အကာအကွယ်ယူထားသည့် သစ်ပင်ပင်စည်များ တွင်လည်း ယမ်းဆင်ထားရ၏။ တစ်ချို့သစ်ရွက်များတွင်လည်း ယမ်း များ ချိတ်ဆွဲထားသည်။ ဝါယာကြိုးတွေက တန်းလန်းမို့ သစ်ရွက်ကြွေ များနှင့် ဖုံးရ၏။

ဒါမှ သစ်ပင်ကို ကျည်မှန်သည့် မြင်ကွင်းမျိုး၊ သစ်ရွက်များ ကျည်ခ၍ ပြတ်ထွက်သွားသလိုမျိုး မြင်ကွင်းကို ရိုက်ယူနိုင်မည်ဖြစ် ၏။ ထိုအကျယ်ရိုက်ချက်ပြီးတော့ ကင်ပေတိုင် ကျည်မှန်ပြီး လဲကျ သည့်အခန်း ရိုက်သည်။

ကင်ပေတိုင်သောင်းဟန် အင်္ကျီချွတ်ရပြီ။ ကျည်ဆန်မှန်မည့် နှလုံးတည့်တည့်နေရာတွင် ရာဘာပြားအထူစားကို စည်းနှောင်ကာ ကွယ်ပေးလိုက်သည်။ ထို့နောက် သွေးထုပ်နှင့်ယမ်းကို တွဲကာ ချိတ် ဆွဲပေးရ၏။ ပြီးမှ အင်္ကျီပြန်ဝတ်သည်။ သူ့တစ်ယောက်ထဲ ကျည်ဆံ ထိမှန်ကာ လဲကျအသက်ထွက်ပုံကို ရိုက်မှာဖြစ်၍ သောင်းဟန်ပါးစပ် ထဲလည်း ဓါးဖျော်ရည်သွေးတုကို ထည့်ကာ ငုံခိုင်းထားရ၏။

ရိုက်ပြီ။ ကင်ဒိုဓားမှ ထွက်လာသော သွေးများကို လက်နှင့် သပ်ချပြီး ကင်ပေတိုင်က ဂျပန်ပြုံးလေး ပြုံးလိုက်သည်။ ထိုအခိုက်





ဒါရိုက်တာက လက်ပြလိုက်၍ ဒါရိုက်တာကို မျက်ခြေမပြတ်ကြည့် နေသော ယမ်းသမားက ခလုတ်နှိပ်ပြီး ယမ်းဖောက်လိုက်သည်။ သောင်းဟန် အင်္ကျီရင်ဘတ်နေရာ ပွင့်ထွက်ပြီး သွေးတို့ စီးကျလာ၏။ ထို့နောက် မျက်လုံးကြီးပြူးထွက်လာကာ ငုံထားသော သွေးများ စီးကျ လာအောင် လျှာနှင့်တွန်းထုတ်လိုက်သည်။

ပြီးတော့ ဒဏ်ရာကို လက်နှင့်ဖိပြီး ဗိုင်းခနဲ လဲချလိုက်၏။ ဂျပန်တစ်ကောင် သေသွားပြီ။ ဒီနေရာမှာ နိုင်ငံခြားကားဖြစ်ဖြစ် ဗမာကားဖြစ်ဖြစ် သေတာကို ရိုက်ပြတာချင်းတူသည်။ ဓားနှင့် ထိုး သတ်ခံရသည်ဖြစ်စေ၊ သေနတ်မှန်သည်ဖြစ်စေ၊ ဒဏ်ရာမှ အရင်ဆုံး သွေးစီးကျလာမည်။ ပြီးလျှင် ပါးစပ်ထဲမှ သွေးများယိုစီးပြီး လဲကျမည်။ ဒါမှမဟုတ် လဲကျပြီးမှ ဆတ်ခနဲ အကြောဆွဲကာ သွေးအန်ပြီးသေ မည်။ ဒါ ဖော်မြူလာပဲ ဖြစ်၏။

အပြင်မှာ လူသတ်ခံရပြီး ဒဏ်ရာနှင့် သေလျှင်ကော ထိုအ တိုင်းပဲလား။ ဒါကို အတိအကျသိရအောင် လူသတ်ကြည့်ရန် မဖြစ်နိုင် သည့်အတွက် ရှေးဆရာကြီးများမူအတိုင်း ကဲရီးအွန်ဖို့ပဲ ရှိတော့သည်ပေါ့။

ကင်ပေတိုင်ကြီး သေသွားတော့ တိုက်ပွဲခန်းရိုက်သည်။ အပစ် အခတ် အထိအမှန်များကို Long shot နှင့်ယူ၍ နှစ်ယောက်combine သုံးယောက် combine close စသည်ဖြင့် inter ဖောက်ပြီး ရိုက်ကူး ကြသည်။ နောက်ဆုံးမှာတော့ ဖော်မြူလာအတိုင်း ဂျပန်တွေ အတုံး အရုံးကျဆုံး၊ တော်လှန်ရေးအဖွဲ့တွေ အောင်ပွဲခံ၊ ကျဆုံးသူကို မြေမြှုပ် အလေးပြု လွတ်လပ်ရေးရရင် အမျှဝေပေးမယ် သူငယ်ချင်း စသည် ဖြင့် မှာတမ်းချွေ ဒါပဲပေါ့။

တိုက်ပွဲခန်းတွေက ရိုက်ရတာ လက်ဝင်သည်။ သံရေပိုက် ခေါင်းပွကြီးနှင့် လုပ်ထားသော စိန်ပြောင်းနှင့် ပစ်ခတ်မှုကို inter ဖောက်ရသည်။ ပြီးတော့ မော်တာကျည်ဆံ ပေါက်ကွဲပုံကို မိုင်းဆင်၍



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သည်။ တွင်းတိမ်တိမ်တူး၍ မိုင်းတို့မြှုပ်၊ ဝါယာကြိုးမမြင်ရအောင် သဲနှင့်ဖုံး သစ်ရွက်ခြောက်နှင့် ဖိပြီး သဘာဝကျအောင် ပြင်ဆင်ရသည်။ မိုင်းမြှုပ်ထားသော နေရာအနီးမှာ ဂျပန်လေးငါးယောက် နေရာယူထား၏။

ဂျပန်နှစ်ယောက် ရိုင်ဖယ်နှင့် သေနတ်နှစ်ချက် ပစ်မည်။ ပြီးလျှင် မိုင်းခွဲမည်ဟု အသေအချာ မှာထားရ၏။ ထိုမြင်ကွင်းကို ကင်မရာတစ်လုံးနှင့် Long Shot ယူထားသလို၊ မိုင်းကွဲပုံ အပီအပြင်ရရန် နောက်ဆုံး ကင်မရာတစ်လုံးနှင့် အပီထောက်ထား၏။ ဒါပြီးလျှင် ရှူတင်ဘရိတ်ဆိုတော့ အားလုံး အားကျိုးမာန်တက် လုပ်ကိုင်နေကြသည်။

မိုင်းက ယမ်းဖောက်တာထက် ဈေးကြီးသဖြင့် တစ်ကြိမ်တည်းနှင့် အပီအပြင်ရအောင် ဂရုတစိုက်ပြင်ဆင်ရသည်။ စရိုက်ပြီ ဂျပန်နှစ်ယောက် ရိုင်ဖယ်နှင့် တစ်ချက်စီ ဆင့်ပစ်လိုက်ကြသည်။ ပြီးတော့ ဝုန်းခနဲ မိုင်းထပေါက်၏။ ဂျပန်တွေ အတုံးအရုံးလွင့်စင်လဲကျသွားသည်။

ဖုန်တွေ၊ သဲတွေ၊ မီးခိုးတွေ ငြိမ်သက်သွားတော့ တုံးလုံးမှောက်ရက်လဲကျနေသည့် ဂျပန်တွေကို တွေ့ရသည်။ သို့သော် တစ်ယောက်မှ သွေးမထွက်။ ဒါရိုက်တာက cut ဟု အော်လိုက်သည်။

'စကာရစ်··· မီးခိုးတွေ မစဲခင်မှာ cut လုပ်ပြီး change လိုက်နော်'

'ဟုတ်··· အာစရိ'

ဂျပန်တွေ သွေးမထွက်တာကို ဖာလို့ထေးလို့ရအောင် Edit အခန်းတွင် လုပ်ရမည့် ကဏ္ဍအား ကြို၍ မှာလိုက်သည်။ ဒါအကောင်းဆုံးပဲ ဖြစ်၏။ ယမ်းဖောက်တာ ပြဿနာမရှိပေမယ့် မိုင်းခွဲတာက ပြဿနာရှိသည်။ ယမ်းဖောက်မိုင်းခွဲမည် ဆိုလျှင် သက်ဆိုင်ရာ ရဲစခန်းမှာ ခွင့်ပြုချက် ယူရ၏။ တစ်ခါတစ်ရံ နယ်မြေခံတပ်ရင်းထိ ခွင့်ပြုချက် တောင်းခံရတာမျိုးလည်း ရှိသည်။





ဒီညအတွက်တော့ တိုက်ပွဲတစ်ခန်းနှင့် ဆယ့်နှစ်နာရီထိုးသွားပြီမို့ ဒါရိုက်တာက ဘရိတ်ဟု အော်လိုက်၏။ အဖွဲ့သားတွေ အားလုံး လက်ခုပ်တဖြောင်းဖြောင်းတီး၍ ကြိုဆိုလိုက်ကြသည်။ သေသွားသော ဂျပန်များနှင့် ခေါင်းပြတ်သွားသည့် တော်လှန်ရေးတပ်သားတို့ ဖုတ်ဖတ်ခါ၍ ထလာကြ၏။

ဟူး··· တစ်ညတာ ရိုက်ကူးမှုတော့ အဆုံးသတ်သွားခဲ့ပြန်ပြီ။ သထုံတွင် နန္ဒ ဆယ်ရက်ကြာခဲ့သည်။ ပြန်ခါနီးမှာပင် လပ်ကီးပဲလှေ့စ်မှ ဖုန်းဆက်ရက်ချိတ်၏။ နန္ဒ ကုသိုလ်ကံ အကျိုးပေးနေပြီထင့်။

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ဘောက်ထော်မှ တိုက်ညီနောင် ရှုတင်အိမ်သို့ ရှုတင်ကားဝင်လာသောအခါ မနက်ဆယ်နာရီ ရှိနေပြီ။ လမ်းတွင် ကားဘီးပေါက်ပြီး စပယ်ယာဘီးလည်း ပါမလာသဖြင့် အတော်အချိန်ပုပ်ခဲ့ရ၏။ ကံကောင်းထောက်မစွာဖြင့် ဝင်းဖန့်ကို လေးငါးခြောက်ရက်လောက် ဆက်တိုက်တွေ့ခွင့်ရဦးမည်။ ဒီကားမှာ ဝင်းဖန့်က ခေါင်းဆောင်မင်းသမီးတဲ့။

ရှုတင်ကားပေါ်မှ အထုပ်ဆွဲဆင်းသည့် အခိုက်မှာပင် ခြံထဲ ပါဂျဲရိုးတစ်စီး ဝင်လာတာတွေ့သည်။ စတစ်ကာအနက်များ ကပ်ထားသလို ကားနံပါတ်ကိုလည်း မရင်းနှီးသဖြင့် ဘယ်သူ့ကားပါလိမ့်ဟု တွေးကာ လှမ်းကြည့်နေမိ၏။ လေးဘီးလုံးရပ်သွားသည်နှင့် ကားတံခါးပွင့်လာကာ ဝင်းဖန့်ဆင်းလာတာ တွေ့လိုက်သဖြင့် နန္ဒ အံ့သြဝမ်းသာသွားသည်။

ပြီးတော့ ရှင်းသန့်၊ သော်သော်နှင့် ဦးအောင်ခန့်တို့ ဆင်းလာကြ၏။ ခဏလောက် စောင့်ကြည့်သော်လည်း မယ်ကုဝဏ် ဆင်းလာတာ မတွေ့၊ အဲလေ ဒေါ်ယဉ်ကြည် ဆင်းလာတာ မတွေ့ရသဖြင့် နန္ဒ အကယ်ဒမီရသလို ဝမ်းသာသွား၏။ ဒီတော့လည်း ဝင်းဖန့်နားသို့ နန္ဒ အပြေးအလွှားရောက်သွားတော့သည်။





'ဟော... ကိုနန္ဒ ဖုန်းလည်း မဆက်လို့ စိတ်ပူနေတာ'

'ကိုယ် သထုံရောက်နေတာ ဝင်းဖန့်ရဲ့၊ အဲဒီက ဖုန်းလိုင်းမမိဘူး၊ ညကမှ ပြန်ရောက်တာ'

'ဟုတ်လား ကားရိုက်တွေ ဆက်နေတယ်ပေါ့'

'မင်းသမီးလောက်တော့ မဆက်ပါဘူးကွာ'

'အဲဒါကြီး ထည့် ထည့်မပြောပါနဲ့ ကိုနန္ဒရယ်၊ မဖြစ်ခင်တုန်းကတော့ တအားဖြစ်ချင်ခဲ့တာလေ၊ ဖြစ်လာတော့လည်း တအားစိတ်ညစ်နေရပြီ'

'ဒီလိုပါပဲ ဝင်းဖန့်ရယ်၊ လူသိတဲ့ အနုပညာရှင်ဟာ လွတ်လပ်မှု ဆိတ်သုဉ်းရတာ မမှတာပဲလေ ဒါနဲ့ အန်တီကော'

'နေမကောင်းဘူး ကိုနန္ဒ၊ ဒါကြောင့် နားခိုင်းထားရတာ'

'ဟုတ်လား ဘာဖြစ်တာလဲ'

'ပင်ပန်းတာပါ၊ သွေးတိုးလည်း နည်းနည်းရှိတယ်၊ ဝင်းဖန့်နောက် တကောက်ကောက် လိုက်နေရတာ မဟုတ်လား ပန်းပြီပေါ့'

အန်တီ နေမကောင်းတာသိရ၍ စိတ်မကောင်းဖြစ်မိသော်လည်း နန္ဒအတော်ပျော်သွားသည်။ ဒီကားရိုက်လို့ မပြီးခင်မှာ အဖြေရအောင်တောင်းမည်ဟု နန္ဒ ဆုံးဖြတ်လိုက်၏။

'ဒီနေ့တော့ ကိုနန္ဒနဲ့ အေးအေးဆေးဆေး စကားပြောလို့ရပါပြီကဲ... ခဏနော် အဝတ်အစားသွားလဲထားလိုက်ဦးမယ်'

'အိုကေ... ဝင်းဖန့်'

ဝင်းဖန့်နှင့် ရှင်းသန့် တိုက်ထဲဝင်သွားကြ၏။ သော်သော်က သူငယ်လေးတွေနှင့် ဟေးလားဝါးလား၊ ဦးလေးဦးအောင်ခန့်က ခေါက်ခုံတစ်လုံးခင်းကာ မဂ္ဂဇင်းတစ်အုပ်နှင့် အေးရာအေးကြောင်း ရှာနေပြီ။ သိချင်စိတ် ပြင်းပြလာသဖြင့် သော်သော့်ကို ဆွဲခေါ်ပြီး တိုက်ထဲဝင်လာခဲ့၏။

'ဝင်းဖန့်... ကားချိန်းလိုက်တာလား သော်သော်'



www.burmeseclassic.com

www.burmeseclassic.com



'အမလေးတော် ချိန်းစရာလား အဲဒါ စပွန်ဆာရှင် စပွန်ဆာ'

'ဟင်'

'ဟုတ်ပ… ကုမ္ပဏီသူဌေးတစ်ယောက် ပေးထားတာ သိပြီလား'

'ဟာ… ဝင်းဖန့်ကလည်း ဒါမျိုးတွေ လက်ခံတာပဲလား'

'ဝင်းဖန့်က လက်မခံချင်ဘူး၊ ဟိုအဘွားကြီးက ဖွတ်လက်ခံခဲ့တာ'

'ဆိုးလိုက်တာကွာ၊ ကားမစီးဘူးတာ ကျနေတာပဲ'

'ဝင်းဖန့်က ရှက်လို့တဲ့လေ၊ ဘဏ်က ရှိစုမဲ့စု ငွေသိန်းနှစ်ရာထုတ်ပြီး အဲဒီ စပွန်ဆာကြီးကို ခေါ်ပေးလိုက်တယ်၊ အင်စတောမင်န့် ဝယ်တဲ့သဘောပေါ့'

'ဟူး… တော်သေးတာပေါ့'

'ကဲ… ရွှေမင်းသမီးကို ပလာတာရိုက်ပေးလိုက်ဦးမယ်'

မင်းသမီးကို မိတ်ကပ်ပြင်ပေးဖို့ သော်သော်လိုက်သွားမှ နန္ဒ နည်းနည်းရင်ပေါ့သွား၏။ မဖြစ်တော့ အခြေသတင်းကြီးသည့် ရွှေမင်းသမီးနှင့် တော့တော့ဆိုင်ဆိုင် ပြတ်ပြတ်သားသား စကားပြောရတော့မည်။ မျှော်တလင့်လင့်နှင့် လမင်းကို မော်ကြည့်ပြီး ထိုးဟောင်နေရသည့် ဝုတ်ဝုတ်တစ်ကောင်ဘဝနှင့် သူမနေချင်တော့။

ဝင်းဖန့်အချစ်ကိုသာ ရခဲ့လျှင် နှစ်ယောက်စလုံး သရုပ်ဆောင်ဘဝမှ အနားယူရင်း ကွမ်းသီးရောင်းကာ ကွမ်းခြံထဲက အိမ်မှာပင်နေလိုက်မည်ဟု စိတ်ကူး၏။

ထိုနေ့က ရိုက်ကူးချိန်မှ လွဲ၍ နှစ်ယောက်သား အချိန်တိုင်းမှာ အတူရှိနေခဲ့သည်။ မယ်ကုဝဏ် ခွင့်ယူထားသည့်အချိန်မှာ စကားတွေပြောလို့မကုန်အောင် လေပေါင်တက်နေတော့သည်။

'တကယ်ပြောတာ ကိုနန္ဒရဲ၊ တောင်ငူက ကိုနန္ဒတို့ အမေ့အိမ်မှာ တစ်လလောက် သွားပုန်းနေချင်တယ် သိလား'





'ဖြစ်အောင် ကြိုးစားလိုက်ပေါ့၊ အမေတို့ အရမ်းဝမ်းသာနေမှာ'

'စိတ်ပျက်တယ် ကိုနန္ဒရယ်၊ နောက်နှစ်နှစ်လောက် ပိုက်ဆံရှာမိဘကျေးဇူးဆပ်ပြီးရင်တော့ တကယ်အနားယူတော့မယ်'

'အဲဒီ အချိန်မှာ ဝင်းဖန့်ကို ကိုယ်အဖော်လုပ်ပေးမယ်လေ'

ထိုစကားကိုတော့ ဝင်းဖန့် ချက်ချင်းမတုန့်ပြန်၊ တွေတွေကလေး တွေး၍ ငေးနေသည်။ ဒီအချိန်မှာ ဝင်းဖန့်နှလုံးသားကို အပူပေးအအေးခံ ပြန်ချိန်ရင်း လစ်တမစ်စက္ကူနှင့် အရောင်ပြောင်းမပြောင်းစမ်းသပ်ရမည့်မှန်း နန္ဒ သိနေ၏။

'ကိုယ့်မေတ္တာကို တုန့်ပြန်မယ်ဆိုရင် ဝင်းဖန့်ဆန္ဒတွေကို ကိုယ်ဖြည့်ဆည်းပေးနိုင်မှာ သေချာပါတယ်၊ တောင်ငူက ကွမ်းခြံထဲမှာကျွမ်းပြန်အောင် ကဲကြမယ်လေ'

'ဒိုင်ယာလော့ဂ်တွေ မိုက်လှချည်လား'

'မိုက်မှာပေါ့ အကယ်ဒမီ ဦးငြိမ်းမင်းနဲ့ မြင့်ဦးဦးမြင့်ကို အကူအညီတောင်းထားတာလေ'

'ဟုတ်လား နောက်ခံတီးလုံးကကော'

'အကယ်ဒမီ ရွှာစားစိန်မွတ္တားပေါ့'

'ဟင်း… ဟင်း… ဟင်း'

'ဖြေပါဦး ဝင်းဖန့်ရယ်'

'ဟူး… ဝင်းဖန့် အချစ်ရေးစဉ်းစားလို့ အိမ်ထောင်ပြုဖို့ စိတ်ကူးရတဲ့ အချိန်မှာ ကိုနန္ဒက တန်းစီဇယားရဲ့ ရှေ့ဆုံးမှာ ရှိနေမှာပါ'

'မပိုင်ဝက်မွေး အဆင့်က မတက်ပေမယ့် အဲဒီဝက်မှာ ဝက်နားရွက်ပြာရောဂါ မရှိဘူးဆိုတာနဲ့တင် အတော်စိတ်အေးရပါပြီ ဝင်းဖန့်ရယ်'

'ခစ်… ခစ်… ခစ် ကိုနန္ဒရယ်၊ ဟာသလည်း တော်တော်ပြောတတ်တယ်နော်၊ ဒါကကော ဘယ်သူ့ဆီကလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဟင်း… လေးလေးဦးမိုးဒီဆီက သူလည်း အကာယ်ဒမိပဲ မဟုတ်လား'

'ဟင်း… ဟင်း… ဟင်း တော်ပါတော့ ကိုနန္ဒရယ်၊ ရယ်ရတာ အူတက်တော့မယ်'

ထိုအချိန်မှာပဲ သော်သော် ရောက်လာကာ…

'လာ… သမီး SCENE 20 တဲ့ အမှိုင်ခန်း၊ မိတ်ကပ်လျှော့ရမယ်၊ ဆံပင်ဖွရမယ်၊ အရောင်မှိုင်းမှိုင်း အဝတ်အစား လဲရမယ်'

'ကဲ… ကိုနန္ဒ ပလိစ်'

'အိုကေ… ဝင်းဖန့်'

သော်သော်နှင့် ဝင်းဖန့် တိုက်ထဲဝင်သွားကြ၏။ တစ်ယောက်တည်း ကျန်ခဲ့သော နန္ဒ အတွေးများနှင့် ကျန်ခဲ့သည်။ ဝင်းဖန့်အဖြေက လက်ခံနိုင်စရာရှိသော်လည်း အဖြူအမည်း မသဲကွဲသေးသဖြင့် နန္ဒ အားမလိုအားမရ ဖြစ်နေမိသည်။ သို့သော် ဝင်းဖန့်က ဟိုတုန်းကလို ထမင်းသည်မလေး မဟုတ်တော့။ ခေါင်းဆောင်မင်းသမီးတစ်ယောက် ဖြစ်နေပြီ။

ခေါင်းဆောင်မင်းသမီးနှင့် ဇာတ်ပို့အရန် သရုပ်ဆောင်တစ်ယောက်၏ ဘဝက မိုးနှင့်မြေလို၊ ရွှေနှင့်ကြေးလို ဝေးနေသည်။ သူ့ကို မေတ္တာတုံ့ပြန်ဖို့ အတွက်ဆိုလျှင် ဝင်းဖန့် စွန့်လွှတ်စွန့်စားရမည့် ကိစ္စတွေက များလွန်းလှ၏။ ပြီးတော့ မီဒီယာစကား ဖြစ်နေသဖြင့် အေးအေးဆေးဆေး ဖြတ်သန်းကျော်လွှားနိုင်ဖို့ကလည်း သိပ်မလွယ်လှ။

ရင်ဆိုင်ဖို့ မဆိုထားနှင့် တွေးရတာပင် အတော်မောနေတော့၏။ ထိုအခိုက် ဝင်းဖန့် ထိုင်ခုံသို့ ဦးအောင်ခန့် ရောက်လာပြီး ဝင်ထိုင်လိုက်ရင်း…

'ဘယ်လိုလဲ နန္ဒ၊ မတွေ့တာတောင် ကြာပေါ့'

'ဗျာ… ဟုတ်တယ် ဦးလေး၊ သတုံဘက်ပါသွားလို့ ဒါနဲ့ အန်တီနေမကောင်းလို့ဆို'





'အေးကွ၊ လောဘတိုးတာ အပေါ်လောဘ ဝမ်းတွမ်တိ၊ အောက်လောဘ ဝမ်းတင်းနဲ့ဆိုတော့ လဲပြီပေါ့'

'ဗျာ… ဟား ဟား ဟား ဒါဆို သွေးတိုးတာ မဟုတ်ဘူးပေါ့'

'အင်ဒါရိုက်လေကွာ လောဘကြောင့်တိုးတဲ့ သွေးတိုး'

'ဟား… ဟား… ဟား ပြောလည်း ပြောတတ်ပါ့ဗျာ'

'အမှန်ပြောတာကွ နန္ဒရ၊ သမီးလေး သူ့စန်း၊ သူ့ဗီဇ၊ သူ့ကြိုးစားမှုနဲ့ ဆရာကောင်း သမားကောင်း စောင့်ရှောက်လို့ အောင်မြင်တာကို မဆီမဆိုင် ဒင်းက မာန်တက်နေတာလေ'

'ဒါကတော့ အမေကိုး'

'ငါလည်း အဖေပါပဲကွာ၊ တော်ရုံတန်ရုံဆို ငါမပြောဘူး၊ ခုဟာက ခိုင်းစားသလို ဖြစ်နေပြီကွ၊ ဒီ ပါဂျဲရိုးကိစ္စလည်း သူမလည်ရှုပ်လုပ်တာနဲ့ သိန်းနှစ်ရာလောက် အကြွေးတင်သွားပြီ'

'ဟုတ်လား မပူပါနဲ့ ဦးလေးရာ၊ ဝင်းဖန့် ဝင်ငွေနဲ့ အလွန်ဆုံး တစ်နှစ်ပေါ့'

'အဲဒါ ဒီကိစ္စတစ်ခုတည်းလေ၊ သူ့လောဘက NON - STOP ကွ၊ တစ်ခုပြီး တစ်ခုလာဦးမှာ ငါ့သမီးလေးကိုပဲ သနားတယ်'

ကြေကြေကွဲကွဲ ပြောနေသော ဦးလေးအမူအရာက တကယ့်ဆွေမျိုးရင်းနှင့် ရှိလှသဖြင့် နန္ဒရင်မှာ ထိထိခိုက်ခိုက် ဖြစ်သွားရသည်။ ဖေးဖေးမမ နှစ်သိမ့်လို၍ ပီပီပြင်ပြင်ရှိမည့် နှစ်နှစ်ကာကာ စကားတို့ကို ရှာဖွေစဉ်းစားနေမိ၏။

'ကျွန်တော် ကူညီလို့ရရင် ကူညီလိုက်ချင်ပါတယ် ဦးလေးရယ်၊ ဝင်းဖန့်ဘဝလေး အေးချမ်းသွားအောင် တာဝန်ယူချင်မိတယ် တကယ်ပြောတာပါ'

'ဘာ… ဘာကွ၊ ဟေ့ကောင် မင်း ဘာစကားပြောတာလဲ'

'ဗျာ… အဲ… ဆော… ဆောရီး ဟို… ဟို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်စော အားကြီးသွားလို့ပါ၊ ဆိုလိုတာက အေးအေးချမ်းချမ်းနဲ့ အလုပ်လုပ်နိုင်အောင် ကူညီချင်တယ်လို့ ပြောတာပါ ခင်ဗျာ'

'ဟွန်း… အလျှောက်ကောင်းလို့ပေါ့ကွာ၊ ငါဆိုလိုတာက သူ့အမေကြောင့် မလုပ်ချင်တဲ့ အလုပ်တွေ ငါ့သမီးလေး ဆက်လုပ်နေရမှာ စိုးနေတာကွ'

'ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော်လည်း အဲဒီသဘောပဲ ပြောတာပါ၊ စောစောကတောင် နောက်နှစ်နှစ်လောက်ပဲလုပ်ပြီး ဒီလောကထဲက ထွက်ချင်တယ်လို့ ပြောနေတာ'

'ငါသိပြီ တစ်နှစ်က ဟောဒီကား အကြွေးဆပ်ဖို့ နောက်တစ်နှစ်က ထပ်တက်လာမယ့် သူ့အမေရဲ့ လောဘအတွက် ကြိုကန်တာ'

'ဟုတ်လိမ့်မယ် ခင်ဗျ'

'အေးကွာ… မင်း အန်တီကိုလည်း နည်းနည်းထိန်းပေးပါဦး'

'ဟုတ်ကဲ့ သိပ်မလွယ်ပေမယ့် ကြိုးစားပေးပါ့မယ် ဦး'

ထိုသို့ အပြန်အလှန် ဆွေးနွေးနေခိုက် စကားရစ်မောင်မောင်ရောက်လာပြီး…

'ကိုနန္ဒ… SCENE 8 အိမ်နေရင်း တစ်ခု'

'အိုကေဗျာ၊ ကဲ… ဦး ကျွန်တော် အလုပ်လုပ်လိုက်ဦးမယ်နော်'

'အေးပါကွာ… သွား… သွား'

အလုပ်ထဲ စိတ်ရောက်သွားတော့လည်း လောလောဆယ် ရှုပ်ထွေးနေသော အတွေးများ ခေတ္တအနားယူသွားကြ၏။

* * *

မယ်ကုဝဏ်ကြီး နေမကောင်းသဖြင့် ရှုတင်တစ်ခုလုံး ငြိမ်းချမ်းနေသည်မှာ သုံးရက်ရှိသွားခဲ့ပြီ။ လေးရက်မြောက်နေ့မှာတော့ နန္ဒဇာတာ အညာဘက်သို့ ရောက်သွားသည်။





ဝင်းဖန့်တို့ ပါဂျဲရိုးခြံထဲဝင်လာ၍ နန္ဒ သွားကြိုရန်ပြင်စဉ်ကားပေါ်မှ ဦးစွာ ဆင်းလာသူက ဒေါ်ယဉ်ကြည် ဖြစ်နေ၍ ခြေလှမ်းတို့ တန့်သွား၏။ နန္ဒမှာ မြင်ရာဇာတွက်ပီကဲ့သို့ ဒီနေ့ ကံမကောင်းပါလားဟု ညည်းညူရမည့် ကိန်းဆိုက်သွားသည်။

သို့နှင့် မသိသလို ဟန်ဆောင်ပြီး ဘောလုံးဂျာနယ်ကိုသာ ဖြန့်ဖတ်နေလိုက်ရသည်။ ဂျာနယ်နှင့် ကွယ်ရင်း အချစ်၏ မျက်နှာတော်ကို ခိုးကြောင်ခိုးဝှက် ဖူးမျှော်ရ၏။ အန်တီက ကားပေါ်မှ ဆင်းလာကတည်းက ဖုန်းပြောနေတာ မပြီးတော့ချေ။ ဘာတွေများ ပြောစရာတွေပေါ်နေပါလိမ့်ဟု တွေးမရ ဖြစ်နေမိသည်။

ဝင်းဖန့်က သော်သော်ခင်းပေးသည့် ပတ္တူခေါက်ကုလားထိုင်တွင် ဝင်ထိုင်ရင်း စိတ်ရှုပ်ထွေးနေဟန်ရှိ၏။ အဘွားကြီး ဘာတွေကျိုင်ရှာနေပြန်ပြီလဲဟု တွေးနေမိစဉ်မှာပင် ဒေါ်ယဉ်ကြည်က မန်နေဂျာကို လှမ်းခေါ်နေသည်။

မန်နေဂျာအား ဟောင်ဖွာဟောင်ဖွာနှင့် ပြောနေသည့် ဒေါ်ယဉ်ကြည့် စကားများကိုကြားမှ ဘာကိစ္စလည်းဆိုတာ သိရ၏။

'ဒီကား ဘယ်နေ့ပြီးမှာလဲကွ'

'ဒီနေ့မှ ရိုက်ရက်လေးရက်ပဲ ရှိသေးတာလေ အန်တီရဲ့ နောက်သုံးရက်တော့ ရိုက်ရဦးမှာပေါ့'

'ဟယ်… ဖြစ်မလား၊ နောက်နှစ်ရက်ပဲ ရမယ်၊ အခု ကိုဇော်တို့က လှမ်းချိတ်နေလို့'

'အဲဒါတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး၊ စကတည်းက ခုနှစ်ရက်ပေးရမယ်လို့ အသေအချာ ပြောခဲ့တဲ့ဟာ'

'ဒီလိုပဲ နားလည်မှုနဲ့ ညှိပြီး လုပ်နေကြရတာပဲဟာ'

'ညှိချင်ရင် ဒါရိုက်တာနဲ့ သွားညှိတော့ အန်တီ'

'ဟဲ့… မင်းက မန်နေဂျာလေ၊ ဒီလို တာဝန်မဲ့စကား ပြောလို့ရမလား'



www.burmeseclassic.com

www.burmeseclassic.com



'တာဝန်မဲ့တာ ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော့်တာဝန်က ရိုက်ရက် ခုနစ်ရက်အတွင်း ကားပြီးဖို့ ရိုက်ကွင်းမှာ အဆင်ပြေဖို့ပဲ'

'အမေရယ် တော်ပါတော့ ကိုဇော်တို့ကို ၁၇ရက်နေ့ ဝင်မယ် ပြောလိုက်ရင် ပြီးတာပဲ'

'ဟဲ့… ဝင်းဖန့် မသိရင် အသာနေစမ်း၊ သူတို့က ၁၅ရက်နေ့ စရိုက်မှာလေ၊ ညည်း ၁၇ရက်နေ့မှ မဝင်ရင် သူတို့ရိုက်စရာမရှိ ဖြစ်ကုန်မှာပေါ့'

'ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ဒီက ပြီးမှ ကူးလို့ရမှာပေါ့'

'အဲဒါကြောင့် တစ်ရက်စာအတွက် မန်နေဂျာကို ပြောခိုင်းနေတာပေါ့'

'ခက်တာပဲ အန်တီရယ်၊ ကျွန်တော်က ဒါရိုက်တာကို ဟိုနေ့ ပြီးအောင်ရိုက်၊ ဒီနေ့ ပြီးအောင်ရိုက်လို့ ပြောလို့ရမလား အဓိပ္ပာယ်မရှိတာ'

'ကဲ… တော်ပါတော့ဆိုနေ အမေရယ်၊ ကိုထွန်းမင်းကျော် သွားတော့ ကျွန်မ ရက်အပြည့်ပေးမှာ ဒါပဲ'

မန်နေဂျာ အပြုံးပန်းဝေဆာစွာဖြင့် လှည့်ထွက်သွား၏။ ဒေါ်ယဉ်ကြည်က ဝင်းဖန့်ကို မကျေမနပ်ကြည့်ရင်း…

'ညည်း အဲဒီလို သဘောကောင်းနေ ဘာမှ လုပ်စားလို့ရမှာ မဟုတ်ဘူး၊ အခု ကိုဇော်တို့ ကမ်းလှမ်းတာ ပျက်တော့မယ်၊ ရိုက်ရက် ဟသွားရင် ဘယ်လောက်နစ်နာတယ် မှတ်နေလဲ'

'ရက်ဟတော့လည်း နားရတာပေါ့၊ သမီး ဒီအလုပ် ဖြစ်ဖြစ် မြောက်မြောက် လုပ်နေတာ တစ်နှစ်ရှိသွားပြီ၊ တစ်ရက်မှ မနားရသေးဘူး'

'သမီးရယ် လူဆိုတာ ငယ်ရွယ်တုန်း အခြေအနေပေးတုန်း စီးပွားရှာရတယ် မိုးရွာတုန်း ရေခံရတာ ဟဲ့'

'ရေတွေလျှံနေပြီပဲ ဟာ'





'တော်… တော် ညည်းနဲ့ စကားပြောရတာ အဆင်ကိုမပြေဘူး'

'အမေလည်း တော်ရုံတန်ရုံပြော ခုလို ပြူးပြဲနေတာ သိပ်ရှက်ဖို့ ကောင်းတာပဲ'

'ဘာပြောတယ်'

ဒေါ်ယဉ်ကြည် ဆွေ့ဆွေ့ခုန်သွားစဉ် ဝင်းဖန့်က ထိုင်ရာမှထ သော်သော့်ကို ဆွဲခေါ်ကာ တိုက်ကြီးထဲ လှမ်းဝင်သွားခဲ့သည်။ သား အမိနှစ်ယောက်၏ စကားစစ်ထိုးပွဲကို လှေလာခွင့်ရခဲ့သော နန္ဒ အားပါးတရ ပြုံးလိုက်မိ၏။

ထိုနေ့ မနက်ပိုင်းတွင် သုံးဆင်းနှံ ရိုက်ပြီး ထမင်းစားဖြုတ်သည်။ နန္ဒ စားနေရာသို့ ဝင်းဖန့်ရောက်လာကာ နေရာယူဝင်ထိုင်လိုက်သည်။ အန်တီနှင့် သော်သော် ငါးဆင့်ချိုင့်ကြီးနှင့် ရောက်လာကြ၏။

'ကောင်မတွေ ခုမှ လုပ်စားဖူးတာလား မသိဘူး၊ မင်းသမီး အတွက် ဟင်းပိုတစ်ပွဲပေးရတယ်ဆိုတာ မသိဘဲနဲ့များ ရူတင်ထမင်း ရောင်းချင်သေးတယ်၊ မန်နေဂျာကလည်း ဘယ်လို ထမင်းသည် ခေါ်လာမှန်းကို မသိဘူး'

'အမေရယ် အော်ကျယ်အော်ကျယ် မလုပ်ပါနဲ့ ရှက်လို့ပါ'

'ဟဲ့… ကိုယ့်ရပိုင်ခွင့် ကိုယ်ယူတာ ရှက်စရာလား'

ဒေါ်ယဉ်ကြည် ပွစိပွစိ ပြောနေတာကို ဝင်းဖန့်က အရေးလည်း မစိုက်၊ ပြန်လည်း မပြောတော့ဘဲ နန္ဒနှင့် စကားပြောနေသည်။

'ကိုနန္ဒ… ဖတ်လို့ကောင်းတဲ့ စာအုပ်လေး ဘာလေးရှိရင် ညွှန်းပါဦး'

'အင်း… ဖတ်စရာဆိုရင် သရုပါမဂ္ဂဇင်း ကောင်းတယ်၊ ဓတ်ပေါဝတ္ထုဆိုရင် မိုးစက်ပိုင်၊ သိုးဆောင်း၊ အောင်ပင်လယ်နဲ့ ကိုကိုးတို့ ရှာဖတ် မဆိုးဘူး'

'သော်သော်… အဲဒီ စာအုပ်တွေ မှတ်ထားပြီး ရှာပေးနော်'



www.burmeseclassic.com

www.burmeseclassic.com



'အင်းပါ ဝင်းဖန့်ရဲ့၊ ရှော်တကာ ပေါ်တကား(ရှာပေး) ပါမယ်၊ စော်တကိတ် ချော်တက (စိတ်ချ)'

'သမီးကလည်း အားတာလည်း မဟုတ်ဘဲနဲ့၊ ဘာကိစ္စ မျက်နှာ အညောင်းခံနေမှာလဲ၊ ကိုယ်လုံးလှဖို့ လေ့ကျင့်ခန်းလုပ်၊ မျက်နှာ ပြည့်အောင် အိပ်၊ ဒါ့အပြင် ဘာလုပ်နေဦးမှာလဲ၊ ကိုယ်က ဒီအလှနဲ့ လုပ်စားနေရတဲ့ ဟာကို'

'စာမဖတ်လို့ မဖြစ်ဘူး အမေ၊ အချိန်လုပြီး ဖတ်ရမှာပဲ'

'အပိုတွေ အေ'

ဒေါ်ယဉ်ကြည် အတွေးအခေါ်တွေက တက်တက်စင်မှားနေခဲ့ပြီ။ နန္ဒစိတ်ထဲ ကျလိကျလိ ဖြစ်လာသဖြင့် ဝင်ပြောမိ၏။

'အနုပညာအလုပ်လုပ်ပြီး စာမဖတ်ရင် ဦးနှောက်မှိုတက်ပြီး တွေးခေါ်ဆင်ခြင်နိုင်စွမ်းတွေ ကျသွားတတ်တယ် အန်တီရဲ့၊ စာမဖတ်တဲ့ သူဟာ ကန်းနေတာနဲ့ အတူတူပဲ'

ဒေါ်ယဉ်ကြည် မဲ့ကာရွဲ့ကာနှင့် မလိုတမာလုပ်ပြရင်း ကြက်ကြော်ကို ဘီလူးစားသလို ဝါးနေ၏။ နန္ဒ သဘောကျစွာ ပြုံးလိုက်ရင်း…

'ပြီးတော့ ဆရာမခင်ခင်ထူးရဲ့ ဝတ္ထုတိုပေါင်းချုပ် ထွက်တယ်၊ အဲဒါက ဝယ်ထားမှကို ဖြစ်မှာ'

'ဟုတ်ကဲ့'

နန္ဒ နည်းပေးလမ်းပြ လုပ်နေစဉ် ခြံထဲကျစ်တစ်စီး ဝင်လာ၏။ ကားထဲမှ ဒါရိုက်တာ မီးကျိုးခဲ ဆင်းလာသည်။ မီးကျိုးခဲက ဝင်းဖန့်ထံ ဦးတည်လာနေသည်။ နန္ဒက ကြိုဆိုပြီး သူ့နေရာကို ဖယ်ပေးရင်း…

'ထိုင်… အာစရိ ထမင်းသုံးဆောင်ပြီးပြီလား၊ ကျွန်တော် မှာလိုက်မယ်'

'နေ… နေ မောင်နန္ဒ၊ စားခဲ့ပြီးပြီ ဘယ်လိုလဲ မင်းသမီး ဆရာနဲ့ တစ်ကားလောက် မရိုက်ချင်ဘူးလား'





'ရိုက်ချင်တာပေါ့ ဆရာရဲ့'

'ဒါဆို ဘယ်နေ့အားမလဲ'

'အင်း… ဆယ့်ကိုးရက်နေ့ဆို သမီးဝင်လို့ရပြီ'

'ဟဲ့… သမီး ဒီကားက ၁၆ရက်နေ့ ပြီးမှာလေ'

ဒေါ်ယဉ်ကြည်က ကမန်းကတန်း ဝင်ပြော၏။ အားလုံး အကြည့်က ဒေါ်ယဉ်ကြည်နှင့် ဝင်းဖန့်ထံရောက်နေသည်။ ဝင်းဖန့်က…

'သမီး တအားပင်ပန်းနေပြီ မေမေ၊ နားချင်တယ် ဒါကြောင့် ဆယ့်ကိုးရက်လို့ပြောတာ'

'အိုကေတယ် သမီး၊ ဦးက နှစ်ဆယ်မှ စမှာ'

'ဒါဆို ပိုကောင်းတာပေါ့ ဆရာရဲ့၊ တစ်ရက်ပိုနားလို့တောင် ရသေး'

'သမီးရယ် ကြားသုံးရက် ပုပ်တော့မှာလေ ဒုက္ခပါပဲ'

ဒေါ်ယဉ်ကြည်၏ စကားကို ဘယ်သူမှ အလေးမထားကြ။

'ဒါဆို ကွန်ဖန်းဖြစ်ပြီပေါ့နော်'

'ဟုတ်ကဲ့ ဆရာ စိတ်ချ'

'မနက်ဖြန် ဇာတ်အကျဉ်းနဲ့ အခန်းစဉ် ပို့ခိုင်းလိုက်မယ်၊ အိုကေနော် သမီး'

'အိုကေပါပဲ ဆရာ'

'သမီး ဟိုကိစ္စ ပြောဦးလေ'

'ဘာမှ ပြောစရာ မရှိတော့ဘူး အမေ'

'ဟဲ့… ဖြစ်မလား၊ သမီး မပြောရင်နေ အမေပြောမယ်'

'အမေ…'

ဒေါ်ယဉ်ကြည် ပေါက်ကရ လျှောက်မပြောရန် ဝင်းဖန့် ဟန့်လိုက်သော်လည်း မရတော့။ ဒေါ်ယဉ်ကြည်က သကာလူးထားသလို ချိုအီနေသည့် မျက်နှာပေးနှင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါ ဦးမီးကျီးခဲရယ်၊ သမီးက အခု နှစ်ဆယ်အတိ ယူနေပါပြီ၊ အဲဒါလေး အသိပေးချင်လို့ပါ'

ဒေါ်ယဉ်ကြည်စကားကြောင့် ဝင်းဖန့် စိတ်ပျက်လက်ပျက်ဖြစ်သွားသလို ဦးမီးကျီးခဲလည်း ဒေါပွသွားပုံရ၏။

'ဒီမယ် မယဉ်ကြည်၊ ကျုပ်က အကာယ်ဒမိဒါရိုက်တာ ကျုပ်က အနုပညာအလုပ်ပဲ လုပ်တယ်၊ အနုပညာစကားပဲ ပြောတယ်၊ ခင်ဗျား ငွေစကားပြောချင်ရင် ပရိုဂျူဆာနဲ့ သွားပြော၊ ကျုပ်အတွက် လိုချင်တဲ့ အက်တာရဖို့က 'အဓိကပဲ ရှင်းလား'

'ရှင်··· ဟုတ်··· ဟုတ်ကဲ့'

'ကဲ··· သမီး ဆရာသွားမယ်၊ ဓာတ်ရရင် သေချာဖတ်ပြီး လိုက်ဖက်မယ့် အဝတ်အစားတွေ ကိုယ့်စိတ်ကူးနဲ့ ကိုယ် ရွေးထား'

'ဟုတ်ကဲ့ပါ ဆရာ'

ဒါပဲပြောပြီး ဦးမီးကျီးခဲ ပြန်သွား၏။ ထိုအခါမှ နန္ဒလည်း ပြန်ထိုင်ရတော့သည်။ ဝင်းဖန့်က သူ့အမေကို အကြီးအကျယ် စိတ်ပျက်သွားဟန်နှင့်···

'အမေလုပ်ပုံနဲ့ သမီးတော့ ရှက်တာနဲ့ လဲသေသွားလိမ့်မယ် သိလား၊ ဆရာ့လို လူမျိုးကို ငွေစကားသွားပြောရတယ်လို့ သူ့လို လူမျိုး ရှုတင်လိုက်လာတာတောင် လွန်လှပြီ သိရဲ့လား၊ သူနဲ့ ရိုက်ခွင့်ရရင် ဘယ်လောက် နာမည်တက်တယ် ဂုဏ်တက်တယ်ဆိုတာ မေမေ မသိဘူးလား'

ဝင်းဖန့် တကယ် စိတ်ဆိုးမာန်ဆိုးနှင့် ပြောနေတော့လည်း ဒေါ်ယဉ်ကြည် ပါးစပ်မဟတော့ဘဲ ငြိမ်ကုတ်နေရှာ၏။ အခွင့်ကြုံခိုက် နန္ဒလည်း ဖရီးကစ်လေး ဝင်ကစ်ပေးလိုက်၏။

'ဟုတ်တယ် အန်တီ၊ ဝင်းဖန့်ရွှေရေးကို မဆင်မခြင်ပြောဆိုမှုတွေနဲ့ ဖျက်ဆီးမပစ်ပါနဲ့ဗျာ၊ ခုဆို ဝင်းဖန့်က အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်အနေနဲ့ ရပ်တည်နေနိုင်ပြီ ဖြစ်သလို အလုပ်ကိစ္စစကား





ပြောတဲ့နေရာမှာ သူကိုယ်တိုင် ဆုံးဖြတ်တာက သူ့ဂုဏ်သိက္ခာကို ပိုပြီး မြင့်မားစေပါတယ်'

'အမလေးကွယ်··· မင်းကများ ဆရာလုပ်လို့'

'အမေ ဘယ်လိုပြောလိုက်တာလဲ၊ သမီးအရင် ဒီလောကထဲ ရောက်နေသူတွေ အားလုံး သမီးရဲ့ ဆရာပဲ၊ ကိုနန္ဒဆို ပိုပြီးတော့တောင် လေးစားရမယ်၊ လက်ဦးဆရာ သင်ဆရာလေ အမေရဲ့'

ဝင်းဖန့်က ဟုတ်တာမှန်တာတွေချည်းပဲ ပြောတော့ ဒေါ်ယဉ်ကြည် ငြိမ်ကုတ်သွားရပြန်သည်။ သို့သော် ကျေနပ်ဟန်တော့ မရှိ။ နှုတ်ခမ်းတစ်တောင်လောက် စူထွက်နေ၏။ ဒေါ်ယဉ်ကြည် ငြိမ်သွားခိုက် ဝင်းဖန့်က ဖိပြောသည်။

'နောက်ဆို သမီးကိစ္စ သမီးပဲ ဆုံးဖြတ်မယ်၊ ပြောမယ်၊ အမေဘာမှ ဝင်မပါပါနဲ့ အမေ'

'အမလေး··· ဝါးနုက ဝါးရင့်ကို ပြန်ပတ်လို့'

'ဝါးနုဆိုရင်လည်း ပြုတ်တို့ရင် အရသာရှိတာပဲ၊ ဝါးရင့်ဆိုရင်လည်း ပတ္တလားအဆံဖြစ်မှ အသံသာပြီး သိက္ခာရှိမှာ အမေ'

'ပြောကြပါ ပြောကြပါ၊ ငါ့ကိုပဲ ဝိုင်းပြောကြပါ၊ အခုတော့ ဒီအမေရဲ့ ကျေးဇူးတွေကို မေ့နေပြီပေါ့'

ဒေါ်ယဉ်ကြည် ငိုသံပါကြီးနှင့် ပြောပြီး ထထွက်သွား၏။ ထိုအခါမှ အားလုံး သက်ပြင်းချနိုင်ကြတော့သည်။

'ဝင်းဖန့် အခုလို ပြောလိုက်တာ ကောင်းတယ်၊ အန်တီ့ကို တော်တော်လူပြောများနေပြီ၊ အဲဒါတွေက ဝင်းဖန့်ရွှေရေးကို ဟန့်တားသလို ဖြစ်နေတာနော်'

'ဟော်တကုတ် ပေါ်တာက(ဟုတ်ပါ့) အနီကတ်နဲ့ မထွက်ရခင် ခုလို အဝါကတ်ပြလိုက်တာ ကောင်းမှကောင်းပဲ သိလား'

'ဝင်းဖန့် အားလုံးကို သိပါတယ် သော်သော်ရယ်၊ ဒါပေမဲ့ အမေ မဟုတ်လား ဒါကြောင့် ဒီလောက်အထိ သည်းခံခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com



'သမီးရေ… အာစရိက SCENE 34 တဲ့ အဆင်သင့်ဖြစ်ရင် ရိုက်မယ်တဲ့'

'ဟုတ်ကဲ့'

ကင်မရာမင်း အပ်ချည်က စကားလှမ်းပြောလာသဖြင့် စကားဖြတ်ပြီး အလုပ်လုပ်ဖို့ ပြင်ဆင်လိုက်ကြ၏။

နန္ဒရင်ထဲမှာသာ စေတနာဆိုသော်လည်း အရောင်ဆိုးမမှားစေဖို့ မပြတ်သတိကပ်သင့်သည်ဟု…။

❑ ❑ ❑



# အခန်း(၉)

နေသာ၍ လေပြင်းတိုက်ခတ်သော နေ့တစ်နေ့အဖြစ် စနေနေ့က သက်ဝင်တည်ရှိနေ၏။ သည်လိုရာသီဥတုမျိုးတွင် အဲကွန်းဖွင့်ပေးသည့် K.T.V မှာ သီချင်းဆိုရင်း အရိပ်ခို၍ နားနေဖို့သာ ကောင်းသည်။ သို့သော် နန္ဒ သီချင်းမဆိုချင်သလို နားနေဖို့ စိတ်ကူးလည်း မရှိပါ။

သူ့ဘဝအတွက် အရေးကြီးဆုံး လူတစ်ယောက်၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးရန်သာ စိတ်စောနေမိသည်။ ထို V.I.P လူသားက ဝင်းဖန့်သာ ဖြစ်၏။ ဝင်းဖန့်က နှစ်ရက်တိတိ အဖော်လုပ်ပေးရန် တောင်းဆိုထားသည်။ ထိုတာဝန်ကို ဦးဆွေး ဆံမြည့်ထမ်းရွက်ချင်နေသည့် နန္ဒအတွက်တော့ အိုက်ယာလန်ထီပေါက်တာပဲ-ဖြစ်သည်။

ဝင်းဖန့်က ကိုးနာရီအတိတွင် ချိန်းထားသော်လည်း ရှစ်နာရီလေးဆယ့်ငါးမှာပင် ဝင်းဖန့်တို့ တိုက်တံခါးဝသို့ ရောက်ရှိနေခဲ့၏။ လူခေါ်ဘဲလ်သံကြောင့် တံခါးလာဖွင့်ပေးသူက ဦးအောင်ခန့် ဖြစ်သည်။ ဒေါ်ယဉ်ကြည်က ဆိုဖာမှာ ခန့်ခန့်ကြီးထိုင်၍ နိုင်ငံခြားဖြစ် ခလုတ်ပုတီးနှိပ်ရင်း ကိုရီးယားဒေသနာကို နာကြားနေလေ၏။ နန္ဒဝင် လာတာတွေ့တော့ အံ့သြဟန်နှင့်…

'အလိုတော်… ကိုယ်တော်ချော စောစောစီးစီး ဘာလာလုပ်တာလဲ'

'သမီးခေါ်ထားတာ မေမေ'



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ထွက်လာသော ဝင်းဖန့်က နန္ဒကိုယ်စား ဖြေလိုက်၏။ ဒေါ်ယဉ်ကြည်က သမီးကို စူးစမ်းသလို ကြည့်သည်။

'ကိုနန္ဒကို အဖော်ခေါ်ပြီး လျှောက်သွားမယ်၊ အပန်းဖြေမယ်၊ ရှော့ပင်ထွက်မယ်လေ'

'ဘာပြောတယ်'

'အပြင်သွားမလို့ပါဆို'

'ရှုတင်နားတုန်း အိမ်မှာပဲ အပန်းဖြေပါလားကွယ်၊ သမီး ဘာစားချင်လဲ အမေ အားလုံးလုပ်ပေးမယ်'

'သမီး အပြင်ပဲ သွားချင်တာ'

'ကိုယ်က နာမည်ကျော်မင်းသမီးလေ၊ လူကြားထဲ အလကား နေရင်း မျက်နှာထွက်ပြနေလို့ ဖြစ်မလား'

'အဲဒီလို ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေ အားလုံး ဒီနေ့ ပြန်ယူမလို့'

'အို… မသွားရပါဘူး'

'ဒီမယ် မယဉ်ကြည် ကျုပ် ရှည်ရှည်ဝေးဝေး ဘာမှ မပြောချင်ဘူး၊ သမီး စိတ်ချမ်းသာသလို နေပါစေ၊ မောင်နန္ဒနဲ့ သွားတာ စိတ်တောင်ချရသေးတယ်'

'အံမယ်… ရှင်က ဘာသိလို့ ဝင်ပြောနေရတာလဲ'

'ကဲပါ… အမေရယ်၊ ရန်ဖြစ်မနေကြပါနဲ့ တော်ကြပါတော့၊ ကဲ… ကိုနန္ဒ ပလိစ်ဝိတ် ဝင်းဖန့် အဝတ်အစား လဲလိုက်ဦးမယ်'

'အိုကေ… ဝင်းဖန့်'

ဝင်းဖန့် ပျောက်ကွယ်သွားတော့ ဒေါ်ယဉ်ကြည်က နန္ဒအား မျက်စောင်းထိုး၏။ နန္ဒ မသိချင်ယောင်ဆောင် နေလိုက်သည်။

'အင်း… သမီး မိန်းကလေးများ ပြောရဆိုရ ထိန်းသိမ်းရတာ သိပ်ခက်တာပဲ၊ ကိုယ်က တော်ရုံမိန်းမသား မဟုတ်ဘူးဆိုတာ ထည့်မတွက်တော့ဘူးလား မသိဘူး၊ ရှင်ကလည်း ကျွန်မပြောရင် ကာဆီး ကာဆီး မလုပ်နဲ့'





'မင်းလည်း နေရာတကာ ဝင်မပါပါနဲ့ကွာ'

'မပါလို့ ရမလားရှင့်၊ ပလက်တီနမ်တစ်ရစ် ရွှေတစ်ရစ်ထုတ် လုပ်ရေးက ဘော့စ်ရယ်၊ ကွန်စထရပ်ရှင် သူဌေးလေးရယ်၊ စူပါမား ကတ် သူဌေးရယ်က သမီးကို မျက်စေ့ကျပြီး ကမ်းလှမ်းနေကြတာလေ၊ ဒီလို လျှောက်သွားနေတာကို တွေ့သွားရင် ဘယ်လိုနေမလဲ'

ဒီစကားက တစ်ဖက်လှည့်နှင့် နန္ဒကို သတိပေးခြင်း ဖြစ်ကြောင်း နန္ဒကောင်းကောင်းသိ၍ ခပ်မဆိတ်သာ နေလိုက်သည်။

'မင်းက သမီးကို လေလံတင်ပြီး ရောင်းမလို့လား'

'ရောင်းသင့်ရင် ရောင်းရမှာပဲ'

'တော်စမ်းပါကွာ၊ သမီး အိမ်ထောင်ရေး သမီးပဲ ဆုံးဖြတ်ပါစေ၊ မင်းဝင်ပါမနေနဲ့'

ထိုအခိုက် ဝင်းဖန့် ဝတ်စားပြင်ဆင်ပြီး ထွက်လာသဖြင့် ဒေါ်ယဉ်ကြည်တို့ စကားပြတ်သွားကြ၏။

'လာ… ကိုနန္ဒ သွားစို့ ဖေဖေ သမီးတို့ သွားမယ်နော်'

'အေး… အေး'

'ဟဲ့… သမီး မေမေ ဖုန်းဆက်မှာနော်'

'သမီး ဖုန်းကို ယူမသွားဘူး၊ သွားပြီ တာ့တာ'

ဝင်းဖန့်အပြောကြောင့် ဒေါ်ယဉ်ကြည် ဒွေ့ဒွေ့ခုန်ကာ ကျန်ရစ်ခဲ့၏။ နန္ဒနှင့် ဝင်းဖန့်မှာတော့ လှောင်အိမ်မှလွတ်သော ငှက်ငယ်များပမာ မိနစ်ပိုင်းအတွင်းမှာပင် ဝင်းဖန့်ကားကို နန္ဒမောင်းနေခဲ့ပြီ ဖြစ်သည်။

'ကဲ… ဝင်းဖန့် ဘယ်သွားချင်လဲ'

'အင်း… အရင်ဆုံး ကရဝိတ်သွားမယ်၊ ဒင်ဆမ်းစားမယ်'

'အိုကေ… အဟင်း… ဟင်း… ဟင်း'

'ဘာရီ (ရယ်) တာလဲ'

'အန်တီ ဒေါ်ခါးပြီး ကျန်ခဲ့တာကို တွေးမိလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ကိုနန္ဒရယ်၊ မေမေကို အဲလိုမလုပ်ရင် မရတော့ဘူးလေ'

'ကိုယ့်ကိုလည်း သတိပေးလိုက်သေးတယ်'

'ဟင်... ဟုတ်လား'

'အင်း...ကုမ္ပဏီပိုင်ရှင်တွေ သူဌေးတွေ ဝိုင်းနေတဲ့အကြောင်း ဝင်းဖန့် အိမ်ထောင်ရေးကို သူစီမံမယ်ဆိုတဲ့ အကြောင်းတွေပေါ့'

'ဩော်... ဒါလား၊ အလကားပါ ကိုနန္ဒရယ်၊ ဝင်းဖန့်စိတ်ကို မဝင်စားတာ သူတို့လို သူဌေးတွေရဲ့ လိုဘက တစ်ခုထဲရယ်၊ ဝင်းဖန့်ကို ဘိုမရုပ်လို ဝယ်ပြီး ရှိုးကေ့စ်ထဲ ထည့်ထားချင်နေကြတာ'

'ဟူး... တော်သေးတာပေါ့၊ ဝင်းဖန့် အမှန်ကို မြင်လို့'

'ဝင်းဖန့် ဒီလောက် မအပါဘူး'

'ဟဲ... ဟဲ ဟုတ်လို့လား၊ ကိုယ်က အခု ဝင်းဖန့်ကို ခိုးပြေးနေတာ'

'အဟက်... ဟက်... ဟက်'

'ဘာလဲ မယုံဘူးလား'

'မယုံတာ မဟုတ်ဘူး၊ မဖြစ်နိုင်လို့ ခေါင်းထဲကို ထည့်မထားတာ'

'ဘာဖြစ်လို့'

'ခိုးပြေးတယ်ဆိုတာ သမီးရည်းစားတွေပဲ လုပ်လို့ရတာလေ၊ ဝင်းဖန့်တို့က ဆရာတပည့်တွေပဲဟာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ'

'ဟား... ဟား... ဟား လူလည်မလေး လည်ချက်က လန့်ထွက်နေတာပဲ'

ဝင်းဖန့် အရောင်အတိမ်း ကျွမ်းကျင်မှုကို နန္ဒ သဘောကျရယ်မောမိသော်လည်း စိတ်ထဲမှာတော့ မချင့်မရဲ ဖြစ်လျက်ရှိ၏။ ဝင်းဖန့်က စကားတပြောပြောနှင့် ကရဝိတ်သို့ ရောက်လာခဲ့သည်။ ဝင်းဖန့်က မျက်မှန်မည်းကြီးတပ်၍ ဦးထုပ်ဝိုင်းကြီး ဆောင်းထားပြီး ရုပ်ဖျက်၏။ နန္ဒလည်း နေကာမျက်မှန်တပ်၍ ကက်ဦးထုပ်ဆောင်းလိုက်သည်။





ကားထဲမှထွက် သော့ပိတ်၍ ဟိုတယ်ထဲသို့ ခပ်သုတ်သုတ် လျှောက်ပြီး ဝင်လာခဲ့ကြသည်။ ရေပြင်ကိုသာ မြင်ရသော စားပွဲတစ်လုံးမှာ နေရာယူပြီး ဒင်းဆမ်းမှာသည်။

'ဒီနေ့ သွားလာစားသောက်သမျှ အားလုံးကို ဝင်းဖန့် ရှင်းမှာနော်'

'ဟာ... မဟုတ်တာ'

'မဟုတ်တာတွေ ဘာတွေ လုပ်မနေနဲ့၊ ဒါ ကိုနန္ဒရဲ့ ကျေးဇူးတရားတွေကို ပြန်ဆပ်တဲ့ ပထမခြေလှမ်းလို့ ယူဆပြီး ခွင့်ပြုပေးပါ'

နန္ဒ ဘာမှ မပြောသာတော့၊ စားပွဲထိုးများ လာချပေးသော ဒင်းဆမ်းပေါင်းစုံကိုသာ မြည်းစမ်းနေလိုက်တော့၏။ အသားပေါင်းလေးကလည်းကောင်း၊ ကော်ပြန့်လေးကလည်းကောင်း၊ ပေါက်စီလေးကလည်းကောင်း အကုန်စားကောင်းနေ၏။ ဝင်းဖန့်လည်း မြိန်ရေယှက်ရေ စားနေသည်။

'ဒီက ပြီးရင် ဘယ်ကိုသွားမလဲ ဝင်းဖန့်'

'ဝင်းဖန့် စာအုပ်တွေ ဝယ်ချင်တယ်'

'ကောင်းပြီဗျာ စာပေလောက ဖြစ်ဖြစ် အင်းဝစာအုပ်တိုက် ဖြစ်ဖြစ် သွားကြတာပေါ့၊ ပြီးရင်ကော...'

'အင်း... ပြီးရင် ကုက္ကိုင်းရေကူးကန်သွားမယ်၊ ရေကူးမယ် နားမယ်၊ မနက်စာ စားမယ်'

'ဟာ... သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ ကိုယ် ကန်ပေါင်မှာ ထိုင်ပြီး ဝင်းဖန့်ရေကူးတာ ထိုင်ကြည့်မယ်'

'ဟင်... တော်ပြီ... တော်ပြီ မသွားတော့ဘူး'

'ဟာ... ဝင်းဖန့်ကလည်း အတော်သဒ္ဒါတရား နည်းတာကိုး ကိုယ်မကြည့်လည်း တခြားသူတွေ ကြည့်ကြမှာပဲလေ'

'ကိုနန္ဒက တခြားသူတွေနဲ့မှ မတူတာ'

'ဘာဖြစ်လို့'

'သူများတကာတွေထက် ဗိုအားပိုပြင်းလို့'



www.burmeseclassic.com

www.burmeseclassic.com



'အင်'

ဗိုက်ပြည့်အောင် စားပြီးနောက် ရှုခင်းကိုကြည့်ရင်း လေညှင်းကို ခံစားကြ၏။ အရည်မရ အဖတ်မရ ပေါ့သော ဝါးသော စကားများ မှားတမ်း ပြောကြ၏။ တစ်နာရီကျော်လောက် အနားယူပြီးသော အခါ…

'ကဲ… သွားကြရအောင်လား ဝင်းဖန့်၊ လမ်းကြောင်းက များတယ်'

'အင်း'

အင်းဟု ဆိုပြီး သူ့လက်ပွေ့အိတ်ထဲမှ ငါးထောင်တန် ငွေတစ်ထုပ်ကို လှမ်းပေး၏။

'ဘာလုပ်ဖို့လဲ ဝင်းဖန့်'

'ဟိုလေ ယောက်ျားလေးနဲ့ မိန်းကလေး အတူသွားလာတဲ့ အခါ ကုန်ကျစရိတ်ကို မိန်းကလေးကပဲ ထုတ်ရှင်းနေရင် အတူပါလာတဲ့ ယောက်ျားလေး သိက္ခာကျတာပေါ့၊ ကိုနန္ဒပဲ ငွေကိုင်ပြီး ရှင်းပေးပါနော်'

စေတနာစကားဟု သိသော်လည်း ထိုငွေကို ယူရန် လက်တွန့်နေ၏။ သူမှာ တစ်သိန်းလောက်တော့ပါသည်။ သို့သော် ဝင်းဖန့်အစီအစဉ်များကို ဖြည့်ဆည်းပေးရန်တော့ မလုံလောက်၊ နန္ဒတွေဝေနေစဉ် ဝင်းဖန့်က သူ့လက်ကို ဆွဲ၍ ငွေထုပ်ကို အပ်၏။

မတတ်သာ၍ နန္ဒ လက်ခံလိုက်ရသည်။ ပြီးတော့ ဟာန်နှင့် ဖန်နှင့် ဝိတ်တာခေါ်၍ ငွေရှင်းလိုက်၏။ ဘယ်လောက်ကျသလဲဆိုတာ သတိမပြုမိလောက်အောင် သိမ်ငယ်နေမိသည်။

ဝင်းဖန့်က လိုအပ်သည်ထက် ပိုပျော်ပြကာ နန္ဒ၏ လက်မောင်းကို တွဲခေါ်ပြီး ကရဝိတ်အတွက် တံတားအတိုင်း ပြေးကြ၏။ နန္ဒလည်း ဝင်းဖန့်အမူအရာကြောင့် လေးလံမှုတို့ လွင့်စင်သွားသည်။ ရင်ထဲမှာ အပျော်တို့ ဖြစ်တည်လာ၏။ သူတို့ ခရီးဆက်ခဲ့ကြသည်။

စာပေလောက စာအုပ်ဆိုင်တွင် စာအုပ်များ မွှေနှောက်ကြ၏။





မည်သို့ပင် ရုပ်ဖျက်ထားကြသည်ဖြစ်စေ နာမည်ကျော်မင်းသမီးနှင့် သရုပ်ဆောင်တစ်ယောက်မှန်း သိကြသဖြင့် ကိုယ်ပိုင်လွတ်လပ်ရေးကို ထိပါးစ ပြုလာသည်။ အမိကကတော့ ဝင်းဖန့် အထိပါးအခံရဆုံး ဖြစ်၏။ ကြံ့ရာစာအုပ်လွတ် ဆွဲယူကာ အမှတ်တရ လက်မှတ်ထိုးခိုင်းကြသည်။

အတူမြင်တွေ့နေရသည်မို့ နန္ဒကိုလည်း မကောင်းတတ်၍ အော်တိုရေးခိုင်း လက်မှတ်ထိုးခိုင်းကြသည်။ ကိုယ်မိုင်ဘဝကို နှောင့်ယှက်မှုတွေ ရှိလာသဖြင့် လိုချင်သော စာအုပ်များကိုပင် နှံ့နှံ့စပ်စပ် မရှာနိုင်ဘဲ ရသလောက်နှင့် တပ်ခေါက်ပြန်ခဲ့ကြ၏။ ကုက္ကိုင်းသို့ ခရီးဆက်စဉ် ကားပေါ်တွင် ဝင်းဖန့်က…

'ကိုယ်ထမင်းရောင်းတုန်းကတော့ မင်းသမီးတွေကို သိပ်အထင်ကြီးအားကျတာပဲ ခုကျမှ လူ့အခွင့်အရေးတွေ အတော်ဆုံးရှုံးရတဲ့ဘဝမှန်း သိလာရတာ'

'ကျော်ကြားမှုရဲ့ ဆိုးကျိုးတွေလေ'

'စိတ်လွတ်ကိုယ်လွတ်လည်း လမ်းပေါ်လျှောက်သွားလို့မရ၊ လမ်းဘေးက တုတ်ထိုးဆိုင်လည်း ထိုင်လို့မရ၊ ဟိုလူကကြည့် ဒီလူကကြည့် အတင်းနှုတ်ဆက်စကားပြောကြ လက်မှတ်ထိုးခိုင်းကြ စိတ်မကြည်လို့ စကားပြော အဆင်မပြေရင် အတင်းပြောခံရနဲ့ မမိုက်ပါဘူး ကိုနန္ဒရယ်'

'ဝင်းဖန့်က ထင်ရှားကျော်ကြားတာကို မလိုချင်လို့နေမှာပေါ့'

'ဒယ်အိုးဆရာတော်ရဲ့ တရားတွေနာရမှ လိုချင်စရာတွေ မဟုတ်ဘူးလို့ သိလာရတာ ဒယ်အိုးတောင်မှ ကိုရီးယားဒယ်အိုးဆိုပြီး ထပ်ပေါ်လာပြန်ပြီတဲ့'

'ဟုတ်လား ကိုယ်တောင် မသိသေးဘူး'

'ရှင်းရှင်းလေးပါ၊ ကိုရီးယားကားတွေ ကြည့်ပြီး အကုသိုလ်ကို လက်လီလက်ကား အရယူနေကြတာတဲ့လေ၊ ဟိုအကောင်ဖောက်ပြန်တော့ လွန်လွန်းပါတယ်၊ ဟိုကောင်မကလည်း ဒီလောက် ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ရှားနေလားမသိဘူး၊ ယယ်ယယ်ကတည်းက စိတ်ပုပ်တဲ့ကောင်မ ဘာညာနဲ့ ဝေဖန်ရုံတင် မကဘဲ လိုက်ခံစားပြီး အကုသိုလ်ကို အမိအရယူနေကြတာတဲ့'

'အင်း… ဒါလည်း ဟုတ်တာပဲ'

'အနုပညာသမားတွေက အကုသိုလ်ပိုကြီးသတဲ့'

'အင်း… ဟုတ်လိမ့်မယ် ဝင်းဖန်'

'ဝင်းဖန် တဖြည်းဖြည်း တအားကြောက်လာတာ သဘင်သည် တစ်မနက်တဲ့'

'မကြောက်ပါနဲ့ ဝင်းဖန်ရယ်၊ ကိုရီးယားဒယ်အိုးက ဆီလည်း မကုန်ဘူး၊ ကပ်လည်း မကပ်ဘူး၊ မီးရှိန်လည်း ကောင်းတယ်တဲ့'

'ဟင်း… ဟင်း အကြော်ခံရတာ သက်တောင့်သက်သာ ရှိတယ်ပေါ့ ဟုတ်လား'

'ဒါပေါ့ ဝင်းဖန်ရဲ့ ကိုယ် ကိုရီးယားတွေကို ပိုပြီး အထင်ကြီးသွားပြီ'

'ဘာလို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ သူ့နိုင်ငံကထုတ်တဲ့ ဒယ်အိုးတောင် ငရဲပြည်က ဝယ်သုံးအောင် ရောင်းတတ်လို့လေ'

'ဆမ်ဆောင်း ဒယ်အိုးပဲ ဖြစ်မယ်ထင်တယ်နော့'

'ဟုတ်မှာပေါ့ ကိုနန္ဒရယ်၊ ဒီကမ္ဘာမှာ ဆမ်ဆောင်းမရှိတဲ့နေရာ ဆမ်ဆောင်းကို မသိတဲ့နေရာမှ မရှိဘဲ'

'ဟုတ်တယ် ဒါပေမဲ့ ကိုရီးယားဇာတ်လမ်းတွဲကို မကြိုက်တော့ဘူး၊ အနုပညာဖန်တီးမှုနဲ့ သရုပ်ဆောင်မှုတွေကို လေးစားပေမယ့် ဇာတ်လမ်း ဇာတ်ကွက်တွေကို ရွံတယ်၊ အထင်သေးတယ်၊ ကိုရီးယား မိဘတွေပဲကြည့်ကြည့် သားသမီးတွေကိုပဲကြည့်ကြည့် ဘယ်သူမှ ကိုယ်ကျင့်တရား မကောင်းကြဘူး'

'ဟုတ်လို့လား ကိုနန္ဒ'

'သိပ်ဟုတ်တာပေါ့၊ မိဘတွေကလည်း ခပ်ရှုပ်ရှုပ်၊ သား





သမီးတွေကလည်း ခပ်တွေးတွေး၊ မကွာရှင်းဘူးတဲ့ အိမ်ထောင်သည် မရှိ၊ မဖောက်ပြန်ဘူးတဲ့ လူမရှိ၊ အဖေမပေါ်ဘဲ ကလေးမွေး၊ မွေးလာတဲ့ ကလေးကို မိဘမဲ့ဂေဟာပို့ ဒါမှမဟုတ် သူဌေးအိမ်တစ်အိမ်ရှေ့ သွားချ၊ ကြီးလာမှ မိဘရင်းနဲ့ သားသမီးပြန်ဆုံ ဇာတ်တွေရှုပ်၊ ဟာ… တကယ့်ကို ပတ်ချာလည်ပြီး ဆိုတာ အဲဒါမှ အစစ်'

'ခစ်… ခစ်… ခစ် ဟုတ်တယ်နော်'

'အဲဒါတွေ အမြင်အကြားများလာရင် မြန်မာတွေရဲ့ လူမှုဘဝနဲ့ အိမ်ထောင်ရေးစံနှုန်းတွေ ယိုယွင်းသွားနိုင်တယ်'

'ဟုတ်တာပေါ့၊ လမ်းဘေးဆိုင်မှာ မိန်းကလေးတွေ ဆိုဂျူသောက်ပြီး မူးကြရမ်းကြ လူမှန်းမသိဖြစ်ကြတာတွေကို အထင်ကြီးအတုယူတဲ့ အသိုင်းအဝိုင်းတွေ ရှိနေပြီ ကိုနန္ဒ'

'ဟုတ်တယ်၊ အဲဒါ ကိုယ်တို့ ရှုံးတာပေါ့၊ ဒါနဲ့ စောစောက သဘင်သည် တစ်မနက်ဆိုတာ ဘာကိုပြောတာလဲ ဝင်းဖန်'

'သြော်… အဲဒါက အကုသိုလ်စံနှုန်းကို ပြောတာပါ၊ မုဆိုးထက် တံငါက ပိုပြီး အကုသိုလ်များတယ်တဲ့၊ တစ်ခါ တံငါထက် တောင်ယာသမားက ပိုပြီး အကုသိုလ်ကြီးတယ်တဲ့၊ ပြီးတော့ တောင်ယာသမားထက် သဘင်သည်ရတဲ့ အကုသိုလ်က အဆရာထောင်မက ပိုများတယ်တဲ့ ကိုနန္ဒရဲ့၊ ပလာသ ငရဲဆိုတာ သဘင်သည် သီးသန့်ဆိုပဲ'

'သြော်'

'ဒါကြောင့် မုဆိုးတစ်သက် သဘင်သည်တစ်မနက်လို့ ပြောတာတဲ့၊ သဘင်သည်ဆိုတဲ့အထဲ ဝင်းဖန်တို့လည်း ပါတာပေါ့၊ အဲဒါကြောင့် ဒီဘဝကို ကြောက်ကြောက်လာတာပေါ့'

'အင်း… ကိုယ်သိပ်မရှင်းဘူး၊ မုဆိုးထက် တံငါက အကုသိုလ်များတယ် ဆိုတာ သဘောပေါက်ပေမယ့် တံငါထက် တောင်ယာသမားက ပိုတယ်ဆိုတာ သိပ်မရှင်းဘူး'

'ဝင်းဖန်လည်း မရှင်းဘူး၊ ဆရာတော် ရှင်းပြမှ သိခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



တောင်ယာအလုပ်က အရင်ဆုံးတောရှင်းပြီး အပင်တွေ မီးရှို့ရတယ်လေ၊ အဲဒီမှာတင် တောကိုမှီခိုတဲ့ သတ္တဝါတွေ၊ အပင်ကိုမှီခိုတဲ့ သတ္တဝါတွေ မရေမတွက်နိုင်အောင် သေရသတဲ့'

'ဟား… ဟုတ်တာပေါ့'

'ဒါနဲ့ မပြီးသေးဘူး၊ တောင်ယာကို ထွန်ယက်တဲ့ အခါမှာလည်း မြေအောင်းသတ္တဝါတွေ၊ အင်းဆက်တွေ သန်းနဲ့ ချီပြီး အသက်ဆုံးရသေးတာလေ၊ ဒီတော့ ရမယ့်အကုသိုလ်ကို တွက်သာကြည့်တော့'

'ဟုတ်ပါရဲ့ ဝင်းဖန့်ရယ်'

'သဘင်သည်ကျတော့ အရင်ဆုံး ကိုယ့်ကို ကြည့်ကောင်းအောင် ပြင်ဆင်ချယ်သပြီဆိုတာနဲ့ ကိုယ့်ကို နှစ်သက်အောင် ဖွဲ့လန်းအောင် ရည်ရွယ်လိမ်းချယ်တာမို့ ဘာမှ မပြောခင် မကခင်မှာတင် အကုသိုလ်က တော်တော်ကြီးနေပြီတဲ့'

'ဟူး… မလွယ်ပါလား'

'ပြီးတော့ မဟုတ်တာကို အဟုတ်ထင်အောင် မရှိတာကို မရှိထင်အောင် အကုသိုလ်တွေ လုပ်ပြ ငိုပြ ရယ်ပြ ဒါကို ကြည့်တဲ့လူတွေက အဟုတ်လို လိုက်ခံစားပြီး ဒေါသတွေဖြစ် သောကတွေများ လောဘတွေထားလာတတ်တာမို့ သဘင်သည်အလုပ်က ကမ္ဘာလုံးဆိုင်ရာ အကုသိုလ် ဒစ်စထရီဗျူးရှင်းလို့ ပြောတာ'

'ဖြန့်ချိရေး အေးဂျင့်ပေါ့'

'ဟုတ်တယ် ကိုနန္ဒ၊ ဝင်းဖန့်ကတော့ အခြေအနေပေးရင် ဒီလောကက ရုန်းထွက်ချင်နေပြီ သိလား'

ဝင်းဖန့် ဆွေးနွေးချက်များက တကယ် အဓိပ္ပာယ်ရှိသဖြင့် နန္ဒလည်း ကိုယ့်အနုပညာနှင့်ကိုယ် မာန်တက်နေမှုအား သံသယဖြစ်သွားရသည်။ ကားက အရှိန်မှန်မှန်နှင့် ပြေးသွားနေသလို စိတ်စေတသိက်ကလည်း အသံထက်မြန်သည့်နှုန်းနှင့် အပြေးအလွှားသွားလျက်ရှိ၏။

သွားပါများ ခရီးရောက် ဆိုစကားအတိုင်း ကုက္ကိုင်းရေကူး





ကလပ်သို့ ရောက်လာခဲ့ကြ၏။ ကန်ဘေးတွင် ထိုင်ကာ သူများတွေ ရေကူးတာကို ငေးရင်း အအေးသောက်ဖြစ်ကြသည်။ ခဏနေတော့ ဝင်းဖန့် အဆောင်ထဲဝင်သွားကာ ရေကူးဖို့ ပြင်ဆင်နေတော့၏။

ရေကူးဝတ်စုံနှင့် ထွက်လာမည့် ဝင်းဖန့်၏ အလှကို ကြိုတင်မြင်ယောင်ခံစားရင်း ကြိုပြိုင့်ရင်ခုန်မှုက ရစ်ချက်တာစကေး ၄.၅ ကျော်နေခဲ့ပြီ။

ဝင်းဖန့် ကံကောင်းသည်လား ကံဆိုးသည်လား မသိ။ ဇာတ်ကားများထဲတွင် ရေကူးဝတ်စုံနှင့် ရိုက်ဖူးခြင်း မရှိသေး။ ထိုသို့သာ ရိုက်ဖူးလျှင် အကုသိုလ် ဒစ်စတီဗျူတာအဖြစ် ပရိုမိုးရှင်းပင် ရလောက်၏။

ဟော… မျှော်တုန်းမျှော်ဆဲ ဝင်းဖန့်မွေးပွတဘက်နှင့် အောက်ပိုင်းကို ပတ်၍ ထွက်လာပြီး ဆင်မယဉ်သာ ဟန်နှင့် နန္ဒထံ လျှောက်လှမ်းလာ၏။ အနားရောက်မှ ကန်ပေါင်တွင်ထိုင်ကာ တင်ပါးကိုကွယ်၍ တဘက်ကို ဖယ်ရှားပြီး နန္ဒထံ ပစ်ပေးလိုက်သည်။ နန္ဒ ထိုတဘက်ကို လှမ်း၍ ဖမ်းယူသည့် အခိုက်မှာပင် ဝင်းဖန့် ရေသူမဖြစ်သွား၏။

နန္ဒ အားနာပါးနာနှင့် နေကာမျက်မှန်ကောက်တပ်လိုက်သည်။ ပြာလဲ့လဲ့ရေပြင်နှင့် ဝင်းဖန့်ဖန့် ဝင်းဖန့်၏ ရောင်စဉ်တို့ အပြောင်းအလဲဖြစ်သွား၏။ ရေလွှာထက်မှာ ဝင်းဖန့် လိပ်ပြာဖြစ်လိုက် ဖားဖြစ်လိုက်နှင့် လှပစွာ ကူးခတ်နေသည်။ နန္ဒ မျက်နှာကို မသိမသာ လွှဲထားသော်လည်း အကြည့်ကို လွှဲ၍ မရ။

ဝင်းဖန့်၏ ကာယအလှ ဖမ်းစားမှုကို ကြည်ကြည်နူးနူးနှင့် လိုလားနှစ်သက်စွာ ခံစားနေမိသည်။ ရှိက်ကြီးဖိုငယ် အသွယ်သွယ်တို့က ပိုင်ဆိုင်လိုစိတ်ကို နှိုးဆွ တိုက်တွန်းနေ၏။

နန္ဒ ရင်မောလာခဲ့ပြီ။ ဖောက်ပြန်လာသည့် ကိုယ့်စိတ်ကို ထိန်းသိမ်းနိုင်ရန် အသင့်ထားပေးသော ဂျာနယ်စင်မှ တွေ့ရာတစ်စောင်ဆွဲယူကာ စိတ်မဝင်စားဘဲ ဟိုလှန်ဒီလှန်လုပ်နေလိုက်၏။ ဝင်းဖန့်

www.burmeseclassic.com



ရေထဲမှာ နာရီဝက်လောက် အပန်းဖြေကူးခတ်ပြီးတော့ ကန်ပေါင်ကို လက်တင် တွဲခို၍…

'ကိုနန္ဒ ပျင်းနေပြီလား'

'ရပါတယ် ဝင်းဖန့်ရယ်'

'အလျားလိုက် နှစ်ခေါက်ကူးပြီးရင် ဝင်းဖန့်တက်မယ်၊ ပြီးရင် ပင်လယ်စာ မှာစားမယ်၊ ကိုနန္ဒ တဘက်ကို အဆင်သင့်လုပ်ထားနော်'

'အိုကေ… ဝင်းဖန့်'

ဝင်းဖန့်က အမှာတော်ပါးပြီးနောက် ကန်၏ နံရံကို ခြေစုံကန် တွန်းထွက်လျက် ကျင်လည်စွာ ကူးခတ်သွားသည်။ နန္ဒ တဘက်ကို ကိုင်၍ ကန်ပေါင်တွင်ထိုင်ရင်း အသင့်စောင့်နေလိုက်၏။ ခါးကိုနွဲ့၊ တင်ကိုရမ်း ခြေကို လှုပ်ခတ်၍ တလူးလူး တလွန့်လွန့် ကူးသွားသော ဝင်းဖန့်ကို ကြည့်ရင်း နန္ဒလည်တိုင်မှ ဇလုပ်က နိမ့်တုံမြင့်တုံ ဖြစ်လျက် ရှိသည်။

တစ်ဖက်ကန်ပေါင်သို့ ရောက်သွားသော ဝင်းဖန့် ပြန်အလှည့် မှာ ပက်လက်ကူး ကူးကာ ပြန်လာနေ၏။ ဝင်းဝါသွယ်ပြောင်းသော လက်နှစ်ဖက်၏ စည်းချက်ကျကျ လှုပ်ရှားမှုနှင့်အတူ ရွှေရင်နှစ်မြွှာက ရေတွင် နစ်လိုက်ပေါ်လိုက် ဖြစ်နေသည်။ နန္ဒ ခေါင်းကို ခါရမ်းရင်း မျက်စေ့ကို စုံမှိတ်ထားရသည်။

နန္ဒ နားသို့ ဝင်းဖန့်ရောက်လာတာပင် မသိလိုက်၊ ဝင်းဖန့် ခေါ်သံကြားမှ မျက်စေ့ဖွင့်ကြည့်မိ၏။ ဝင်းဖန့်က လက်ရန်းကို အားပြု ရင်း တက်လာသည်။ နုညက်ဝင်းဖန့် စိုပြည်နေသည့် ဝင်းဖန့်အသား စိုင်များပေါ်မှ ရေစက်တို့ လျှောကျလာပုံက ကြည့်လို့ပင် ကောင်းသေး တော့။

'မျက်စေ့ထဲ ဘာဝင်လို့လဲ ကိုနန္ဒ'

'ဝင်းဖန့် ဝင်သွားတာ ခုလု ခုလု မျက်တက် မျက်တက်နဲ့'

'သွား… လူဆိုး'

နန္ဒလှမ်းပေးသော တဘက်နှင့် ခါးကို ပတ်၍ ဝင်းဖန့်ရေချိုး





ခန်းဆီ လျှောက်သွား၏။ ရေကူးကန်ဝန်းကျင်မှ ပုရိသအပေါင်း သမင်လည်ပြန်နှင့် ခေါင်းတွေ ဘယ်ညာစောင်းကုန်ကြ၏။ လွန်စွာ နားပါးလျှင် ယောကျ်ားသားများ၏ သက်ပြင်းချသံ၊ တံတွေးမျိုချသံ တို့ကို ကြားရမည်ဟု ယုံကြည်နေမိသည်။ ဒီနေ့သာ သူ့ကို အဖြေပေး လျှင် တစ်ခါတည်း နိုးပြေးမိမတတ် စိတ်တွေလှုပ်ရှားနေ၏။

နာရီဝက်ခန့်ကြာမှ အလှပြင်ဆင်ပြီး ဝင်းဖန့်ထွက်လာသည်။ နန္ဒ ထရပ်ကြိုဆိုလိုက်၏။ အကောင်းစား အဝတ်အစားများ ဖုံးလွှမ်း ထားသော်လည်း ဝင်းဖန့်အလှတရားတွေက ရုန်းကြွပြူထွက်လျက် ရှိသည်။

'ဆာနေပြီလား ကိုနန္ဒ'

'ရေးကူးလိုက်ရတဲ့ ဝင်းဖန့်က ပိုဆာနေမှာပေါ့'

'ဟုတ်တယ် ကိုနန္ဒ၊ ခုချိန်မှာ ဘာကိုပဲ စဉ်းစား စဉ်းစား အရမ်းကို စားချင်နေပြီ'

'ဒါဆို သွားမယ်လေ'

နန္ဒနှင့် ဝင်းဖန့် နှစ်ကိုယ်ယှဉ်တွဲ၍ စားသောက်ခန်းမဆီ ဝင်လာကြ၏။ အပြင်စားသောက်ဆိုင်တွေလို စုံစုံလင်လင်တော့ မရ၊ ပင်လယ်စာ ထမင်းပေါင်းနှစ်ပွဲသာ မှာလိုက်ရ၏။

'ဝင်းဖန့်… အနုပညာလောကက ထွက်ရင် ဝင်းဖန့်ကို စိတ် ချမ်းသာအောင် ထားဖို့ ကိုယ်ကြိုတွေးပြီး ပြင်ဆင်နေပြီ သိလား'

'အမယ်… ဘယ်သူက တာဝန်ပေးလို့လဲ'

'ကိုယ်က တာဝန်ယူချင်နေတာလေ၊ တောင်ငူက ကိုယ်တို့ ကွမ်းခြံထဲမှာ ချစ်စရာကောင်းတဲ့ သစ်သားအိမ်လုံးချင်းလေး ရှိတယ်၊ ကွမ်းပင်ရိပ်တွေ ကြားထဲမှာ သိပ်ပြီး နေလို့ကောင်းတာပေါ့၊ ရေထွက် ကောင်းတဲ့ ရေတွင်းတစ်တွင်းလည်း ရှိတယ်၊ အရမ်းအေးချမ်းတာပဲ'

'ဘာလဲ စည်းရုံးရေး ဆင်းနေတာလား'

'အဟင်း… ချစ်ရင်း စည်းရုံး၊ စည်းရုံးရင်းချစ် ဆိုသလိုပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဖြည်းဖြည်းပေါ့ ကိုနန္ဒရယ်၊ လက်ဖက်ကောင်းစားချင်ရင်…'

'စူပါမားကတ်ကို သွားရတယ်လေ ဟုတ်တယ်မို့လား'

ဝင်းဖန့်စကားမဆုံးခင် နန္ဒက ဖြတ်ပြောလိုက်သဖြင့် နှစ်ယောက်သား ခိုးခိုးခစ်ခစ် ရယ်လိုက်ကြ၏။ ဝင်းဖန့်ကော နန္ဒပါ စားကောင်း သောက်ကောင်း စကားပြောကောင်း ဖြစ်နေကြသည်။

'ကိုယ့်အဖေက သူ့လုပ်ငန်းကို အမွေပေးချင်နေပြီ၊ ခဏခဏ ပြန်ခေါ်နေတာ ကိုယ်သာ အဲဒီအလုပ် အမွေဆက်ခံရင် ဝင်းဖန့်ကိုယ့် အမေလို စိတ်ချမ်းချမ်းသာသာနဲ့ အေးအေးဆေးဆေး နေလို့ရတယ်'

'အာမခံချက်တွေ ပေးနေလိုက်တာ ကိုနန္ဒရယ်'

'ဘဝမှာ အဆင်ပြေပြေနဲ့ စိတ်အေးချမ်းသာ နေခွင့်ရရင် ပြီးပြည့်စုံပြီလို့ လူတွေ အမြဲတောင့်တနေကြတယ် မဟုတ်လား'

'ဟုတ်ပါတယ် ကိုနန္ဒ၊ ဝင်းဖန့်လည်း အဲလိုပဲ အေးအေးချမ်းချမ်း နေချင်တာပါ'

'ဒါဆို ဝင်းဖန့် လိုလားမျှော်လင့်တာတွေ အားလုံး ကိုယ့်ဆီက ရနိုင်ပါတယ်ကွာ'

'အမလေး… အရောင်းမြှင့်တင်ရေး ဝန်ထမ်းကျနေတာပဲ'

'ဟုတ်တယ်လေ အချစ်ထုတ်ကုန်တွေ ကိုယ့်မှာ ဖုံးပေါ်လအောဖြစ်နေလို့'

စကားတွေ ခဏနားပြီး အစားဘက်လှည့်လိုက်ကြ၏။ စားသောက်ပြီး သွားကြသည့်အခါ…

'ဝင်းဖန့်… ဘယ်သွားချင်သေးလဲ'

'မသွားတော့ဘူး ကိုနန္ဒ၊ ဖုန်းပါထားခဲ့လို့ မေမေ စိတ်ပူနေမှာ ဒီမှာ ထမင်းလုံးစီပြီးရင် ပြန်မယ်လေ'

'အင်း… ကြည်နူးစရာ အချိန်တွေ ကုန်ဆုံးတာလည်း မြန်လိုက်တာ ဝင်းဖန့်ရယ်၊ ဒါဆို မနက်ဖြန်ကော'

'ကိုနန္ဒ… ရှုတင်မရှိဘူးလား'





'ရှိလည်း ဝင်းဖန့်အတွက်ဆို အားတယ်'

'အဲလို မလုပ်ပါနဲ့ ကိုနန္ဒရယ်၊ အလုပ်က ပိုအရေးကြီးပါတယ်၊ ဝင်းဖန့်လည်း အမေ့ကို သနားလို့ အပြင်မထွက်တော့ဘူး၊ အိမ်မှာပဲ ဇာတ်ဖတ်ပြီး စိတ်သွင်းလိုက်ဦးမယ်၊ ဝင်းဖန့် ကတိပေးထားပြီးပြီပဲ၊ အိမ်ထောင်ရေးစဉ်းစားရင် ကိုနန္ဒ ရှေ့ဆုံးကပါလို့'

'လောကကြီးမှာ ကြားဖြတ်လုဝင်ပြီး နေရာယူတတ်တဲ့ သူတွေ ရှိတယ်လေ'

'စိတ်ပူတတ်လိုက်တာ ကိုနန္ဒရယ်၊ လျှောင်ကြောပေါ်မှာ ဆောက်ထားတဲ့ ကန်ထရိုက်တိုက်မှာ နေတဲ့သူ ကျနေတာပဲ'

'ဟဲ… ဟဲ ချစ်တာကိုး ပိုင်ဆိုင်ချင်တာကိုး ဝင်းဖန့်ရဲ့'

'တော်ပါ ဗီဒီယိုထဲမှာ ပြောတဲ့ စကားတွေ'

'ဟား… ဟား… ဟား မင်းသမီးကို ရည်းစားစကားပြောရတာ မလွယ်ပါလားနော်၊ သရုပ်ဆောင်တဲ့ ကားတိုင်းမှာ အပြောခံနေရတော့ မတိုးတော့တဲ့ သဘောလား'

'ဟုတ်တယ် ငါးသိုင်းများပြီး ဟင်းဟုန်နေတာ'

'ကဲ… ဝင်းဖန့်စိတ်နဲ့ နှလုံးသားက အလိုလိုယိုစိမ့်ကျလာမယ့် အချိန်ကိုပဲ ကိုယ်စိတ်ရှည်ရှည် စောင့်ပါတော့မယ်ကွာ'

'ကျေးဇူးပဲ ကိုနန္ဒ၊ ကဲ… ပြန်ကြစို့'

ဝင်းဖန့်အပ်ထားသော ငါးထောင်တန်များနှင့် သူဌေးစတိုင်ဖမ်းကာ ငွေရှင်းလိုက်၏။ ပြီးတော့ အတူထွက်လာခဲ့ကြတော့သည်။ အပြန်ခရီးမှာ နှစ်ယောက်လုံး နှုတ်ဆိတ်နေကြသော်လည်း နန္ဒခိုးကြည့်တိုင်း ဝင်းဖန့်ကြည့်နေတာနှင့် ဆုံပြီး တစ်ယောက်ကို တစ်ယောက် ရှက်နေမိကြ၏။ နန္ဒက ပိုငွေငါးထောင်တန်များ ပြန်ပေးလိုက်သည်။ သိပ်မကြာခင်မှာပင် ဝင်းဖန့်တို့ ကွန်ဒိုသို့ ပြန်ရောက်၏။ ကားသော့ ပြန်အပ်ရင်း နှုတ်ဆက်လိုက်သည်။

ချစ်သူ၏ လန်းလန်းလတ်လတ် အပြုံးကို တခုတ်တရ သယ်ဆောင်ရင်း နန္ဒပြန်လာခဲ့၏။ ရင်ထဲမှာတော့ အာကာသဟင်းလင်းပြင်ပို



www.burmeseclassic.com

www.burmeseclassic.com



ဟာတာတာဖြစ်ပြီး နှလုံးသားပါ လွင့်မျောသလို ဖြစ်နေခဲ့သည်။ တက္ကစီတားဖို့ လမ်းထိပ်တွင် ရပ်လိုက်စဉ် ဖုန်းမြည်လာ၏။ ဝင်းဖန့်ဆီက ဖုန်းမို့ ကမန်းကတန်း နားထောင်မိသည်။

'ကိုနန္ဒ… ကားရပြီလား'

'မရသေးဘူး စောင့်တုန်း'

'ပြောစရာရှိလို့ ခု ဝင်းဖန့် တိုက်ဝရန်တာက လှမ်းဆက်နေတာ'

ဝင်းဖန့်အပြောကြောင့် တိုက်ဆီသို့ လှမ်းကြည့်မိ၏။ ဝရန်တာမှ လက်ပြနေသော ဝင်းဖန့်ကို မြင်ရသည်။ နန္ဒလည်း လက်ပြန်ပြပြီး…

'ပြောလေ ဝင်းဖန့်၊ မနက်ဖြန်လည်း ထပ်တွက်ဦးမလို့လား'

'မဟုတ်ဘူး အရေးကြီးကိစ္စပြောမလို့၊ ဒီနေ့က စပြီး တစ်နှစ်ပြည့်တာနဲ့ မင်းသမီးဘဝကို စွန့်လွှတ်တော့မယ်'

'ကောင်းတာပေါ့'

'ပြီးတော့လေ…'

'အင်း'

'ဝင်းဖန့်… ကိုနန္ဒတို့ ကွမ်းသီးခြံလေးထဲက အိမ်မှာလိုက်နေမယ်'

'ဟင်… ဝင်း… ဝင်းဖန့်… ဒါ… ဒါဆို'

'ဟုတ်တယ်၊ ဝင်းဖန့်လေ ကိုနန္ဒကို ချစ်တယ်'

'ဟာ… ဝင်းဖန့်ရယ်၊ တစ်နေကုန် အတူရှိနေတုန်းက မပြောဘဲ ခုမှ ဖုန်းဆက်ရလား'

'အဲဒါ အန္တရာယ်မကင်းဘူးလား'

'လူလည်မ… ဝင်းဖန့် သိပ်လူလည်ကျတာပဲ'

'ကြောက်လို့ပါ ကိုနန္ဒရယ်၊ ဒါပဲနော်… တာ့တာ'

အသံရပ်သွားသလို လူကလည်း လက်ပြနှုတ်ဆက်၍ တိုက်ထဲဝင်သွား၏။ နန္ဒမှာ သိန်းတစ်ထောင်ဆုပေါက်သည့် ထီလက်မှတ်





ရေစိုစုတ်ပြဲ ပျက်စီးတာကြုံရသလို ခံစားလိုက်ရ၏။ ဒေါ်ယဉ်ကြည့်ပါးစပ်ကို ကြောက်၍ အပေါ်လည်း မသွားဝံ့သလို ဖုန်းဆက်လို့လည်း မကောင်း၊ တွေ့ချင်လို့လည်း မရတော့ချေ။

သို့သော် ဒီလို ဝမ်းသာစရာကောင်းသည့် အဖြစ်ကို သူတစ်ယောက်ယောက်အား မျှဝေနေချင်မိ၏။ လောလောဆယ် သူ့နားမှာ ဘယ်သူမှမရှိ။ ဘယ်သူ့ကို ရင်ဖွင့်ရမှန်း မသိ။ နို့လို့ခုလု ဖြစ်နေသည်။

နောက်ဆုံးတော့ တောင်ငူကိုပဲ ဖုန်းခေါ်လိုက်ရသည်။

'ဟဲလို… မေမေလား'

'ဟုတ်ဘူး မမ'

'ဩော်… မမ အားလုံးနေကောင်းကြတယ်နော်၊ မောင်လေး မေမေနဲ့ ပြောစရာရှိလို့'

'အင်း… အင်း… ခဏလေး'

ရင်ဖွင့်စရာ လူမရှိသည့်အတူတူ အမေ့ကို ပြောပြထားတာပဲကောင်းသည် မဟုတ်လား။ ဘာပဲပြောပြော ဖွင့်ထုတ်လိုက်ရ၍ ရင်ပေါ့သွားမှာ သေချာသည်။

'သား… သားလေး လား'

'ဟုတ်ကဲ့ မေမေနေကောင်းတယ်နော်၊ အခု အဖေအိမ်မှာရှိလား'

'မရှိဘူး သား၊ ပွဲရုံသွားတယ်'

'ဟင်း… ဟင်း အဖေ့ကို ပြောလိုက် ဒီနေ့ကစပြီး တစ်နှစ်ပြည့်တဲ့နေ့မှာ တောင်ငူပြန်လာပြီး အဖေ့လုပ်ငန်းကို အာဏာသိမ်းမယ်လို့'

'သား… မင်းတကယ်ပြောတာလား'

'တကယ်ပေါ့ အမေရ'

'ဘယ်လိုဖြစ်ပြီး အတွေးတွေ ပြောင်းသွားတာလဲ၊ အသံကလည်း ရွှင်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဟဲ အမေ့ချွေးမ အလိမ်မာကို အိမ်ကို အပါခေါ်ခဲ့မလို့လေ'

'ဟယ်… တကယ် ဘယ်သူလဲ ဝင်းဖန့်လေးနဲ့လား'

'ဒါပေါ့ မေမေရ၊ သူလည်း တစ်နှစ်ပဲ အနုပညာအလုပ်လုပ်တော့မှာ ပြီးရင် သားတို့နှစ်ယောက်လုံး နားပြီး သာမန်လူတွေအဖြစ်နဲ့ပဲ ဘဝကို တည်ဆောက်သွားမှာ'

'ကောင်းလိုက်တာ သားရယ်၊ အဲဒီတစ်နှစ်တောင် အမေမစောင့်ချင်တော့ဘူး'

'ဟား… ဟား သားထက် အမေက ပိုဆိုးပါလား'

'ဝမ်းသာလို့ပါ သားရယ်'

'မေမေ… ဒီကိစ္စ ထိပ်တန်းလျှို့ဝှက်နော်'

'အင်းပါ သားရဲ့၊ အလျှုခံမဏ္ဍပ်သွားပြီး မိုက်နဲ့ အော်ပြီးရင် ဘယ်သူ့မှ မပြောတော့ပါဘူး'

'ဟား… ဟား… ဟား သိပ်နောက်တဲ့ မေမေပဲ၊ ကဲ… ဒါပဲနော် ကျန်းမာရေးဂရုစိုက် မေမေ'

'အေးပါ၊ အေး… အေး ဒါပဲ… ဒါပဲ'

ဖုန်းပိတ်ပြီးတော့လည်း သူ ဘာဆက်လုပ်ရမှန်း မသိ။ သို့နှင့် အပျော်စိတ်၏ ပြင်းအားကို ဘီယာရော၍ ဖော့ပစ်လိုက်ရန် လစ်ကာဟောက်စ်သို့ ချီတက်ခဲ့တော့၏။

ပြီးတော့ အခြေအနေက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုသာ အားကိုးကြရမည်။

□ □ □



## အခန်း(၁၀)

နာမည်ကျော်မင်းသမီး၏ ရည်းစားဖြစ်ရသည်မှာ ချစ်သူစုံတွဲတို့၏ ချစ်မှုဆိုင်ရာ အခွင့်အရေးများ အကြီးအကျယ်ဆုံးရှုံးရ၏။ ဒီလိုသတင်းက အတင်းအဖြစ်နှင့် အင်တာနက်ပေါ်အထိ ရောက်သွားနိုင်သည်။ ဒီတော့ သိုသိုသိပ်သိပ် နေရသည်။ သူနှင့် ဝင်းဖန့် ဖုန်းနှင့်သာ ဆက်သွယ်ပြောဆိုကာ ချစ်ရည်လူးရ၏။

ဝင်းဖန့်ဆန္ဒအတိုင်း ဒီလောကက လူတွေ မသိစေရန် ထိန်းသိမ်းနေရသဖြင့် ဘယ်သူကိုမှလည်း ကြွားလို့မရ၊ ချိန်းတွေ့လို့လည်း မဖြစ်နှင့် နန္ဒ စိတ်ဆင်းရဲနေရသည်။ ဒီလို အခြေအနေမျိုးနှင့် တစ်နှစ်ဆိုသည့် ကာလကို ဘယ်လိုဖြတ်သန်းရမှန်း မသိ။ ရှုတင်မှာလည်း သူနှင့်ကိုယ် နေ့စဉ်ဆုံဖို့ဆိုတာက မဖြစ်နိုင်။ သူပါသည့် ကားမှာ ကိုယ်က မပါ။ တစ်ခါတလေ ကိုယ်က နယ်သို့ပါသွားနှင့် ကွဲဖန်ပြီး လွဲနေ၏။

ထိုအခါ နန္ဒ ဖုန်းကတ်ခဏခဏ လဲလာရသည်။ နှစ်သောင်းတန်ကတ်တောင် တစ်ပတ်မခံ။ သို့သော် မတတ်နိုင် ရုပ်မမြင်သံကြား ဆက်သွယ်ရေး နည်းလမ်းသာ ရှိသဖြင့် ထိုနည်းကိုသာ တွင်တွင်ကျယ်ကျယ် သုံးနေရသည်။ ဒါတောင် လွတ်လွတ်လပ်လပ် မဟုတ်။ နိုက်ဆင်းမရှိသည့်နေ့ ဒေါ်ယဉ်ကြည် အိပ်ပျော်သွားမှသာ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောရခြင်း ဖြစ်၏။ ထိုပုံစံအတိုင်း နှစ်လကျော် သုံးလနီးပါးဖြစ်လာ၏။

ပုံမှန် ည ဆယ့်တစ်နာရီနှင့် ဆယ့်တစ်နာရီခွဲကြားတွင် ဖြိုဟ်တုမှတစ်ဆင့် ဆုံလေ့ရှိကြ၏။ ဖုန်းကေဘယ်ကြိုးများမှ တစ်ဆင့်အနမ်းပျံ့ လက်ဆောင်မွန်ပေးပို့ရ၏။ ဒါ သူတို့ချစ်သူဘဝ၏ အပြင်းထန်ဆုံး ဆုံဆည်းမှုသာ ဖြစ်သည်။ တစ်ညမှာတော့ နန္ဒ မအောင့်အည်းနိုင်စွာဖြင့် တောင်းဆိုမိသည်။

'ဝင်းဖန့်… နှစ်ယောက်တည်း တွေ့ချင်တယ်ကွာ'

'အို… ဘယ်လိုဖြစ်တာလဲ ကိုရယ်၊ ခုလိုက မကောင်းဘူးလား'

'မကောင်းဘူး၊ ဝင်းဖန့်လည်း ဗီဒီယိုထဲမှာ ကားတိုင်း ရည်းစားထားပြီး လင်ရနေတာပဲ မဟုတ်လား၊ ဘယ်သမီးရည်းစား စုံတွဲက ချိန်းမတွေ့ဘဲ နေလို့လဲ'

'အဲဒါ ဗီဒီယိုထဲမှာ ကိုရဲ့'

'ဟာ… အပြင်မှာဆို ပိုဆိုးတာပေါ့၊ လုပ်ပါကွာ တစ်ခါလောက်ပဲ ချိန်းတွေ့ခွင့်ပေးပါ၊ ကို သုတေသန လုပ်စရာရှိလို့'

'ဘာ သုတေသနလဲ'

'မိတ်ကပ်တို့ လိုရှင်းတို့ ဆိုတာ ဓာတုဆေးဝါး အန္တရာယ်ရှိတယ် မဟုတ်လား၊ ဝင်းဖန့်ပါးမှာ ဓာတုအဆိပ်သင့်မသင့် ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးစမ်းသပ်ကြည့်ချင်လို့ပါ'

'သွား'

'သွားမယ် ဟိုတယ်က K.T.V ခန်းကို'

'ကို နော်'

'ဝင်းဖန့်ကို ဖက်ပြီး သီချင်းဆိုရုံလေးပါကွာ နော်'

'အင်း… ဒါဆို ဒီလိုလုပ် ချစ်သက်တမ်း သုံးလပြည့်တဲ့နေ့ကျရင်…'

'တွေ့ကြမယ်ပေါ့'





'ဟင့်အင်း အိမ်မှာ ဘုန်းကြီးဆွမ်းကပ်ပြီး အလှူလုပ်မလို့'

'ဝင်း ဖန့်'

'ဘာလဲ ကိုရဲ့'

'မနောက်နဲ့ကွာ'

'မနောက်ဘူး ပြောပြီးပြီလေ၊ အဲဒီနေ့ကျရင်လို့'

'ကတိနော်'

'အင်း'

'ဟင်း… ဟင်း တွေ့လို့ကတော့ကွာ'

'ဟိုးဆရာ ဟိုး အဲလိုဆို မတွေ့ဘဲနေလိုက်မှာနော်'

'ကဲပါ… ကိုလည်း မကဲပါဘူး၊ ကတိပေးတယ် ဟုတ်ပြီလား'

'ဒီလို လိမ္မာစမ်းပါ ကိုရာ၊ ကိုင်း… ဘိုင့်ဘိုင်'

ဒါလား သမီးရည်းစားဘဝ ဖုန်းကို ပိတ်ရင်း နန္ဒစိတ်ပျက်စွာ တွေးလိုက်မိ၏။ ဝင်းဖန့်သာ မင်းသမီး မဟုတ်ရင် ကောင်းမှာပဲဟု မချင့်မရဲ တွေးမိသည်။ သို့သော် လူထဲက လူပီပီ တစ်နေ့နေ့မှာတော့ ချစ်သူရည်းစားဘဝကို ပီပီပြင်ပြင် ရရှိလိမ့်မည်ဟု မျှော်လင့်ရင်းနှင့်သာ…

ဝင်းဖန့် ကတိပေးထားသည့် သုံးလမပြည့်ခင် ဆယ်ရက်အလိုလောက်တွင် ရှုတင်တစ်ခုတွင် လုပ်ဖော်ကိုင်ဘက်များအဖြစ် ဆုံခွင့်ရခဲ့သည်။ ဒေါ်ယဉ်ကြည်မှာ ပိုလို့ပင် ဂုဏ်မောက်၍ မာရေကြောရေ ပိုဖြစ်နေသည်။ ဟိုးတစ်ခါ ဒါရိုက်တာ မီးကျိုခဲကိစ္စနှင့် ပတ်သက်ပြီး ဝင်းဖန့်ပြောထားသဖြင့် အလုပ်စကားပြောရာတွင် ဝင်မစွက်ဖက်တော့သော်လည်း ရှုတင်အဖွဲ့သားများနှင့် ဆက်ဆံရေးကတော့ ဆိုးဝါးလျက်သာ။

မင်းသမီးက ခေါက်ကုလားထိုင်နှင့် ထိုင်သော်လည်း သူက ဒရင်းဘက်ကြီးပါ ယူလာပြီး စိမ်ယူတတ်သည်။ အဖော်အနေနှင့် ဒရိုင်ဘာ၊ သော်သော်တို့အပြင် ဆယ့်သုံးနှစ်ဝန်းကျင် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လည်း ခေါ်လာ၏။ မင်းသမီးတစ်ယောက်တည်းအတွက် ရှူတင်ထမင်း ခြောက်ယောက်စာအပြင် ဟင်းပိုပါယူသည်။ ကိုယ်က လူတစ်ယောက် အပိုခေါ်လာ၍ ဟင်းပိုကို လျှော့ယူမည် မရှိ။

နယ်သွားလျှင်လည်း ဟိုတယ် ဖင်မလိခန်းရမှ တည်းခိုခန်းဆို မလိုက်၊ လေယာဉ်ကွင်းရှိသည့် မြို့ဆို အသွားအပြန် လေယာဉ်နှင့်မှ ကိုယ့်ကားနှင့်ကိုယ် လာရလျှင် ဆီဖိုးတောင်း စသည်ဖြင့် ရသမျှ အခွင့်အရေး ဖွတ်တောင်းယူသည်။ အားနာပါးနာနှင့် လျှော့မည်ဆိုတာ ဒေါ်ယဉ်ကြည်သမိုင်းမှာ မရှိ။

တစ်ခါ ကားတစ်ကား ရိုက်ပြီးတိုင်း ပေးရသည့် အကြွင်းနာ မုန့်ဖိုး ထုံးစံကိုပင် ပယ်ဖျက်ချင်သူ ဖြစ်၏။ မကောင်းတတ်သည့်အဆုံး ကင်မရာတစ်ဆိုင်းကို နှစ်သောင်းပဲ ပေးတာမျိုးတွေ လုပ်လာသည်။ ဒါတွေကိုသိတော့ ဝင်းဖန့်က သူ့အမေမသိအောင် ပြန်ဖြည့်ပေးနေ သဖြင့်သာ လုပ်ငန်းခွင် အဆင်ပြေနေခြင်း ဖြစ်၏။

နန္ဒလည်း ခပ်တည်တည်ပဲ နေလိုက်သည်။ ရှူတင်မှာ ပက် ပင်းဆုံတော့လည်း မေးထူးခေါ်ပြောလောက်ကတော့ မဖြစ်မနေလုပ်ရ သေးသည်။

'အန်တီ နေကောင်းတယ်နော်'

'ကောင်းပါတယ် လူက…'

'ဟောဗျာ ဘယ်ဟာက မကောင်းဖြစ်နေတာလဲ အန်တီရဲ့'

'စိတ်လေ စိတ်၊ သမီးနောင်ရေးတွေးပြီး ပေါက်လွတ်ပဲစား တွေနဲ့ ညားသွားမှာစိုးနေလို့ စိတ်ဆင်းရဲနေရတာ'

သူ့ကို ရည်ရွယ်ပြီး စောင်းပြောနေမှန်း သိသဖြင့် နန္ဒ ရယ် ရွှန်းပတ်ရွှန်း ပြန်ပြောရ၏။

'ဝင်းဖန့်က လိမ္မာပါတယ်၊ ကျွန်တော့်ကိုတောင် ပြောနေသေး တာ အိမ်ထောင်ပြုရင် မြန်မာပြည်က မင်းသားတောင် မစဉ်းစားဘူးတဲ့ အနည်းဆုံး ဘောလီးဝုဒ်ကမှတဲ့'





'အေး… ဘောလီးဝုဒ်တော့ကော ဘာဖြစ်လဲ အမိတာဘဂျန်း လို အဘိုးကြီးနဲ့ပဲရရ မရှုံးဘူး'

'ဟာ… ရှုရှတ်ခန်းလောက်တော့ မှန်းပါ အန်တီရာ'

'အေး… မှန်းသင့်မှန်းရမှာပဲ၊ မိဘဆိုတာ ကိုယ့်သမီးကိုယ် ကိုရီးယားမင်းသားနဲ့ ညားပြီး ကိုယ်ပိုင်လေယာဉ်ပျံစီးတာပဲ မြင်ချင်တာ ပေါ့'

'ဟာ… အန်တီကလည်း ကိုရီးယားနဲ့ ညားရင် ယောက္ခမ အိမ် လိုက်နေရပြီး တစ်အိမ်လုံးရဲ့ ဘုံကျွန်ဖြစ်သွားမှာပေါ့၊ အန်တီ ဇာတ်လမ်းတွဲတွေ မကြည့်ဖူးဘူးလား'

'ဘာပဲဖြစ်ဖြစ် မြန်မာပြည်က ထောင်ကျော်တန်တိုက်ကြီးနဲ့ နေပြီး ရာကျော်တန်ကားပဲ စီးနိုင်တဲ့ သူထက်စာရင်တော်သေးတာပေါ့'

တကယ်မလွယ်သည့် အဘွားကြီးပါပဲလား။ ဒါတောင် သူနှင့် ဝင်းဖန့်ကိစ္စကို တိတိကျကျ မသိသေး၊ သိများသိလို့ကတော့ ထဘီ အလဲထူလေမည်လား မသိ။ အဘွားကြီး၏ အတွေးအခေါ်တွေက သိပ်စိတ်ပျက်ဖို့ ကောင်းနေ၏။ ထိုစဉ် ဝင်းဖန့် တစ်ဆင်းနဲ့ ရိုက်ပြီး၍ အဝတ်အစားလဲဖို့ ပြန်လာသည်။ နောက်တော်ပါးက ကလေးမလေးနှစ် ယောက်နှင့်။ သူတို့လေးတွေကိုလည်း ဒေါ်ယဉ်ကြည်က အလွတ်မ ပေး…

'ဟဲ့… ကောင်မလေးတွေ နင်တို့ အစ်မကို ထီးမိုးနိုင်းဖို့ ခေါ်လာတာလေ ညည်းတို့က မင်းသမီးကို ထီးမမိုးဘဲ ကိုယ့်ဟာကိုယ် ဆောင်းလာရတယ်လို့'

'ဟာ… ဘွားဘွားကလည်း မမကို ထီးမိုးပေးဖို့ သမီးတို့ အရပ်နဲ့မှ မမီတာ'

ကိုင်း မှတ်ကရော၊ ဒေါ်ယဉ်ကြည် ကလေးတွေကို ဘာပြန် ပြောရမှန်း မသိ။ နန္ဒ ကြိတ်ပြီး ရယ်မိ၏။

'ကိုနန္ဒ… ဆယ့်လေးရက်နေ့ အားလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီကားပြီးရင်တော့ ချိတ်ထားတာ မရှိသေးဘူး၊ ဝင်းဖန့် ဘာကိစ္စရှိလို့လဲ'

'ဟိုတစ်ခါလို အနားယူပြီး လျှောက်သွားချင်လို့'

'ဟယ်… သမီးကလည်း မသွားစမ်းပါနဲ့ သိက္ခာကျတာ ကျနဲ့'

'ဘာကို သိက္ခာကျမှာလဲ အမေ'

'မင်းသမီး ဟိုလူနဲ့ တွဲတယ်၊ ဒီလူနဲ့ ဟွဲတယ်ဆိုပြီး ဂျာနယ်ထဲမှာ မဟုတ်က ဟုတ်ကတွေ လျှောက်ရေးကုန်ကြမှာပေါ့'

'အဲဒါ သူတို့အလုပ်လေ၊ သူတို့ကို ကြောက်တာနဲ့ သမီးက လူသားဆန်ဆန် မနေရတော့ဘူးလား၊ ကဲ… ပြောပါဦး'

'ညည်းရှေ့ရေးအတွက်ပါအေ'

'အဲဒါလည်း ဘာမှ ဂရုစိုက်စရာမလိုတော့ဘူး၊ သမီးနောက်ကိုးလလောက်ပဲ သရုပ်ဆောင်လုပ်တော့မှာ ဒါလည်း အမေ့ကို ပြောပြီးသား'

'တော်တော် ထပ်မပြောနဲ့ ဒီလောက် ဂုဏ်ရှိပြီး ငွေရတဲ့အလုပ်ရှိဦးမလား'

'သမီး လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ ငြီးငွေ့နေပြီ ကိုနန္ဒ ၁၄ရက်နေ့ ကိုးနာရီလောက် အိမ်ကိုလာခဲ့နော်'

ဝင်းဖန့်က သူ့အမေနှင့် အပြန်အလှန်ပြောရင်း နန္ဒကိုပါ ချိန်းလိုက်သည်။ ဒေါ်ယဉ်ကြည် မကျေမနပ်နှင့် မဲ့ကာရွဲ့ကာဖြင့်…

'နန္ဒ မင်းသမီးနဲ့ တွဲခုတ်ရတယ်ဆိုပြီး ဘဝင်မြင့်မနေနဲ့နော်၊ ကိုယ်က ဘာမှမဟုတ်ဘူးဆိုတာ သိထား'

'အမေ ဘာတွေလျှောက်ပြောနေတာလဲ'

'မှန်တာပြောတာ'

'စိတ်ချပါ အန်တီရာ၊ ကျွန်တော်က ရွှေမင်းသမီးအတွက် သက်တော်စောင့် ဒရိုင်ဘာပါ'

'အေး… သိရင်ပြီးတာပဲ'

ယောက္ခမကို ဖျာလိုလိပ် ထိပ်ပေါ်တင်ဖို့ အခွင့်အရေးမရသ





ဖြင့် စကားနည်းရန်စဲ အလိုက်အထိုက်ပြောကာ အကြိုက်ဆောင်ရ၏။ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် ဝင်းဖန့်က ကိုယ့်ဘက်မှာ ရှိနေ၍ နန္ဒ စိတ်အေးရတော့သည်။

* * *

(×××) ဟိုတယ်မှ K.T.V ခန်းတွင် နန္ဒနှင့် ဝင်းဖန့်ရောက်နေကြ၏။ စားသောက်ဖွယ် အစုံအလင်ရောက်လာသည်အထိ နန္ဒသီချင်းဆိုနေသည်။ ထုံးစံအတိုင်း တတ်အားသရွေ့ ရုပ်ဖျက်ကာ လာခဲ့ကြသော်လည်း သိသူတစ်ချို့က သိပြီး တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြ၏။

ဒါကို ဝင်းဖန့် သတ္တိရှိရှိ ရင်ဆိုင်နေ၍ နန္ဒကျေးဇူးတင်နေရသည်။ ဒါတွေက ရှေ့လျှောက်ပိုပြီး ပေါ်ပေါ်ထင်ထင် ရင်ဆိုင်လာရဖွယ် ရှိ၏။ နှစ်ယောက်သား လက်တွဲဖို့ ဆုံးဖြတ်ပြီးမှတော့ ဘယ်လိုပြဿနာပေါ်ပေါ် လာထားဟုသာ သဘောထားလိုက်တော့သည်။

မှာထားသော စားစရာများ စုံသည်နှင့် တံခါးကို လော့ခ်ချလိုက်၏။ သီချင်းတစ်ခွေကို နားမထောင်ဘဲ ဖွင့်ထားသေးသည်။ နန္ဒ ဝင်းဖန့်ထိုင်နေသည့် ဆိုဖာပေါ် ဒိုင်ဗင်ပစ်ဝင်ပြီး ဝင်းဖန့်ပေါင်ပေါ် ခေါင်းအုံးလိုက်သည်။ ဝင်းဖန့် ဆတ်ခနဲတုန်ပြီး တစ်ချက်တွန့်သွား၏။

နန္ဒက ဝင်းဖန့်လက်ကလေးတစ်ဖက်ကို ဆွဲယူကာ သူ့ရင်ဘတ်ကို စမ်းခိုင်းလိုက်၏။ သူ့ရင်တွေ တဒိုင်းဒိုင်းခုန်နေတာ အထိအတွေ့အရ ဝင်းဖန့် သိသွား၏။

'ဝင်းဖန့်နဲ့ ခုလိုတွေ့ရရင် ဒီလို ရင်ခုန်နေလိမ့်မယ်လို့ ကိုယ်တစ်ခါမှ တွေးမထားဖြစ်ခဲ့ဘူး၊ အဲဒါ ဘာလို့လဲ သိလား'

'သိဘူး'

'ဟာ… တုံးလှချည်လား ဝင်းဖန့်ရာ၊ အဲဒါ ချစ်လို့ဗျ၊ ချစ်လို့ရှင်းလား'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်းသားပဲ မသိချင်ယောင်ဆောင်နေတာ'

'ဝင်းဖန့်နော် ကိုယ့်ကို မချင့်မရဲဖြစ်အောင် မလုပ်နဲ့နော်၊ ကိုယ့်ကိုယ်ကို အာမခံတာတွေ ရုပ်သိမ်းပစ်လိုက်မှာ'

'ဝင်းဖန့်ကို တန်ဘိုးမထားဘူးဆိုရင် သဘောပဲ'

'ဟား... ဝင်းဖန့်ရာ ချုပ်ချက်ကလည်း လန်ထွက်နေတာပါပဲလား၊ အပီချုပ်တယ်ဆိုတာ ခုမှပဲ လက်တွေ့ခံစားရတာ ကိုယ်က ကဲချင်တယ် ကဲမိမယ်ဆိုရင် ဝင်းဖန့်ကို တန်ဘိုးမထားလို့ ဆိုတဲ့ သဘောပေါ့ ဟုတ်လား'

'ဟင်း... ဟင်း သိရင် ပြီးတာပဲ'

နန္ဒ ဝင်းဖန့်ပေါင်ပေါ်မှ ထပြီး ဝင်းဖန့်ကို ဖွတ်ဖက်၍ အကြင်နာပေးလိုက်၏။ ရုတ်တရက်မို့ ဝင်းဖန့် ရှောင်ချိန်မရလိုက်၊ အငိုက်မိသွားသည်။

'ဝင်းဖန့် တန်ဖိုးထားမထား သိချင်ရင် အခု ခိုးရာလိုက်ခဲ့မလား'

'ကိုနော် ဝင်းဖန့်ပြောထားပြီးသား တစ်နှစ်စီးပွားရှာမယ်၊ ရသမျှကို စာရင်းလုပ်ထားတယ်၊ တစ်ဝက်ကို အမေ့ပေးခဲ့မယ်၊ ကျန်တစ်ဝက်က ဝင်းဖန့်တို့ ရှေ့ရေးအတွက် အဲဒါ ဝင်းဖန့်တို့ အိမ်ထောင်ရေးအတွက် လမ်းပြမြေပုံပဲ'

'မလိုပါဘူး ဝင်းဖန့်ရာ၊ ကိုယ်လည်း စုတန်သလောက် စုထားတာပဲ၊ ပြီးတော့ စံစားခံစားထိုက်လို့ ခံစားရမယ့် လုပ်ငန်းအမွေက အဆင့်သင့်၊ ဘာလဲ ကွမ်းသီးရောင်းတယ်ဆိုလို့ အထင်သေးတဲ့ သဘောလား၊ အမေတို့က ရိုးရိုးကုပ်ကုပ်နေတတ်လို့'

'ဒါတွေ ဝင်းဖန့်မြင်ခဲ့လို့ သိပြီးသားပါ၊ ဝင်းဖန့်က ကိုယ့်ခြေကိုယ့်လက်နဲ့ပဲ ကိုယ့်ဘဝကို တည်ဆောက်ချင်တာ အဲဒါကြောင့်'

'အင်း... ဒါဆိုရင်တော့ ခွင့်လွှတ်လိုက်မယ်၊ ကိုယ်လေ ကိုယ်တို့ကိစ္စ အမေ့ကို ဖုန်းနဲ့ ပြောပြလိုက်ပြီ'

'ဟယ်... ကိုရယ် ရှက်စရာကြီး ဒေါ်ဒေါ်က ဘာပြောလဲ'





'အရမ်းဝမ်းသာနေတာ၊ သားအတွက် စိတ်အေးရပြီဆိုပြီး ပျော်နေတာ ဝင်းဖန့်ရဲ့ သိလား၊ ဝင်းဖန့်အမေလို ကိုယ်နဲ့ သဘောမတူဘူး ဆိုတာမျိုး မရှိဘူး'

'အင်း... အဲဒီအတွက် တောင်းပန်ပါတယ် ကိုရယ်၊ ဒါပေမဲ့ ဝင်းဖန့်က ကိုယ့်နောက်ကို လိုက်ခဲ့မှာပါ'

'ကြားရတာ နားအရသာရှိလိုက်တာ ဝင်းဖန့်ရာ၊ ကိုးလဆိုတဲ့ အချိန်ကြီးကို ထုထောင်းချေဖွဲ့ ပစ်လိုက်ချင်ပြီကွာ'

'ဝင်းဖန့်လည်း ဒီလိုပါပဲ ကိုရယ်၊ ကိုနဲ့ နှစ်ယောက်တစ်ဘဝ ထူထောင်ပြီး မောင်တစ်ထမ်း မယ်တစ်ရွက် ရှာဖွေ၊ သမာအာဇီဝနဲ့ စား၊ ကုသိုလ်နဲ့ နေရင်း အိမ်ရှင်မကောင်းအဖြစ်နဲ့ ရပ်တည်သွားချင်တယ်'

'သိပ်ကို လိမ္မာတဲ့ ဝင်းဖန့်လေးပါလား၊ ကိုယ် လူရွေးမှန်သွားပြီကွာ'

နန္ဒက ပြောရင်း ဝင်းဖန့်အား လှဲချလိုက်ရာ သူ့ရင်ခွင်ထဲ ပြုတ်ကျလာ၏။ ဝင်းဖန့်မျက်နှာ ဝင်းဝင်းဖန့်ဖန့်လေးကို ချစ်ခြင်းအနန္တနှင့် တစ်ဝကြီး ရှုစားလိုက်၏။ ပြီးတော့ စိတ်မထိန်းနိုင်စွာဖြင့် နဖူးလေးအား ဖွဖွနမ်းလိုက်သည်။

'ကိုရယ် ကြည်နူးလိုက်တာ သရုပ်ဆောင်နေရတာနဲ့ ဘာမှ မဆိုင်ဘူးနော်'

'ဟင်... ဒါဆို မင်းသားတွေ ဖက်တာပြုတာထက် ကိုယ်ဖက်ထားတာက ပိုပြီး နွေးထွေးတယ်ပေါ့ ဟုတ်လား'

'အင်းပေါ့... ကိုရဲ့၊ ဒါက အစစ်လေ အစစ်မို့ ရင်ခုန်ပြီး နွေးထွေးတာပေါ့'

'ကိုင်း... ထားလိုက်ပါ ပြောရင်းဆိုရင်း နှမြောလာပြီ၊ ပြောစမ်း မင်းသားဘယ်နှစ်ယောက် ဖက်တာခံခဲ့ရသလဲ၊ ဘယ်မင်းသား ဖက်တာကို ရင်ခုန်ဖူးလဲပြော'

'ဟာ... ကိုနော် ပေါက်ကရတွေ လာမမေးနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဖန့် ရင်ခွင်ထဲမှ လူးလဲထကာ အင်္ကျီကို ဆွဲဆန့်၏။ ဆံပင်ကို ပြုပြင်၏။ မိတ်ကပ်ဘူးကို ထုတ်၍ မှန်ကြည့်ကာ အလှပြင်၏။ ပြီးတော့ စားစရာများ တစ်ခုပြီး တစ်ခု မြည်းကြည့်နေတော့သည်။

'ပြောကွာ… ဝင်းဖန့်… ဟိန်းဝေယံလား၊ မြင့်မြတ်လား၊ ကောင်းခန့်လား'

နန္ဒဖွတ်မေးနေတော့ ဝင်းဖန့်မျက်နှာတည်သွားကာ…

'တကယ်ဖြေရမှာလား'

'ဖြေ'

'တကယ်ဖြေလိုက်ရင် သူခံစားသွားရမှာနော်'

'ရပါတယ်ဆိုကွာ ဖြေသာဖြေ'

'တကယ်နော်'

'တကယ်ပါဆို'

'သရုပ်ဆောင် မင်းနန္ဒ'

ဝင်းဖန့်၏ အမူအရာနှင့် အဖြေကြောင့် နန္ဒရင်ထဲ ကလိကလိ ဖြစ်သွားရာ စိတ်မထိန်းနိုင်တော့ဘဲ ထပ်မံဖွေးပွေ့ ထားလိုက်တော့၏။ ရင်ခုန်သံချင်း ပေါင်းစည်းသွားပြီး သက်ပြင်းရှိုက်သံတို့ မြည်ဟည်းလာသည်။ ဆယ်မိနစ်ခန့် ကြာတော့မှ…

'လွှတ် ကိုရယ်၊ အသက်ရှုကျပ်တယ်'

နန္ဒလည်း စိတ်ထိန်းကာ အစားအသောက်ဘက်သို့ အာရုံပြောင်းပေးလိုက်၏။ အစားအသောက်တို့၏ အရသာကို ထဲထဲဝင်ဝင် ခံစားလိုက်တော့ ထွေပြားနေသော စိတ်များ ငြိမ်သက်သွားသည်။

'ဝင်းဖန့်… စားလေ ဒီက ပြီးရင်ကော ဘယ်ကိုသွားဦးမလဲ'

'မသွားတော့ပါဘူး ကိုရယ်၊ အခိကက ကိုနဲ့ လွတ်လွတ်လပ်လပ် တွေ့ဖို့ပဲ မဟုတ်လား တော်ပြီပေါ့'

'ဒါဆို စား၊ ပြီးရင် သီချင်းဆိုပြိုင်မယ် ကောင်းကောင်းဆိုနိုင်တဲ့ သူကို အနမ်းနဲ့ ဆုချကြေး'

'ဟင်း… ဟင်း နာနေပါဦးမယ်၊ မိုးမိုး သီချင်းလိုပေါ့





ဟုတ်လား၊ နင်နောက်ကျရင် နင့်ကို နမ်းမယ်၊ ငါနောက်ကျရင် ငါ့ကို နမ်းပါ ဆိုသလိုပေါ့'

'တော်တယ်ကွာ သိပ်ကို သိလွယ် မြင်လွယ် တတ်လွယ်တာပဲ'

'တော်မှာပေါ့ ဆရာကောင်းတပည့်ကိုး'

'ဆရာက ဘယ်သူလဲ'

'သိပ်ဆိုး သိပ်ကဲတဲ့ လူကြီးတစ်ယောက်ပေါ့'

'ဟာ… ဝင်းဖန့်နော်'

ထိုနေ့က ချစ်သူရည်းစား ပီသစွာဖြင့် သိင်္ဂါရရသကို မြည်းစမ်းခွင့်ရခဲ့ကြသည်။ နန္ဒက ဝင်းဖန့်ကို တန်ဖိုးထားကြောင်းကိုလည်း သက်သေပြနိုင်ခဲ့၏။ နှစ်ယောက်သား စိတ်အတွေးထဲမှ အနာဂတ်လမ်းသည် ဖြောင့်ဖြူးလျက်။

ဟိုတယ်မှ အထွက်ကျမှပဲ ပြဿနာက တက်တော့၏။ သော်သော်၊ မော်မော်၊ ဝိုင်းဝိုင်း စသော မာမီအုပ်စုနှင့် တည့်တည့်တိုးသည်။ သော်သော်က ရိပ်မိနေသော်လည်း မော်မော်တို့ ဝိုင်းဝိုင်းတို့က မျက်လုံးပြူး မျက်ဆံပြူးဖြစ်အောင် အံ့အားသင့်လျက် ရှိကြ၏။

'ဟယ်… ကြည့်စမ်း၊ ဒီနှစ်ယောက် ဒီမှာ လာကဲနေကြတယ်ပေါ့ ဟုတ်တယ်ဟုတ်'

'မဟုတ်ပါဘူး မာမီရာ၊ ဝင်းဖန့် ငွေထုတ်ရိုက်မယ့် ကားအတွက် လိုကေးရှင်း လာကြည့်တာပါ၊ ကိုယ်က ဒါရိုက်တာလုပ်မှာလေ'

'ဟင်း… ဟင်း ပြောတော့သည်လည်း မောင့်စကားပေါ့'

မာမီဝိုင်းက ငေါ့တော့တော့ ရွဲ့တဲ့တဲ့ ဖြေ၏။ နန္ဒတို့ ထပ်မဖြေရှင်းတော့။ အသည်းအသန်ဖြေရှင်းမှ အတင်းပြောစရာ ပိုဖြစ်နေမည်မို့ ရယ်ရယ်မောမော နှုတ်ဆက်ရင်း ပြန်ခဲ့ကြသည်။

'အင်း… တစ်ယောက်ယောက် ဖွတာနဲ့ မေမေ့နား ရောက်တော့မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့လည်း စောစောစီးစီး ပွဲသိမ်းရိုက်ချက်ပဲ ရိုက်လိုက်ကြတာပေါ့'

ထိုကိစ္စနှင့် ပတ်သက်ပြီး နှစ်ယောက်စလုံး ပူပန်ခြင်းမရှိ။ ဣန္ဒြေမပျက်ဘဲ အေးအေးဆေးဆေး ပြန်လာခဲ့ကြသည်။

နန္ဒနှင့် ဝင်းဖန့် မျှော်လင့်ထားသော နေ့ရက်က စောစီးစွာ ရောက်ရှိလာခဲ့၏။ ထိုကိစ္စကို တိုးတိုးတိတ်တိတ် ဖြေရှင်းရန် ဖုန်းဆက်ခေါ်ထားသဖြင့် နန္ဒ ဝင်းဖန့်တို့ တိုက်အန်းသို့ ရောက်နေသည်။ ဝင်းဖန့်တို့မိသားစု လူစုံရှိနေ၏။ သူရောက်နေမှန်း သိသော်လည်း မမြင်လိုဟန်နှင့် ဒေါ်ယဉ်ကြည်က ဧည့်ခန်းကို ကျောပေးပြီး ပြတင်းပေါက်မှ အဝေးသို့ ငေးနေသည်။

'ဝင်းဖန့်… ညည်းဟာ ရုပ်ရှင်မင်းသမီး ကြည်ဝင်းဖန့်နော်၊ တစ်လကို အနိမ့်ဆုံး သိန်းရှစ်ဆယ်ဝင်ငွေရှိတဲ့ မိန်းမချောတစ်ယောက်'

'အဲဒါတွေကို သမီးမမက်တော့ဘူး၊ ဒီအလုပ်က တရားသဘောနဲ့ ကြည့်ရင် အကုသိုလ်သိပ်ကြီးတဲ့ အလုပ်မျိုးပဲ သမီး မလုပ်ချင်တော့ဘူး'

'ဒီနေရာထိ ရောက်အောင် လာခဲ့ပြီးမှ ဆက်မလုပ်ချင်လို့ ဖြစ်မလား'

'စားတော့ အားလုံး ဝိုင်းစားပြီး ခံစရာရှိတော့ သမီးတစ်ယောက်တည်း ဒါတော့ ဘယ်တရားမလဲ၊ လုံးဝကို မလုပ်ချင်တော့တာ'

'အေး… မလုပ်ချင်လို့ မရဘူး၊ ငါ ကိုဇော်လွန်းနဲ့ တစ်ကား လက်ခံခဲ့ပြီးပြီ'

'အလုပ်ကိစ္စ ဝင်မပါပါနဲ့ ပြောထားရက်နဲ့'

'ညည်းပဲ လက်ဦးဆရာဆို၊ ပြီးတော့လည်း သိန်းနှစ်ဆယ်ကို ကျေကျေနပ်နပ်ပေးမှာ'

'ခက်တာပဲ မေမေရယ်'





'မခက်နဲ့ ဒီထက်ခက်တာတွေ လာဦးမှာ၊ ဒီမယ် နန္ဒ မင်းက ငါ့သမီးကို ငါ့လက်က လုယူပြီး ခိုင်းစားဖို့ ကြံနေတာလား'

'မဟုတ်ပါဘူး အန်တီ၊ ကျွန်တော်ရော ဝင်းဖန့်ပါ ဒီလောကက ထွက်မှာပါ'

'ထွက်ထွက် မထွက်ထွက် မင်းနဲ့ ငါ့သမီး တူသလား တန်သလားလို့ပြောရင် ရှေးဆန်မယ်၊ ဒါပေမဲ့ ဒီစကားက ဇာတ်ပို့နာမယ် ဒီတော့ မင်း ကိုယ့်ဘဝကို သိပါ၊ ပြီးတော့ မင်းတို့ အဆက်အသွယ်ဖြတ်ပါ'

'ကျွန်တော်တို့ချင်း ဝင်းဖန့် မင်းသမီး မဖြစ်ခင်ကတည်းက ဒီဇာတ်လမ်း စခဲ့ကြတာပါ အန်တီ'

'အို… နားမလည်ဘူး၊ နှစ်ဖက်လုံး သိက္ခာကို ထောက်ထားပြီး ဒီမှာ အေးအေးဆေးဆေး ခေါ်ပြောတာနော်၊ ရှေ့ဆက်တွဲနေလို့ကတော့ ငါ့ကို အဆိုးမဆိုနဲ့ လူကြားသူကြား ရှောင်မှာ မဟုတ်ဘူး'

ဝင်းဖန့် ရှိုက်ငိုလျက် အခန်းထဲ ပြေးဝင်သွားသည်။ ထိုအခါမှ ဦးအောင်ခန့် စကားဝင်ပြော၏။

'ယဉ်ကြည်… မင်းလွန်လွန်းနေပြီနော်၊ သမီးအိမ်ထောင်ရေးကိစ္စ ဝင်မပါနဲ့လို့ ငါပြောထားပြီးသား'

'အဲဒီတော့ ကျုပ်က ဒီကလေကချေနဲ့ သမီးကိုပေးစားရမယ် ပေါ့'

'အန်တီ… စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ၊ ကျွန်တော် မိကောင်းဖခင်သား၊ အန်တီတို့ ချမ်းသာတာလောက်က ကျွန်တော့်မိဘ အစွမ်းထွက်လောက် ရှိပါတယ်'

'အမလေး… ကွမ်းသီးရောင်းတဲ့ လူကမျာ လေလုံးထွားလို့'

အခြေအနေက တင်းမာလာသဖြင့် ဦးအောင်ခန့်က နန္ဒအား ခွဲထုကာ အပြင်သို့ ခေါ်ထုတ်၏။

'ဒီမယ် မောင်နန္ဒ၊ အဲဒီ ဥစ္စာရူးမကြီးလက်က ဦးသမီးကို ကယ်ထုတ်ပေးပါ၊ ဦး အားလုံးကူညီမယ်၊ အခု ပြန်တော့ ဟုတ်ပြီလား ရော… ဒါ ဦးရဲ့ သီးသန့်ဖုန်းနံပါတ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကျေးဇူးပါပဲ ဦး၊ ခွင့်ပြုပါဦး'

နန္ဒ လှည့်ပြန်လာခဲ့၏။ အခြေအနေက မဆိုးလှသော်လည်း လှမ်းမျှော်ရှုမြင်ရသည့် အနာဂတ်ခရီးလမ်းက မှုန်ဝါးဝါး။

□ □ □

ထိုရက်များအတွင်း နန္ဒ အလုပ်မလုပ်နိုင်ဘဲ စိတ်လေလျက်ရှိသည်။ ဘာဆက်လုပ်ရမှန်း မသိလောက်အောင် အတွေးတွေ ဝေဝါးရှုပ်ထွေးနေ၏။ အဆောင်က အခန်းထဲမှာပင် ခွေခေါက်အောင်းနေမိသည်။ ဝင်းဖန့်၏ အချစ်ကို သူယုံကြည်သော်လည်း ကံကြမ္မာကို မယုံမရဲ ဖြစ်နေ၏။

စိတ်အေးအေးထားပြီး တွေးကြည့်မှ ဒေါ်ယဉ်ကြည်ပြောသည့်အထဲ ကိုဇော်လွင်နှင့် တစ်ကားလက်ခံထားကြောင်း ပြောခဲ့တာ သတိရ၏။

ထိုအခါမှ ကိုဇော်လွင်နှင့် တိုင်ပင်ဆွေးနွေးကြည့်ရန် အတွေးပေါက်သွားသည်။ လမ်းစတစ်ခု တွေ့လိုက်ရသဖြင့် ရေချိုး အဝတ်အစားလဲပြီး ကိုဇော်လွင်ထံ ဖုန်းဆက်ကြည့်လိုက်၏။

ယုဇနမှ မောင်အောင်၏ အခန်းတွင် ဝိုင်းဖွဲ့နေကြကြောင်း သတင်းရသဖြင့် နန္ဒ အားပါပြီး ယုဇနသို့ တက္ကစီနှင့် ထွက်လာခဲ့သည်။ ယုဇနရောက်မှ ဂရင်းဗီစကီတစ်လုံးနှင့် အစိမ်းကြော်တစ်ပွဲ ပါဆယ်ဆွဲပြီး မောင်အောင့်အခန်းသို့ ချီတက်ခဲ့၏။

မောင်အောင်အခန်းမှာ ကိုဇော်လွင်၊ ကိုသန့်ဇော်အောင်နှင့် မောင်အောင်တို့ ဝိုင်းကောင်းနေတာ တွေ့ရသည်။ နန္ဒလက်ထဲမှ လက်ဆောင်များကို မြင်တော့ အားလုံးလက်ခုပ်တီးပြီး ကြိုဆိုလိုက်ကြ၏။

'ကိုင်း… မလာစဖူး အလာထူးလှချည်လား၊ ဆိုစမ်း ဘာကိစ္စလဲ'

'အကူအညီတောင်းမလို့ဗျ၊ ကိုဇော်လွင်း ဝင်းဖန့်နဲ့ ရိုက်ဖို့ရှိတယ်ဆို'





'ဟား… ဒီသတင်း ကိုယ် အင်တာနက်လည်း မတင်မိပါဘူး'

'ဟဲဟဲ… အင်တာနက်ထက် ပိုကျယ်တဲ့ ရွှေထမင်းဒေါ်ယဉ်ကြည်ရဲ့ ဝက်ဘ်ဆိုက်သတင်းဗျ… ဟဲဟဲဟဲ'

'အင်း… ဒေါ်ယဉ်ကြည်ရဲ့ သမိုင်းကလည်း လက်ကုန်ဆိုသလိုပါပဲလား'

ကိုသန့်ဇော်အောင်၏ မှတ်ချက်အဆုံးမှာ မောင်အောင်က…

'ခင်ဗျားနဲ့ ဝင်းဖန့်တို့ အခြေအနေကကော ဘယ်လိုလဲ အိုကေပြီလား'

'အဲဒီကိစ္စ တိုင်ပင်ဖို့ လာခဲ့တာပဲ ကိုမောင်အောင်'

နန္ဒစကားကြောင့် အားလုံး စိတ်ဝင်တစား ဖြစ်သွားကြ၏။ နန္ဒက ဝင်းဖန့်၏ မေတ္တာကို လက်ခံရရှိခဲ့ပုံမှ စ၍ နောက်ဆုံးအခြေအနေအထိ စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် ပြောပြလိုက်သည်။ ကိုဇော်လွင်းက…

'ဟား… မောင်ရင့်ကိုတော့ လေးစားသွားပြီကွာ၊ ပြော… ဘယ်လိုကူညီရမလဲ'

'ဝင်းဖန့်က ကိုဇော်လွင်းကားကိုပဲ နောက်ဆုံးအနေနဲ့ ရိုက်ပေးတော့မှာ အဲဒီကားပြီးတာနဲ့ ကျွန်တော် သူ့ကို ခိုးပြေးမှာ သူ့အိမ်က ခိုးလို့ မဖြစ်နိုင်တော့ ရှူတင်ဘရိတ်မှာ အဘွားကြီးကို မျက်လှည့်ပြပြီး ခိုးပြေးမှ ဖြစ်မှာ အဲဒါ…'

'ဟာ… ဇော်လွင်း၊ မင်းဇာတ်ရဲ့ Ending မှာလည်း ဝင်းဖန့်ကို ခိုးပြေးတာနဲ့ ဇာတ်သိမ်းထားတာ မဟုတ်လား၊ ကွက်တိပဲလေ'

ကိုသန့်ဇော်အောင်က ဝမ်းသာအားရဝင်ပြောတော့ ကိုဇော်လွင်း ခေါင်းကုတ်၏။ သူစဉ်းစားရခက်နေသလို တွေတွေငေးငေး ဖြစ်နေသည်။

'အင်း… ဝင်းဖန့်ကို ခိုးမှာက မင်းသားကွ၊ အဲဒီ ပလော့လေး ပြောင်းလိုက်ရင် ဖြစ်ပြီ 'ရီဗင်နဘယ်'တော့ ဖြစ်ရမယ်ပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါများဗျာ… ဒီမယ် ဟောဒီ ဂရင်းတစ်ခွက်စီသောက်ပြီး စဉ်းစားလိုက်ရင် လျှော်ခနဲ ထွက်လာလိမ့်မယ်ဗျာ'

မောင်အောင်က ပြောလည်းပြော ငုံ့လည်းငုံ့နှင့် တစ်ခွက်စီ ကမ်းပေးလိုက်သဖြင့် အားလုံး ဝီစကီမော့ရင်း အကြံထုတ်နေကြ၏။

ခဏအကြာမှာ မောင်အောင်က…

'မင်းသားကို အက်ဆီးဒန့် အသေးတစ်ခုဖြစ်ခိုင်းလိုက်ဗျာ၊ ခြေထောက်နည်းနည်း ထိသွားတာမျိုးပေါ့၊ အဲဒီမှာ သူငယ်ချင်းကို ကိုယ်စားခိုးခိုင်းလိုက်'

ကိုသန့်ဇော်အောင်က ထောက်ခံသည်။

'အေး… အဲဒီ ပလော့မဆိုးဘူး၊ အဲဒါကို အခြေခံပြီး ခိုင်အောင်စဉ်းစားလိုက်'

ကိုဇော်လွန်းက…

'ဘာမှမပူနဲ့ မောင်နန္ဒ၊ ရပြီ စိတ်အေးအေးသာထား တစ်ခုတော့ ရှိတယ်နော်၊ ကိုယ့်ကားကိုတော့ ပြီးအောင် ရိုက်ပေးသွားကြပါကွာ၊ အဆာတွေလွန် ငတ်ကြီးတွေကျပြီး ကားမပြီးခင်တော့ သုတ်မပြေးကြပါနဲ့'

'စိတ်ချပါ ကိုဇော်လွန်းရာ၊ ကျွန်တော်က အဘွားကြီးကို နားလှည့်ပါးရိုက်ပြီးမှ မ,ပြေးရင်း လက်စင်န်တွေ တစ်ပုံကြီးပေးခဲ့ချင်သေးတာ'

'ဟဲ… ဟဲ… ဟဲ ဒါဆိုရင်တော့ ပြီးရော ဒါနဲ့ ဝင်းဖန့်က အလားအလာလည်းကောင်း ဝင်ငွေလည်း ကောင်းနေတဲ့ ဥစ္စာ၊ ဘာလို့ ဒီလောကက ထွက်မှာလဲ'

'ဟာ… ကိုဇော်လွန်းကလည်း ဒီကောင် တစ်ကောင်တည်း မောင်ပိုင်စီးချင်လို့ပေါ့၊ ရှင်းနေတာပဲဟာ၊ ဒါ အူတိုတာ… အူတိုတာ'

'မဟုတ်ဘူးဗျ၊ 'မင်းနန္ဒ ဝမ်းမင်းရှိုး' အတွက် ဇာတ်ညွှန်းခွဲနေတာပါ'





မမလေးကို ခိုးဖို့ ဆရာသမားတစ်စုနှင့် သောက်စားပျော်ပါးပြီး တိုင်ပင်အကြံထုတ်ကြသည်မှာ ဆူဝံဝေစည်နေတော့၏။

'အူတိုတာ မဟုတ်ရပါဘူးဗျာ၊ သဘင်သည်တို့ အနုပညာသမားတို့ ဆိုတာ အကုသိုလ်အရမ်းကြီးလို့ သူကြောက်သွားတာဗျ'

'ဘာ… တို့အလုပ်က အကုသိုလ်အရမ်းကြီးတယ် ဟုတ်လား'

ကိုဇော်လွန်း အမေးကို နန္ဒက မဆိုး၊ တံငါ၊ တောင်ယာသမား သဘင်သည် ဥပမာများနှင့် အကျယ်တဝင့် ရှင်းပြလိုက်၏။ တရားတော်မှာ အတိအလင်းပြောဟောခဲ့ကြောင်းလည်း ပြောပြရ၏။ လွတ်လပ်မှု ဆိတ်သုဉ်းပြီး အကုသိုလ်များသည့် အလုပ်မို့ ဝင်းဖန့် စိတ်မပါတော့တာဖြစ်ကြောင်း သူလည်း တောင်ငူ ပြန်ပြီး အဖေ့လုပ်ငန်းအမွေကို ဆက်ခံတော့မည်ဟု အသိပေးလိုက်၏။ နန္ဒစကားကြောင့် အားလုံး ငိုင်သွားသည်။

'ဒီအကြောင်းကြားဖူးပေမယ့် ဒီလောက် ရှင်းရှင်းလင်းလင်း မသိခဲ့ဘူး၊ ပြဿနာပဲကွာ ကိုယ်ကလည်း ဒါပဲ လုပ်စားတတ်တာ'

ကိုသန့်ဇော်အောင်၏ မှတ်ချက်ကို မောင်အောင်က ဖော့ပေး၏။

'အဲဒါ မင်းသား၊ မင်းသမီးတွေကို ပြောတာပါဗျာ၊ ဒါရိုက်တာတို့ ဇာတ်ညွှန်းတို့ မှတ်တမ်းတို့ မပါလောက်ပါဘူး'

'ဟော… ဒါဆို ပလာသင်ရဲက ရီဆက်ရှင်ကို ဖုန်းဆက်ကြည့်စမ်းကွာ၊ တို့တွေပါလားဆိုတာ သေချာအောင်လို့'

'ပလာသင်ရဲရဲ့ ဘတ်ဂျက်ရှင်းတမ်းမှာ လိုငွေပြနေတာ အတော်ကြာပြီတဲ့၊ အဲဒါ ငါးသိန်းဖုန်းတောင် ဈေးများလို့ မဝယ်နိုင်သေးဘူးတဲ့'

'ဟုတ်ပါ့ကွာ'

ပြောပြောဆိုဆိုနှင့် သောက်လိုက်ကြရာ နန္ဒယူလာသော ဝီစကီလည်း ပြောင်တလင်းခါသွားခဲ့၏။ နန္ဒအတွက် အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးရေးအစီအစဉ်ကိုလည်း ရေပက်မဝင်အောင် ရေးဆွဲခဲ့ကြသည်။ ညနေစောင်းလောက်မှ နန္ဒ တက္ကစီပေါ် လေးဘက်ထောက်တက်ရင်း အဆောင်ပြန်ဖြစ်ခဲ့တော့သည်။

□ □ □

ဝင်းဖန့်ကို ရင်ခွင်ထဲထည့်ရင်း သိမ်မွေ့နူးညံ့သည့် ရင်ခုန်ရသကို ခံစားခွင့်ရမည့် နေ့ရက်များက တဖြည်းဖြည်း နီးကပ်လာ၏။ နန္ဒက တောင်ငူမှ အဖေ့ထံ ဖုန်းဆက်ပြီး ကွမ်းခြံထဲက အိမ်လေးကို သထားရန် အကြောင်းကြားထားခဲ့သည်။

ပြီးတော့ ဦးလေးဦးအောင်ခန့်ကိုလည်း အစီအစဉ်များကို အသိပေးထားလိုက်သည်။ ဦးအောင်ခန့်က သမီးစိတ်ချမ်းသာမည်ဆိုလျှင် မည်သည့်အစီအစဉ်ကိုမဆို လက်ခံကြောင်း အားပေးစကားပြောပြီး အစီအစဉ်အတိုင်း ဖြစ်မြောက်အောင် ကြိုးစားရန်လည်း တိုက်တွန်းသည်။

ဝင်းဖန့်နှင့် လူချင်းမဆုံဖြစ်သော်လည်း ကိုဇော်လွန်း၏ အကူအညီနှင့် သူ့အစီအစဉ်ကို အသေအချာ ရှင်းပြထားခဲ့သည်။ ဝင်းဖန့်ကလည်း ပုဆိုးပိုက်ကာ စောင်ပိုက်ကာနှင့် လိုက်ခဲ့မည်ဖြစ်ကြောင်း ကတိပေး၏။ အနေအထားက ပျောက်သောလမ်းမှာ စမ်းတဝါးမဟုတ်တော့။

နန္ဒတစ်ယောက် လူပျိုရည်ပျက်ရန် အကြောင်းတရားတို့က ပြီးပြည့်စုံအောင် နိုင်မာနေခဲ့ပြီ မဟုတ်လား။

□ □ □



BURMESE CLASSIC .com

## အခန်း(၁၁)

'Ending, Last cut, Take two'

ကိုဇော်လွန်း ဇာတ်ကားစရိုက်သည့်နေ့ ကန်တော့ပွဲပေးစဉ်မှာပင် ဒေါ်ယဉ်ကြည် နန္ဒကို တွေ့သွား၏။ ချက်ချင်းဆိုသလိုပင် ဒေါ်သူ့ပုန်ထမည့် အရိပ်အယောင်များ ပြလာတော့သည်။

ဘုရားကန်တော့နေသည့် သမီးကိုပင် မစောင့်တော့ဘဲ မန်နေဂျာကို လူရှင်းရာ ဆွဲခေါ်၍ တွတ်ထိုးကာ ပြောဆိုတော့၏။

'ဟဲ့... ဒီကားမှာ မင်းနန္ဒ ပါသလား'

'ပါတယ်လေ အန်တီ ဘာဖြစ်လို့လဲ'

'ဟို... စရံကော ချပြီးပြီလား'

'ဟင့်အင်း... ပေဝင်မှ ပေးမှာပေါ့ ဒါ ထုံးစံပဲဟာ'

'ဒါဆို လူချိန်းလို့ရရင် ချိန်းပေးပါကွယ်'

'ဟာ... ဘယ်ဖြစ်မလဲဗျ၊ မင်းသားနဲ့ ဒါရိုက်တာကိုယ်တိုင် ဘိုင်နိမ်းနဲ့ ခေါ်ထားတာ ဘာဖြစ်လို့လဲ အန်တီ'

'ဟိုလေ သူနဲ့ သမီးက သိပ်အဆင်မပြေလို့ပါ'

'အဲဒါ ကျွန်တော် ဆုံးဖြတ်လို့မရဘူး၊ ပြီးတော့ သူနဲ့ မင်းသားအတွဲက ကားတိုင်းပေါက်နေတဲ့ ဥစ္စာ'

'ဖြစ်အောင်လုပ်ပေးပါကွယ်၊ အန်တီ ကျေးဇူးမမေ့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်လို့ပါဗျာ၊ အန်တီ သဘောမကျရင် ဒါရိုက်တာကိုသာ သွားပြော'

မန်နေဂျာထွက်သွားတော့ ဒေါ်ယဉ်ကြည် ဘာလုပ်ရမှန်းမသိ ဖြစ်ကျန်ခဲ့၏။ ကန်တော့ပွဲ ဘုရားခန်းမှာ နန္ဒကို တွေ့လိုက်ရကတည်းက ဘယ်လိုဖြစ်မှန်းမသိ ဒေါ်ယဉ်ကြည်စိတ်တွေ ထိုင်းမှိုင်းလေးလံနေခဲ့သည်။ နန္ဒကို ဖယ်ထုတ်၍ မရနိုင်လျှင် သူ့သမီး ဝင်းဖန့်ကိုသာ အပိုင်စောင့်ကြည့်ထားရတော့မည်ပေါ့။

နန္ဒလည်း အခြေအနေကို သိသူမို့ အနေအထိုင်ဆင်ခြင်ပြီး ဒါရိုက်တာနှင့် အခြားသရုပ်ဆောင်များ အနီးတွင်သာ ခြေချနေတတ်သည်။ ဝင်းဖန့်အနား ယောင်လို့မှ မသွား၊ သွားလို့လည်း မရ၊ မဒ္ဒူသကနတ်ပန်းကို မယ်ကုဝဏ်ကိုယ်တိုင် စောင့်ကြပ်နေသည် မဟုတ်လား။

အလုပ်သဘောအရ အဆုံး SCENE များတွင်သာ မဖြစ်မနေ မျက်နှာချင်းဆိုင်ပြီး လိုအပ်သလောက်သာ ပြောဆိုကြ၏။ နောက်ပိုင်း ရိုက်ရက်များတွင်လည်း နန္ဒတို့ အနေအထိုင် ကျစ်လစ်ကြသဖြင့် ဒေါ်ယဉ်ကြည် စိတ်အေးလက်အေး ဖြစ်သွားတာ အားလုံးသတိပြုမိကြသည်။

သို့သော် နန္ဒနှင့် ဝင်းဖန့်၏ စိမ်ကိန်းကို အများစုက မသိကြသဖြင့် ဤမျှလောက် ကူနွေ့ရနေကြတာလည်း ဖြစ်နိုင်သည်။ အကြောင်းသိ ကိုဇော်လွင်နှင့် မောင်အောင်ကလည်း တည်တည်တံ့တံ့ သမားများမို့ သတင်းပေါက်ကြားစရာ အကြောင်းမရှိ။ အနေအထားကတော့ စီစဉ်ထားသည့်အတိုင်း အေးအေးဆေးဆေး ဖြစ်လာတော့မလိုလို၊ အခြေအနေကောင်းမွန်နေ၏။

ဤသို့နှင့် အေးအေးဆေးဆေး နေ့ရက်များကို ကောင်းကောင်းမွန်မွန် ဖြတ်သန်းခဲ့ကြရာ ဓာတ်ကား၏ ရိုက်ရက်နောက်ဆုံးနေ့သို့ပင် ရောက်လာခဲ့ပြီ။ ထိုနေ့မနက် ရှုတင်သို့ရောက်ကတည်းက နန္ဒ နေမထိ





ထိုင်မသာ ဖြစ်နေ၏။ ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုသလို မဖြစ်စေရန် နန္ဒ ရှုတင်အိမ်မှ အခန်းလွတ်တစ်ခုထဲ ဝင်အောင်းနေလိုက်၏။

ကိုဇော်လွင်က ရိုက်ရန်ကျန်သည့် ခုနှစ်ဆင်းန်ကို ဒေး၊နိုက် နှစ်ဂျူတီနှင့် အပြီးရိုက်မည်ဟု စီစဉ်ထားပြီး နိုက်ဆင်းန်က နှစ်ဆင်းန်ပါသည်။ မိန်းမခိုးသည့် အခန်းကတော့ နောက်ဆုံးပိတ်မှ ရိုက်မည်။ တိုင်မင်ကတော့ ကွက်တိပင်။ ကိုဇော်လွင်က သူ့ကားကိုပင် သုံးခိုင်းထားပြီး တောင်ငူအရောက် မောင်းယူသွားရန် စေတနာဝလပ္ပနှင့်ငွေပေးထား၏။

သည်လိုနှင့် ရင်အခုန်ရဆုံး အချိန်သို့ တဖြည်းဖြည်း ရောက်လို့လာသည်။ Ending ၏ First cut ကို ရိုက်ရန် ကင်မရာတွေ မီးတွေ ချိန်နေကြပြီ။ ဒေါ်ယဉ်ကြည်က ခုံတစ်လုံးနှင့် ထိုင်ကြည့်ရင်း သော်သော့်အား မကျေမနပ်နှင့် ပြောနေ၏။

'ဓာတ်လမ်းကလည်း ဘယ်လိုကြီးလဲ၊ မိန်းမလာခိုးတာ ကာယကံရှင်က မပါဘဲနဲ့ ဟိုအကောင်က ဘာလို့ လာခိုးရတာလဲ'

'ဟယ်… နေ့ခင်းက ရိုက်တဲ့ ဆင်းန်မှာ မင်းသားအူမြူးပြီး အိမ်ပေါ်ကအဆင်း လှေကားက ခြေချော်ကျလို့ ခြေပွတ်တိုင်လည်ပြီး လမ်းမလျှောက်နိုင်တော့ဘူးလေ၊ အဲဒါကို မင်းသမီးဆီ ဖုန်းဆက်ပြောထားတယ်၊ သူ့သူငယ်ချင်းပဲ လာခေါ်လိမ့်မယ်၊ ယုံယုံကြည်ကြည် လိုက်ခဲ့ပါဆိုတာ'

'သဘာဝမကျလိုက်တာ ဟယ်'

'အဲဒါ ပရိသတ်စိတ်ဝင်စားအောင် ထစ်ထားတဲ့ ပလော့'

ပထမဆုံး တိုက်ရှေ့ကားရပ်ပြီး နန္ဒ ခိုးကြောင်ခိုးဝှက် ဆင်းလာတာ ရိုက်သည်။ ခြံစောင့်နှင့် ပေါင်းပြီး ကြိုတင်ပြင်ဆင် လက်ဝါးရိုက်ထားသည့်အတိုင်း နန္ဒ ခြံထဲသို့ ရောက်လာ၏။

ထိုအခန်းများကို ခြံပြင်က ကင်မရာတစ်လုံး၊ တိုက်ပေါ်က ကင်မရာတစ်လုံး ဖရိန်ချပြီး ရိုက်သဖြင့် စက်အဖွဲ့အပြောင်းအရွှေ့ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပေးရသည်။ နန္ဒမှာတော့ သူ့သမီးကို မယ်ကုဝဏ်ရှေ့မှောက်မှ ပင် တကယ် ခိုးသွားရမည်မို့ ခြေတုန်လက်တုန်နှင့် ရင်တွေခုန်နေ၏။ အထူးတလည် ကြိုးစားသရုပ်ဆောင်စရာ မလိုအောင် ကာရိုက်တာ မိလျှက် ရှိသည်။

နောက်တစ်ကဒ်က အောက်မှစောင့်နေသော နန္ဒထံ တိုက်ပေါ်မှ ဝင်းဖန့်က အဝတ်အစားထုပ် ပစ်ချခန်းဖြစ်၏။ ကင်မရာက အပေါ်တစ်လုံး၊ အောက်မှ ကင်မရာနှင့် ဝင်းဖန့်ကို ယူထားသလို အပေါ်စီးဖရိမ်နှင့် နန္ဒကို ယူထား၏။ အားလုံးအသင့်ဖြစ်တော့ စရိုက်သည်။ မောင်မောင့် အော်သံ ထွက်လာ၏။

'Ending cut 5, 5. 4. 3. 2. 1 action'

ဝင်းဖန့် အထုပ်ကို ပစ်ချလိုက်သည်။ အထုပ်ကျလာတာ မြန်သဖြင့် နန္ဒမဖမ်းနိုင်ခင် ခေါင်းကို တည့်တည့်မှန်ကာ ဖင်ထိုင်ရက် လဲကျသွား၏။ ရယ်သံတွေ အုန်းခနဲ ထွက်လာသည်။ ရယ်သံစွက်နေသည့် ဒါရိုက်တာရဲ့ အော်သံထွက်လာသည်။ 'ဟိုး… ကတ်' ဒါရိုက်တာ ဗိုက်နှိပ်၍ ရယ်သလို၊ ဒေါ်ယဉ်ကြည် ဖင်ဆောင့်၍ ရယ်၏။ နန္ဒ ခံရတာကို သူသဘောကျသည်လေ။ ဒီတော့ နောက်တစ်ကြိမ်ပြန်ရိုက်ကြရပြန်သည်။

'Ending cut 5, take one 1,2, 3,4 Go'

ဒီတစ်ခါတော့ ချောချောမောမောပင် ဖြစ်သည်။ နောက်တစ်ကဒ်က ဝရန်တာလက်ရန်းတွင် ချည်ထားသော ကြိုးကိုတွယ်၍ မင်းသမီးဆင်းလာပုံ ဖြစ်သည်။ ဝင်းဖန့် ကြိုးတွယ်ပြီး မဆင်းရဲ၊ ဒါကို ကြိုတွက်ထားပြီး ဖြစ်သလို မင်းသမီးအဝတ်အစားနှင့် တစ်ပုံစံတည်း ဝတ်ထားသည် လူကြမ်းတစ်ယောက်ကလည်း အဆင်သင့်။

ထိုအခန်းကို ခပ်သွက်သွက်ရိုက်ကြသည်။ ဝင်းဖန့်ယောင်ဆောင်ထားသော လူကြမ်း ကြိုးမှတွယ်ဆင်းလာ၏။ ဒါရိုက်တာက မော်နီတာကို သူ့ရည်းစားလို တစိမ့်စိမ့်ကြည့်နေသည်။ ကြိုးတစ်ဝက်



BURMESE CLASSIC .com



လောက်အရောက်မှာ ကြိုးထုံးနှင့် ထဘီစငြိပြီး ကောင်မလေးခြေသလုံး ပေါ်သွား၏။

'ဟိုး… ကတ်… ကတ်'

ဒါရိုက်တာ ထအော်လိုက်သဖြင့် လူကြမ်းကောင်လေး လေထဲမှာ ကြိုးခိုရင်း တွဲလောင်းကြီး ဖြစ်နေ၏။ ထိုအနေအထားမှ လှမ်းမေးရှာသည်။

'ဘာဖြစ်လို့လဲ အာစရိ'

'မင်း ဘိုးအေတဲ့မှပဲ၊ နုနုဖတ်ဖတ် ကောင်မလေးခြေသလုံးမှာ အမွေးတွေချည်းပဲ မြင်လို့တောင်မကောင်းဘူး၊ ထဘီမလန်စေနဲ့ မငြိစေနဲ့'

'ဟာ… ဟုတ်… ဟုတ် အာစရိ'

ရယ်သံတွေ ဆူညံသွားပြန်၏။ လူကြမ်းကောင်လေး ကြိုးကို တွယ်ရင်း အပေါ်ပြန်တက်သွားရသည်။ နောက်တစ်ကြိမ်ပြန်ရိုက်ရ၏။

'Ending cut 6, take one, 5. 4. 3. 2. 1 action'

အားလုံး ရင်တထိတ်ထိတ်နှင့် ဝိုင်းကြည့်နေကြ၏။ ဒီတစ်ခါတော့ အောင်မြင်သွားသည်။ ပြီးတော့ ဝင်းဖန့်ကို မြေကြီးနှင့် ခြေထောက် သုံးပေလောက်အကွာမှ လျှောဆင်းပြီး နန္ဒက ပြေးဝင်ထိန်းပေးကာ တွဲ၍ ခြေချနိုင်အောင် ကူညီတာကို ရိုက်သည်။ အဆင်ပြေစွာ ပြီးသွား၏။

ဇာတ်သိမ်း၏ တကယ့်နောက်ဆုံးခန်းကို ရိုက်တော့မည်။ နန္ဒက အထုပ်ထမ်း၊ ကောင်မလေးနှင့်အတူ ပြေးထွက် ကားပေါ်တက်၍ မောင်းထွက်သည့်အခန်းအတွက် ကင်မရာများ မီးများ ချိန်ကာ ပြင်ဆင်နေကြ၏။

ဝင်းဖန့်ကို သော်သော်က မိတ်ကပ်ဖို့ပေးနေသလို မယ်ကုဝဏ်က သမီးကို ရေတိုက်နေ၏။ နောက်နာရီဝက်လောက်ဆို မယ်ကုဝဏ် ဒေါသူပုန်ထရင်း မျက်ရည်ဖြိုင်ဖြိုင်ကျရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ဖြစ်၍ ရိုက်ကူးကြ၏။

'Ending Last cut 1, 2, 3, 4 Go'

နန္ဒအထုပ်ထမ်းပြီး နှစ်ယောက်အတူ ပြေးလာကြ၏။ မလှယ်ပေါက် တံခါးသေးမှ ထွက်ပြီး ဆက်အပြေး နန္ဒပုဆိုးနှင့် သံတံခါးမင်းတုန်း ငြိပြီး ပုဆိုးကျွတ်ကျသွားသည်။

'ဟာ'

'ဟိုးထား… ဟိုး… ကတ်…'

'ဟား… ဟား… ဟား… ဟား'

ဘောင်းဘီခံထား၍ ပြဿနာမရှိသော်လည်း နန္ဒအတော်ရှက်သွား၏။ မတတ်နိုင် နောက်တစ်ခေါက် ပြန်ရိုက်ရသည်။

'Ending Last cut take one 1, 2, 3, 4 Go'

နန္ဒနှင့်ဝင်းဖန့်တို့ ပြန်ပြေးလာကြသည်။ တံခါးပေါက်မှ ငုံ့ထွက်ပြီး ကားဆီဆက်ပြေး၏။ ကားနောက်ခန်းသို့ အထုပ်ပစ်တင်သည်။ ရှေ့ခန်းသို့ အသီးသီး ဝင်ထိုင်လိုက်ကြ၏။ ကားတံခါးပိတ်ပြီး စက်နှိုးသံ ထွက်လာသည်။ သို့သော် ကားစက်က နှိုးမလာ။

အဖျက်အမှောင့်ဆိုတာ ဒါမျိုးလား မသိ။

BURMESE CLASSIC .com

* * *

စက်ပြင်ဆရာကို အပြေးအလွှားသွားခေါ်ရသည်။ စက်ဆရာ ပြုပြင်ပြီး (၂)ကြိမ်၊ (၃)ကြိမ် စက်အစမ်းနှိုးကြည့်ကြရပြန်၏။ သေချာပြီဆိုမှ ပြန်ရိုက်ကြရသည်။ ကားမောင်းထွက်သွားပြီး မီးနီလေး ပျောက်သွားသည်အထိ Long shot နှင့်ယူမည်ဟု ကိုဇော်လွန်း အော်ပြော၏။ ဒါတိုင်မင်ကိုက်ထားသော လုပ်ကြံမှုပင် ဖြစ်သည်။

ကားအထွက်ကိုသာ ယူမှာဖြစ်သော်လည်း ဒေါ်ယဉ်ကြည်ရှိနေသဖြင့် ကိုဇော်လွန်းက ကားပေါ်အတက်က စ၍ ပြန်ယူမည်ဟု





ပြော၏။ နန္ဒတို့ ခေါင်းညိတ်လိုက်ကြသည်။ နောက်ဆုံးခန်းကတော့ တကယ်စပါပြီ။

'Ending Last cut take two 1, 2, 3, 4 Go Go တော့'

စကားရစ်အော်သံက ပညာပါသည်။ လူကို Back view နှင့် ယူထားသည်မို့ နန္ဒ အားရပါးရပြုံးရင်း ကားထဲဝင်ထိုင်လိုက်၏။ စက်နှိုးသော သူ့လက်များ နတ်ဝင်သည်လို တုန်နေသည်။

'ဂူး… ဝေါ… ဝေါ'

လွတ်ပြီ၊ ကျွတ်ပြီ ဝင်းဖန့်ကို ပိုင်ဆိုင်ခွင့်ရပြီဟူသော အာမြုံးစိတ်နှင့် လီဗာဘုတ်ပြီး ကလပ်ကို လွှတ်လိုက်၏။ ကားလေးက တစ်ဟုန်ထိုး ဆောင့်ထွက်သွားတော့သည်။

နန္ဒနားထဲတွင် လက်ခုပ်သံများ ဟိန်းထွက်လာတာကို ကြားမိသလို ရှိ၏။ အပျော်အပြုံးများနှင့် နန္ဒက ဝင်းဖန့်အား လှည့်ကြည့်လိုက်သည်။ ဝင်းဖန့်လည်း ပြုံးနေ၏။ သို့သော် ငိုမဲ့မဲ့…

'ကိုယ်တို့ ပဲခူးမှာ ညအိပ်မယ်၊ မနက်မှ တောင်ငူကို ခရီးဆက်ကြတာပေါ့'

ဝင်းဖန့် ဘာမှ ပြန်မပြောသေးဘဲ နန္ဒနားသို့ တိုးကပ်လာကာ ပခုံးစွန်းတွင် ခေါင်းတင်၍ မှီလိုက်၏။

'ဝင်းဖန့်… အခု ပျော်နေတာလား၊ ရင်ခုန်နေတာလား'

'မေမေ့ကို သနားနေတယ် ကို'

'စိတ်ဆိုးလည်း ခဏပါ ဝင်းဖန့်ရယ်၊ သားဦးလေးရမှ သွားကန်တော့ကြတာပေါ့၊ ဟောဒီမှာ အဖေနဲ့ အမေအတွက် မြေးဦးလက်ဆောင် ဆိုပြီးတော့လေ'

'သွား'

'သွားနေတာပဲလေ ဝင်းဖန့်ရဲ့၊ ဘာလဲ ပဲခူးကို မြန်မြန်ရောက်ချင်နေပြီထင်တယ် ဟုတ်လား'

'ကိုနော်…'



www.burmeseclassic.com

www.burmeseclassic.com



နန္ဒပခုံးပေါ်သို့ လက်သီးဆုပ်နုနုလေးများ အဆက်မပြတ် ကြွေကျလာ၏။

နန္ဒကတော့ တဟားဟား ရယ်လျက်။

ရှေ့မီးကြိုးနှစ်လုံး၏ အလင်းရောင်အောက်မှ လမ်းမကြီးက ဖြောင့်လို့ ဖြူးလို့ တစ်မျှော်တစ်ခေါ်။

ခုတော့လည်း ချစ်သူချင်း အမှန်တကယ် ပေါင်းဖက်ခွင့်ရခဲ့ ပြီပဲ မဟုတ်ပါလား။

တန်ခူးလေပြေ



BURMESE CLASSIC .com

www.burmeseclassic.com